# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့်ဖြစ်၏။

ပုပ္ဖဝဂ် (ဓမ္မပဒ - ၅၀)


၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၆)၊ အမှတ် (၁၁၄)


# နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂါရဝပြုဩဝါဒခံယူ

**ရန်ကုန် ဇန်နဝါရီ ၂၁**

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ဂါရဝပြုဩဝါဒခံယူပွဲကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် သက်တော်ဝါတော်ကြီးမြင့်သည့် ဆရာတော်ကြီးများအား ယခုကဲ့သို့ ကျန်းကျန်းမာမာနှင့် အထောက်အကူမပါ သွားလာနိုင်သည်ကို ဖူးမြော်ရသည့်အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရပါကြောင်း၊ သာသနာတော်မြတ်ကြီးအတွက်လည်း များစွာအားရှိပါကြောင်း၊ ယခုကဲ့သို့ ဂါရဝပြုလာရောက်ရခြင်းမှာ အရှင်ဘုရားတို့၏ ဩဝါဒများကို နာကြားခံယူရန်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သင်္ဂဟတရားလေးပါးဖြစ်သည့် ဒါန၊ ပေယျဝဇ္ဇ၊ အတ္ထစရိယာ၊ သမာနတ္တတာတို့နှင့် စပ်လျဉ်း၍ ဩဝါဒချီးမြှင့်တော်မူသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်** (သတင်းစဉ်)

# ၂၀၁၆ ခုနှစ် အကယ်ဒမီအတွက် စာရင်းဝင်ရုပ်ရှင် ၃၃ ကားတွင် ဆန်ခါတင် ၁၀ ကားထဲမှ ထုတ်နုတ်ချီးမြှင့်မည်

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)**

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ၂၀၁၃ ခုနှစ်မှ စတင်ကာ နှစ်စဉ်တာဝန်ယူကျင်းပလျက်ရှိသော မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုချီးမြှင့်ပွဲကြီးကို လာမည့် မတ် ၁၈ ရက်တွင် ၂၀၁၆ ခုနှစ်အတွက် ကျင်းပတော့မည်ဖြစ်ရာ တစ်နှစ်အတွင်း စာရင်းဝင်ရုပ်ရှင်ဇာတ်ကားပေါင်း ၃၃ ကားရှိသော်လည်း အကယ်ဒမီဆုအတွက် ဆန်ခါတင် ၁၀ ကားထဲမှ အကယ်ဒမီထူးချွန်ဆုများကို ထုတ်နုတ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

"၂၀၁၆ ခုနှစ်အတွက် စုစုပေါင်းစာရင်းဝင်တာ ရုပ်ရှင်ဇာတ်ကား ၃၃ ကားရှိတယ်။ အဲဒီထဲကမှ ဆန်ခါတင် ၁၀ ကားကို ပြန်ပြီးတော့ အကဲဖြတ်တွေက စိစစ်ကြည့်နေကြတယ်။ အဲဒီ ဆန်ခါတင် ၁၀ ကားထဲက ပေးမှာဖြစ်ပါတယ်။ ရုပ်ရှင်အကယ်ဒမီဆု သတ်မှတ်ထားတာက ၁၁ ဆု၊ အထူးဆုက တစ်ဆုဆိုတော့ စုစုပေါင်း ၁၂ ဆုပါ။ အဲဒီလို သတ်မှတ်ထားပေမယ့် ဘောင်မဝင်ရင်တော့ ပေးလို့မရဘူး။ ဘောင်ဝင်ပြီး ဆုနဲ့ထိုက်တန်မှ အကဲဖြတ်တွေက ပေးတာဖြစ်ပါတယ်။ အကယ်ဒမီဇာတ်ကားတွေကို စိစစ်တဲ့အခါမှာ

*စာမျက်နှာ ၃ ကော်လံ ၁*




## ငြိမ်းချမ်းရေးဖြစ်စဉ်ကို အထောက်အကူပြုမည့် အမျိုးသားအဆင့်ဆွေးနွေးပွဲများ

လူမျိုးအလိုက် အမျိုးသားအဆင့်ဆွေးနွေးပွဲများကို ကရင်ပြည်နယ် ဘားအံမြို့၌ ဇန်နဝါရီလ ၁၈ ရက်မှ ၂၀ ရက်နေ့အတွင်းကျင်းပပြီးစီးသွားခဲ့ပါသည်။ ပထမအကြိမ် လူမျိုးအလိုက်(ကရင်) ဆွေးနွေးပွဲ၏ ထုတ်ပြန်ကြေညာချက်တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန် အဆင်သင့်ဖြစ်နေသော နေရာများတွင် ပိုမိုကျယ်ပြန့်စွာပြုလုပ်ပေးရန်ကိုလည်း ထည့်သွင်းထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။

ထို့အတူ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း မပြုလုပ်နိုင်သေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ NCA တွင် အမြန်ဆုံး ပါဝင်လက်မှတ်ရေးထိုးရန်အတွက် အစိုးရ၊ တပ်မတော်တို့မှ ပိုမိုလမ်းဖွင့်ပေးရန်လည်းတောင်းဆိုခဲ့သည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ကရင်လူမျိုးများအားလုံးအပါအဝင် တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်သားများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ အတူတကွပါဝင်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာရေး၊ နိုင်ငံရေးယဉ်ကျေးမှုသစ်ဖြင့် သမိုင်းမော်ကွန်းတင်စေကြောင်း လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ကရင်)က ထုတ်ပြန်ခဲ့သည်။

လူမျိုးအလိုက်၊ ဒေသအလိုက် ၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် ဆွေးနွေးပွဲများမှာ NCA စာချုပ်ပါ နိုင်ငံရေးလမ်းပြမြေပုံအရ ဆောင်ရွက်ကြခြင်းလည်းဖြစ်ပါသည်။ ပင်မပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီး ရပ်နားချိန်ကြားကာလများတွင် အဆိုပါအမျိုးသားအဆင့် ဆွေးနွေးပွဲများမှ လူထုအမြင်၊ အဖွဲ့အစည်းအမြင်အားလုံးကို စုစည်းရရှိစေပြီး ပင်မညီလာခံကြီးတွင် တင်သွင်းဆွေးနွေး ဆုံးဖြတ်ကြရန်ဖြစ်သည်။ ကျယ်ပြန့်သော ဒီမိုကရေစီအခြေခံကိုကျင့်သုံးပြီး အသင့်တော်ဆုံးသော ဆုံးဖြတ်ပြဋ္ဌာန်းချက်များရရှိရန် အကောင်းဆုံးလုပ်ငန်းစဉ်ပင် ဖြစ်သည်။

ယခုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ကရင်လူမျိုးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ဘာသာရေးခေါင်းဆောင်များ၊ ဒေသအသီးသီးမှ ကိုယ်စားလှယ်များ၊ လူငယ်၊ အမျိုးသမီး၊ တတ်သိပညာရှင်များ၊ အစိုးရအကြီးအကဲများ၊ သံတမန်များ စုစုပေါင်း ၆၀၀ ကျော် တက်ရောက်ပါဝင်ဆွေးနွေးခဲ့ခြင်းဖြစ်ရာ အားရဖွယ်ကောင်းလှပါသည်။ ယခုဆွေးနွေးပွဲမှ ရလဒ်များအဖြစ် နိုင်ငံရေးကဏ္ဍဆိုင်ရာမှ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံမူနှင့် ပြည်နယ်ဖွဲ့စည်းပုံ လမ်းညွှန်ချက်အခြေခံမူများ၊ စီးပွားရေးဆိုင်ရာမှ ဖက်ဒရယ်စနစ် စီးပွားရေးအခြေခံမူများ၊ လူမှုရေးကဏ္ဍမှ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေး အခြေခံမူများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မြေယာနှင့်သယံဇာတအခြေခံမူများကို ရရှိခဲ့ပြီး ၎င်းတို့ကို (၂၁) ရာစုပင်လုံအဆင့်ဆင့်တွင် ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဒေသအလိုက် အမျိုးသားအဆင့်ဆွေးနွေးပွဲများကို ယခုလ ၂၃ ရက်မှစတင်၍ တနင်္သာရီတိုင်းဒေသကြီးတွင် ဆွေးနွေးရန်ရှိပြီး အကြောင်းအရာအလိုက် အမျိုးသားအဆင့် ဆွေးနွေးပွဲများကျင်းပရန် အရပ်ဘက်အဖွဲ့အစည်းများမှလည်း ကြိုးပမ်းဆောင်ရွက်နေကြသည်ကို ကြားသိရပါသည်။ ငြိမ်းချမ်းရေး တည်ဆောက်သောဖြစ်စဉ်သည် တိုင်းပြည်ကို ပြန်လည်တည်ဆောက်ခြင်းဟူသော အဓိပ္ပာယ်ပါ ပါဝင်နေရာ ဤကျယ်ပြန့်လှသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ တစ်နိုင်ငံလုံးရှိ အဖွဲ့အစည်းပေါင်းစုံ၊ လူထုပေါင်းစုံတို့၏အမြင်များကို စုစည်းရရှိခြင်းမှာ အကျိုးရှိလှသည်ဟု ဆိုနိုင်ပါသည်။

၂၀၁၇ ခုနှစ်သစ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လူငယ်များနှင့် ငြိမ်းချမ်းရေးစကားဝိုင်းဖြင့်ဖွင့်လှစ်ခဲ့ရာ ယခုနှစ်သည် ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်များ အားသွန်ခွန်စိုက်ဆောင်ရွက်ကြသည်ကို တွေ့မြင်ရစရာရှိနေပါသည်။

ယခု မြန်မာ့ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်ကို နိုင်ငံတကာမှ ကူညီမှုများ၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံ၏ ကူညီဆောင်ရွက်မှုများကြောင့် NCA စာချုပ်တွင် အားလုံးပါဝင်လာရေးအလားအလာကောင်းများလည်း မြင်တွေ့နေရသည်။

ထို့ကြောင့် ယခုကျင်းပသော လူမျိုးအလိုက် အမျိုးသားအဆင့် ဆွေးနွေးပွဲများမှသည် စံနမူနာကောင်းများဖြစ်လာပြီး နိုင်ငံတစ်ဝန်းပါဝင်ကျင်းပလာကြမည့် အချိန်သည်လည်း မဝေးလှတော့ဟု ခံစားမိပါကြောင်း တင်ပြရပါသည်။ ။




## ဘာသာပေါင်းစုံ ဆွေးနွေးပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၁**

"ယနေ့လူငယ်များနှင့်မတူကွဲပြားတဲ့ ယုံကြည်သက်ဝင်မှုတွေအကြား အပြန်အလှန်လေးစားစွာချစ်ကြည်ခင်မင်စွာအတူတကွ လူ့အဖွဲ့အစည်းမှာ သဟဇာတရှိဖို့" ခေါင်းစဉ်ဖြင့် ဘာသာပေါင်းစုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ ရက်က မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ ဂျက်ဖာဆန်စင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဂျက်ဖာဆန်စင်တာမှ ဆရာဦးစောကျင်စိန်က မိတ်ဆက်အမှာစကားပြောကြားခဲ့ရာတွင် ဘာသာပေါင်းစုံချစ်ခင်ရင်းနှီးစွာ အတူတကွယှဉ်တွဲနေထိုင်သွားနိုင်ရေး ရည်ရွယ်ချက်ဖြင့် ယခုဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း မိတ်ဆက်ပြောကြားသည်။

ဆက်လက်၍ မြဝတီဆရာတော်က ဗုဒ္ဓဘာသာ၊ ဖာသာ ဦးအေးကျော်က ခရစ်ယာန်ဘာသာ၊ ဆရာဦးကံကောင်းက ဟိန္ဒူဘာသာနှင့် ဆရာဦးဝင်းမြင့်က အစ္စလာမ်ဘာသာအကြောင်းတို့ကိုဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများကလည်း ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## မော်လူးဒေသ ကြံ့တိုင်းအောင် လေးတန်ချောင်းကူးတံတား ပြန်လည်ပြုပြင်

**မော်လူး ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်မော်လူးဒေသ သူရောင်းကျေးရွာသို့ဆက်သွယ်ဆောက်လုပ်ထားသည့် ကြံ့တိုင်းအောင်လေးတန်ချောင်းကူးတံတားသည် ကြံ့ခိုင်မှုမရှိတော့သဖြင့် ဇန်နဝါရီ ၁၈ ရက်က ကျေးရွာဒေသခံများ ကိုယ့်အားကိုယ်ကိုး စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်နေကြကြောင်း သိရသည်။



အဆိုပါတံတားအရှည်မှာ ၃၇၁ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့်ပေ ၂၀ လက်ရန်းတိုင်ပါရှိ၍က အသားတိုင်အသားမျောတိုင်ရက်မ သစ်သားကြမ်းခင်းတံတားဖြစ်ပြီး ၂၀၀၀ပြည့်နှစ် ဧပြီလတွင် ပန္နက်ချစတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၁ ခုနှစ် ဧပြီလတွင် တံတားကို အောင်မြင်စွာဖြင့်ဆောက်လုပ်နိုင်ခဲ့ပြီးငွေကျပ်သိန်း ၃၀ ကုန်ကျခဲ့ကြောင်း သိရသည်။

၂၀၀၇ ခုနှစ်ကသဘာဝဘေးဒဏ်ကြောင့် ကြံ့ခိုင်မှုမရှိတော့သည့်အခြေအနေသို့ ရောက်ရှိခဲ့သဖြင့်ပထမအကြိမ် ပြန်လည် ပြုပြင်ဆောက်ရွက်ခဲ့ရာမှာ ငွေကျပ် ၆၉ သိန်းကျော်ကုန်ကျခဲ့ပြီး ယခု၂၀၁၇ ခုနှစ်၌ ဒုတိယအကြိမ်ကြံ့ခိုင်မှုရှိစေရန် ဇန်နဝါရီ ၁၁ ရက်က လူအင်အား ၆၀ ခန့် ဖြင့်နေ့စဉ် ဆောင်ရွက်ခဲ့ရာ ၂၀ ရက်နှင့်အပြီးဆောင်ရွက်မည်ဖြစ်ပြီး ငွေကျပ်သိန်း ၁၃၀ ခန့်ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ အဆိုပါတံတားသည် အသားတံတားဖြစ်၍ ကြံ့ခိုင်မှုအားနည်းပြီး ပြန်လည်၍ဆောင်ရွက်ပါက ကုန်ကျငွေတန်ဖိုးမှာ တိုးမြင့်လာမည်ဖြစ်၍ တံတားကြံ့ခိုင်မှုရှိစေရန် တာဝန်ရှိသူများထံသို့တင်ပြတောင်းဆိုထားကြောင်း သိရသည်။ ယင်းတံတားပြုပြင်ဆောင်ရွက်နေစဉ်တွင်ဖြတ်သန်းသွားလာသူများအဆင်ပြေစေရန်ယာယီတံတားကိုဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

## သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး ကွင်းဆင်းဆောင်ရွက်

**မြစ်ကြီးနား ဇန်နဝါရီ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးကျန်းမာရေးဦးစီးဌာနတို့မှရပ်ကွက်နေပြည်သူများ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် မြစ်ကြီးနားမြို့ အောင်နန်ရိပ်သာရပ်ကွက်၌ ဇန်နဝါရီ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထို့သိုဆောင်ရွက်ရာတွင် မိခင်နှင့်ကလေးကျန်းမာရေးဦးစီးဌာနမှ ဆရာမဒေါ်ခင်စီနှင့်ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရပ်ကွက်အတွင်းရှိ နေအိမ်များ၊ ရေမြောင်းများ၊ ရေစည်ရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ပေးခဲ့ပြီ အဘိတ်ဆေးများ ခတ်ပေးခဲ့ကြသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၁-၁-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၀ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ · ၄၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၂၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၈၇ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၆၈ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်

**ရန်ကုန် ဇန်နဝါရီ ၂၁**

ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. Mr. John Bercow ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၁ နာရီ မိနစ် ၅၀ က လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

လွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစော၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဇော်ဝင်း၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဦးစိုင်းစန်သိန်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ဝင် ဒေါက်တာ ဒေါ်ရွှေပုံနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်** (သတင်းစဉ်)

# နိုင်ငံသားစိစစ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး ပြည်ထောင်စုဝန်ကြီး ရှင်းလင်းပြောကြား

**ရန်ကုန် ဇန်နဝါရီ ၂၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့ရှိ အစ္စလာမ် ဘာသာရေးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ၈၈-မျိုးဆက် ပွင့်လင်းလူ့အဖွဲ့အစည်းမှ တိုင်းရင်းသားရေးရာအဖွဲ့၊ လွတ်လပ်သော မြန်မာနိုင်ငံရှေ့နေများအသင်း၊ ငြိမ်းချမ်းမှုတည်ဆောက်ရေးကွန်ရက် (PCN)၊ မြန်မာနိုင်ငံဘာသာပေါင်းစုံလူငယ်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီတို့မှ တာဝန်ရှိသူများအားတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူ ဟုတ်/မဟုတ် စိစစ်နိုင်ရန်နှင့် စိစစ်ဆဲကာလအတွင်း မြန်မာနိုင်ငံအတွင်း နေထိုင်သူအဖြစ် အသိအမှတ်ပြုရန် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား(National Verification Card- NV Card) ထုတ်ပေးနိုင်ရေး ဆောင်ရွက်မှု၊ NV Card ကိုင်ဆောင်သူများအား နိုင်ငံသားစိစစ်ဆောင်ရွက်နေမှုနှင့် ကိုင်ဆောင်သင့်သည့်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးဆောင်ရွက်မှု၊ NV Card ကိုင်ဆောင်သူ၏ လိုက်နာရမည့် တာဝန်နှင့် ရရှိနိုင်မည့်အခွင့်အရေးများ၊ NV Card ထုတ်ပေးရန် လိုအပ်သူများနှင့် ထုတ်ပေးရန် မလိုအပ်သူများ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် NV Card ထုတ်ပေးပြီးစီးမှုနှင့် ရခိုင်ပြည်နယ်အတွင်း ထုတ်ပေးဆောင်ရွက်မှု၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များကို အကြံပြုဆွေးနွေးကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် မြန်မာ-မူဆလင် စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ချုပ် နာယက သံအမတ်ကြီး (အငြိမ်းစား) ဦးလှမောင်၊ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဦးအေးလွင်နှင့် တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက နိုင်ငံသားစိစစ်ရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် NV Card ထုတ်ပေးမှုများအပေါ် လုပ်ငန်းကြန့်ကြာမှုများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များ၊ NV Card နှင့် ပတ်သက်၍ သတ်မှတ်ချက်များ၊ ရပိုင်ခွင့်နှင့် အကျိုးကျေးဇူးများ၊ သိရှိသင့်သည့် အချက်များကို ရှင်းလင်းတိကျစွာ ထုတ်ပြန်ပေးနိုင်ရေး၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းသွင်းခြင်း၊ ပြောင်းဝင်/ပြောင်းထွက်ခြင်း လုပ်ငန်းများအား ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ စိစစ်ဆောင်ရွက်ပေးနိုင်ရေး၊ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဝန်ကြီးဌာနနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိုင်ငံသားစိစစ်ရေးလုပ်ငန်းအား လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ဖြေလျှော့မှုနည်းလမ်းများဖြင့် ဆောင်ရွက်ပေးမည်ဖြစ်၍ အဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင်ရေး နိဂုံးချုပ်စကားပြောကြားသည်။

**(သတင်းစဉ်)**

✪ *ရှေ့ဖုံးမှ*

ဒီဇင်ဘာအထိ စောင့်ပြီးတော့ စိစစ်ခဲ့ရတာ။ အခုလောလောဆယ်ကတော့ စိစစ်တဲ့ဟာ ပြီးနေပြီ။ အကဲဖြတ်တဲ့လူတွေက ဒီထဲမှာ ဥပမာဆိုပါတော့ အမှား၊ အမှန်ခြစ်လို့ မရဘူး။ ဘာကြောင့်ရတယ်ဆိုတာ အကြောင်းပြချက် ရေးပေးရသေးတယ်။ အဲဒီစာရွက်တွေက အကဲဖြတ်တွေ လက်ထဲမှာပါ။ ကားတွေကိုလည်း ကြည့်ပြီးပြီ။ လေးငါးခြောက်ကြိမ်လောက် ထပ်ခါထပ်ခါ ကြည့်ရတယ်။ အဲဒီအကဲဖြတ်အဖွဲ့က ပြန်လာရင် ချိတ်ပိတ်ပြီး သိမ်းထားရတာ။ ဆုကတော့ ပေးတဲ့နေ့အထိ ဘယ်နှဆုဆိုတာ ပြောလို့မရဘူး။ ဖောက်လိုက်တဲ့အချိန်မှ သိရတာ။ ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးက လူတွေတောင် ဘယ်နှဆုရမယ်၊ မရဘူးဆိုတာ ကြိုမသိရဘူး”ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် အကယ်ဒမီဆုချီးမြှင့်ပွဲကြီးကို ပြီးခဲ့သော ၂၀၁၃ ခုနှစ်မှ စတင်ကာ ပြန်ကြားရေးဝန်ကြီးဌာနထံမှ လွှဲပြောင်းတာဝန်ယူကျင်းပခဲ့ရာ ၂၀၁၂ ခုနှစ်အတွက် တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်အတွက် တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွက် နှစ်နှစ်ပေါင်း ကျင်းခဲ့သည်က တစ်ကြိမ် စုစုပေါင်း သုံးကြိမ်ကျင်းပခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်အတွက် အကယ်ဒမီဆုချီးမြှင့်ပွဲကြီးကို လေးကြိမ်မြောက် ကျင်းပမည်ဖြစ်သည်။ ယခင်နှစ်များက ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုများအတွက် ဆန်ခါတင်စာရင်းဝင် ရုပ်ရှင်ဇာတ်ကားများကို ကြိုတင်ကြေညာထုတ်ပြန်ခဲ့သော်လည်း ပြီးခဲ့သော ၂၀၁၆ ခုနှစ်က ကျင်းပခဲ့သော ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွက် အကယ်ဒမီထူးချွန်ဆုပေးပွဲမှ စတင်ကာ ဆန်ခါတင်စာရင်းဝင် ရုပ်ရှင်ဇာတ်ကားများကို ကြိုတင်ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိတော့ကြောင်း သိရသည်။

“အကယ်ဒမီဆုအတွက် ဆန်ခါတင်စာရင်းဝင် ရုပ်ရှင်ဇာတ်ကားတွေကို အရင်နှစ်ကလိုပဲ ကြိုတင်ကြေညာတာ မလုပ်တော့ပါဘူး။ အကယ်ဒမီရတာနဲ့ ပတ်သက်ပြီး တချို့က အစည်းအရုံးကို ပြောပေမယ့် အကဲဖြတ်အဖွဲ့ဖွဲ့ထားတာ ၄၂ ဦးရှိတယ်။ အဲဒီထဲမှာ ရုပ်ရှင်အစည်းအရုံးက တစ်ယောက်မှမပါဘူး။ ရုပ်ရှင်အစည်းအရုံးအမှုဆောင်တွေ တစ်ဦးမှမပါဘူး။ အပြင်လူတွေ။ အပြင်လူတွေဆိုပေမယ့် အနုပညာရှင်၊ အတတ်ပညာရှင်တွေပါ။ နာယကတစ်ယောက်ပဲပါတယ်။ သူတို့ဟာ သူတို့ပေး၊ သူတို့ပဲဖောက်။ အစည်းအရုံးက ပွဲသာဖြစ်အောင် လုပ်တာပါ။ ဒါပေမယ့် မသိတဲ့သူကျတော့ အစည်းအရုံးကိုပဲ အပြစ်တင်ကြတာ။ အစည်းအရုံးက ဟိုလူ့ပေးတယ်၊ ဒီလူ့ပေးတယ်နဲ့ အစည်းအရုံးက ပေးလို့ကိုမရဘူး။ ရွေးကြိုမှာလည်း ဒီလိုပဲ။ အစည်းအရုံးကရွေးတာ တစ်ယောက်မှမပါဘူး”ဟု ဆုရွေးချယ်မှုအပိုင်းနှင့် ပတ်သက်၍ ဦးအေးကြူလေးက ထပ်မံရှင်းပြသည်။




**၂၀၁၆ ခုနှစ် ဧပြီ ၃ ရက်က ကျင်းပခဲ့သော မြန်မာ့ရုပ်ရှင် အကယ်ဒမီထူးချွန်ဆုပေးပွဲမြင်ကွင်း** ဓာတ်ပုံ - မင်းထက်

ယခုနှစ် မတ် ၁၈ ရက်တွင် ကျင်းပမည့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် အကယ်ဒမီ ထူးချွန်ဆုပေးပွဲကြီးကို လောလောဆယ်အနေဖြင့် သုဝဏ္ဏကွင်းပြင်၊ ပြည်သူ့ရင်ပြင်နှင့် မြန်မာအီးဗင်းပတ်စ်တို့၌ ကျင်းပရန် လျာထားပြီး စာရင်းဝင် ရုပ်ရှင်ဇာတ်ကားပေါင်း ၃၃ ကားမှ အနုပညာရှင်များ၊ နာယကများနှင့် ရုပ်ရှင်လောကသား စုစုပေါင်း ၃၀၀၀၀ ကျော်ကို ဖိတ်ကြားကာ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

## ညအပူချိန်များ အနည်းငယ်လျော့နည်း

**နေပြည်တော် ဇန်နဝါရီ ၂၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၌ ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

(မိုး/ဇလ)

# နိုင်ငံ့သားကောင်းရတနာမွန်များ ပေါ်ထွန်းလာစေရန် မိမိတို့၏ ကလောင်စွမ်းအားဖြင့် ဆက်လက်ပြုစုပျိုးထောင်

**ရန်ကုန် ဇန်နဝါရီ ၂၁**

၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့သည့် ပညာရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့သော၊ တာဝန်ထမ်းဆောင်လျက်ရှိသော ပညာရေးဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေကဏ္ဍသည် အရေးပါသကဲ့သို့ အသိပညာရှင်၊ အတတ်ပညာရှင်များသည်လည်း နိုင်ငံတော် တည်ဆောက်ရေးတွင် လွန်စွာအရေးပါလှပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်ဆုရရှိခဲ့ကြသည့် ပညာရေးဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ကျင်းပခဲ့ရာတွင် ၂၀၁၃ ခုနှစ်အတွက် စုစုပေါင်း ၁၀ ဦး၊ ၂၀၁၄ ခုနှစ်အတွက် စုစုပေါင်း ၁၉ ဦးနှင့် ယခု ၂၀၁၅ ခုနှစ်အတွက် ချီးမြှင့်ရာတွင် အမျိုးသားစာပေတစ်သက်တာဆုအတွက် နှစ်ဦး၊ အမျိုးသားစာပေဆုအတွက် လေးဦးနှင့် စာပေဗိမာန်ဆုအတွက် ၁၃ ဦး စုစုပေါင်း ၁၉ ဦး ရရှိခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်အတွက် အကျိုးပြုစာကောင်းပေမွန်များကို ရေးသားပြီး အသိပညာဖြန့်ဝေပေးခဲ့ကြသည့် ပညာရေးဝန်ထမ်း စာပေပညာရှင်ကြီးများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ထပ်ဆင့်ဂုဏ်ပြုနိုင်သည့်အတွက်၊ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ရသည့်အတွက် မင်္ဂလာရှိသည့် ဂုဏ်ပြုခြင်းလည်းဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့်၊ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ပညာရေးဝန်ထမ်းများအနေဖြင့် ယဉ်ကျေးလိမ္မာသည့်၊ ကိုယ်ကျင့်တရားကောင်းမွန်သည့်၊ စည်းကမ်းကောင်းမွန်သည့်၊ ဗဟုသုတကြွယ်ဝသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်သည့် နိုင်ငံ့သားကောင်းရတနာမွန်များ ပေါ်ထွန်းလာစေရန် မိမိတို့၏ ကလောင်စွမ်းအားဖြင့် ဆက်လက်ပြုစုပျိုးထောင်ပေးကြစေလိုပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆုရရှိကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ရာ ဆုရရှိကြသူများကိုယ်စားမြန်မာစာအဖွဲ့ အဖွဲ့ဝင် ဆရာကြီးဦးတင်ခက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**(ပညာရေး)**

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်**





# နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ ရသစာပေ အခမ်းအနားကျင်းပရေး ကြိုတင်ပြင်ဆင်

**ရန်ကုန် ဇန်နဝါရီ ၂၁**

နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ ရသစာပေကို လာမည့် ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၄ ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

နိုဘယ်လ်-မြန်မာစာပေပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးမော်လင်းက နိုဘယ်လ်-မြန်မာစာပေပွဲတော် ကျင်းပတာ သုံးကြိမ်ရှိပြီဖြစ်ကြောင်း၊ ပထမအကြိမ်တွင် စာပေနှင့်ငြိမ်းချမ်းရေး၊ ဒုတိယအကြိမ်တွင် ကလေးစာပေပွဲတော်နှင့် ယခုနှစ်တွင် ရသစာပေခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ရသစာပေဆိုသည်မှာ စာဖတ်ချင်စိတ်ရှိသူများ စာဖတ်ခါစလူများကို စာဖတ်ဖြစ်သွားအောင် ဆွဲဆောင်နိုင်သည့် စာပေအမျိုးအစားဖြစ်ကြောင်း၊ စာပေဖွံ့ဖြိုးတိုးတက်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ စာပေဖွံ့ဖြိုးတိုးတက်ရန်၊ ရသစာပေဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပကြောင်း ပြောသည်။

အခမ်းအနားပြင်ဆင်မှုအပိုင်းတွင် အမျိုးသား ဇာတ်ရုံရှေ့၌ စာပေပွဲတော်နှင့် ဈေးရောင်းပွဲတော်ရှိကြောင်း၊ အမျိုးသားဇာတ်ရုံထဲတွင် ဖွင့်ပွဲအခမ်းအနားကို အစီအစဉ်နှစ်ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး စာအုပ်ဈေးခင်းတွင် စာအုပ်အသစ်နှင့် ရှားပါးစာအုပ်ဆိုင်များ ခင်းကျင်းရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကဗျာရွတ်ပွဲ၊ ရသစာဖတ်ဝိုင်း၊ ကာတွန်းပြပွဲ၊ စတုဒိသာများ ကျွေးမွေးရန်ပြင်ဆင်ထားကြောင်းလည်း သိရသည်။ နိုဘယ်လ်-မြန်မာ စာပေပွဲတော်ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းချိုက ရသစာပေနှင့်ပတ်သက်သည့် စာပေစကားဝိုင်းခုနစ်ဝိုင်းရှိပြီး ရသပျိုးခင်းစကားဝိုင်းတွင် ဦးမော်လင်းက ဦးဆောင်ဆွေးနွေးကာ ဆရာမောင်ခင်မင်-ဓနုဖြူ၊ ဆရာသစ္စာနီ၊ ဆရာမြေလတ် မောင်မြင့်သူနှင့် ဆရာငြိမ်းမင်းတို့က ပါဝင်ဆွေးနွေးမည်ဖြစ်ပြီး စကားဝိုင်း၏ ရည်ရွယ်ချက်မှာ လူငယ်တွေ ရသစာပေစိတ်ဝင်စားလာအောင် ရှေ့ကို ဘယ်လိုဖန်တီးကြမလဲဆိုသည့် အစီအစဉ်ဖြစ်ကြောင်း ပြောသည်။

ပွဲတော်တွင် ရှားပါးစာအုပ်အဟောင်းဆိုင် ၂၄ ဆိုင်၊ စာအုပ်အသစ်ဆိုင် ၁၅၀ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်တွင် နံနက်တိုင်း မုန့်ဟင်းခါး စတုဒိသာဖြင့် ကျွေးမွေးညှေ့ခဲ့ပြီး နေ့လယ်ပိုင်းတွင် ဒိုးပတ်ဝိုင်းနှင့် ထမနဲပွဲများ ကျင်းပသွားမည်ဖြစ်ကာ မြန်မာပြည်အနှံ့မှ ကာတွန်းဆရာများ၏ ရသစုံကာတွန်းလက်ရာ ၂၀၀ ကျော်ကို ပြသသွားမည်ဖြစ်သည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ-ရီရီသန့်**




# မြန်မာနိုင်ငံ ရှေ့နေအသင်းရုံးခန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံ ရှေ့နေအသင်းရုံးခန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ် ၁၂၂ ဒုတိယထပ် ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံ ရှေ့နေအသင်းရုံး၌ ကျင်းပရာ မြန်မာနိုင်ငံရှေ့နေအသင်းဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေကြီး ဦးဝင်းစိန်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးစိန်ဝင်း(မြင်းခြံ)၊ ဒုဥက္ကဋ္ဌ(၂) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပတ်ဘလစ် ဦးချစ်ကိုကိုနှင့် အလုပ်အမှုဆောင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရှေ့နေအသင်းရုံးခန်းဖွင့်ပွဲအခမ်းအနားကို နံနက် ၁၁ နာရီတွင် ရန်ကုန်စီးတီးစတားဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံ ရှေ့နေအသင်း ဂုဏ်ထူးဆောင်နာယက ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးအဖွဲ့ဝင်(ငြိမ်း) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပတ်ဘလစ် ဦးမြသိန်း၊ အသင်းဥက္ကဋ္ဌ ဦးဝင်းစိန်၊ ဒုဥက္ကဋ္ဌ ဦးစိန်ဝင်းတို့က အမှာစကားပြောကြားကြသည်။

မြန်မာနိုင်ငံ ရှေ့နေအသင်းတွင် အသင်းဝင် ၆၀၀ ကျော်ရှိပြီး တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်တရားစီရင်ရေးများကို ဝိုင်းဝန်းကူညီဆောင်ရွက်ရေး၊ ဥပဒေပညာပြန့်ပွားရေး၊ ရှေ့နေများနှင့် ဥပဒေပညာကို စိတ်ပါဝင်စားသူများအား ဥပဒေပညာရပ်များ သင်ကြားပို့ချကူညီဆောင်ရွက်ပေးရေးများပြုလုပ်ပေးမည် ဖြစ်သည်။

**ကိုလတ်(သတင်းစဉ်)**

# အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ (အကြို) လူထုတွေ့ဆုံ



**သထုံ ဇန်နဝါရီ ၂၁**

ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ (အကြို) မွန်ပြည်နယ် ပအိုဝ်းလူထုတွေ့ဆုံပွဲကို မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားအလယ်ရွာ တိုက်ကျောင်းဓမ္မာရုံ၌ ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

"NCA စာချုပ်အရ(၂၁) ရာစုပင်လုံညီလာခံအပါအဝင် နိုင်ငံရေးဆွေးနွေးပွဲတွေကျင်းပမယ်။ ဒီလိုကျင်းပတဲ့ လုပ်ငန်းစဉ်တွေထဲမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို တင်သွင်းနိုင်ဖို့အတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ရမယ်။ ပအိုဝ်းတစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲကို လုပ်နိုင်ဖို့အတွက် ကျွန်တော်တို့ အကြိုပြင်ဆင်တဲ့အနေနဲ့ ဒီမှာလာပြီးတော့ ဆွေးနွေးတာပါ"ဟု ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ၊ ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းက ပြောကြားသည်။

ပအိုဝ်း တစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဒေသအသီးသီးမှ ကိုယ်စားလှယ် ၅၀၀ ခန့်ဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၌ ကျင်းပရန်လျာထားပြီး ယင်းဆွေးနွေးပွဲတွင် မွန်ပြည်နယ်မှ ပအိုဝ်းတိုင်းရင်းသားများကိုယ်စား တက်ရောက်ဆွေးနွေးနိုင်ရန် ကိုယ်စားလှယ် ၅၀ ကို အကြိုတွေ့ဆုံပွဲမှ ရွေးချယ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အကြိုတွေ့ဆုံပွဲတွင် NCA ပေါ်ပေါက်လာပုံနှင့် NCA ကိုအခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းက လည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)နှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာပုံကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအဖွဲ့ဝင် ဦးခွန်ထွန်းရွှေက လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကိစ္စရပ်များ၊ တိုင်းရင်းသားအခွင့်အရေးများ၊ အမျိုးသမီးများနှင့် လူငယ်များ၏ အခန်းကဏ္ဍများစသည်တို့ကို ဝိုင်းဖွဲ့ဆွေးနွေးကြကာ တစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲသို့တက်ရောက်မည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ခဲ့ကြသည်။

အဆိုပါ အကြိုဆွေးနွေးပွဲသို့ မွန်ပြည်နယ်အတွင်းရှိ ဒေသအသီးသီးမှ ပအိုဝ်းတိုင်းရင်းသား ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**သက်ဦး(သထုံ)**

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၁

**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ် က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာတွင် အဆွေတော်နှင့် အစိုးရတစ်ဖွဲ့လုံးအပြင် မြန်မာပြည်သူများကို လှိုက်လှဲဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရသည့်အတွက် ဝမ်းသာပါကြောင်း၊ အဆွေတော် ကျန်းမာသုခနှင့်ပြည့်စုံပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စည်ပင်သာယာဝပြောရေး ကြိုးပမ်းမှုများတွင် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

**မွန်ဂိုလီးယားသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ မွန်ဂိုလီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေါ့ဂျ် က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် မင်္ဂလာအပေါင်းနှင့် ခညောင်းသည့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ နက်ရှိုင်းစွာဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ မြန်မာနှင့် မွန်ဂိုလီးယားနှစ်နိုင်ငံ ဆက်ဆံရေးသည် ဆက်လက်အခွန့်ရှည်တိုးတက်မည်ဟု အကြွင်းမဲ့ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံပြည်သူများကြား အပြန်အလှန် အကျိုးကျေးဇူးဖြစ်ထွန်းဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် အာရှ-ပစိဖိတ်ဒေသတွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အဆွေတော် ကာယသုခ စိတ္တသုခ နှစ်ဖြာသောသုခချမ်းသာများနှင့် ပြည့်စုံ ပြီး မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် ဆန္ဒမွန်ကောင်းများ တောင်းလိုက်ပါကြောင်း ဖော်ပြထားပါသည်။

**ဂျပန်နိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် ဂျပန်အစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်ထံသို့ ယခုလို မင်္ဂလာရှိသောအချိန်အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ မြန်မာနိုင်ငံတော်အနေဖြင့် သမိုင်းတွင်မည့် အစိုးရသစ်တစ်ရပ် ပြောင်းလဲဖွဲ့စည်းနိုင်ခဲ့သလို လွန်ခဲ့သောနှစ်က အဆွေတော်အား မြန်မာ့ခေါင်းဆောင်သစ်တစ်ဦးအနေဖြင့် ဂျပန်နိုင်ငံတွင် လက်ခံကြိုဆိုခွင့်ရသည့်အတွက် ဖော်မပြနိုင်အောင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဂျပန်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုရှိသည့် အစိုးရသစ်၏ ကြိုးစားမှုများကိုလည်း အပြည့်အဝ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် အဆွေတော်ကျန်းမာပြီး မြန်မာနိုင်ငံသားများ စည်ပင်သာယာဝပြောစေရန် ဆန္ဒမွန်ကောင်းများတောင်းလိုက်ပါကြောင်း ဖော်ပြထားသည်။



ဇန်နဝါရီ ၂၁ ရက်က တရုတ်နှစ်သစ်ကူးညည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်း တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Hong Liang နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ် (သတင်းစဉ်)

## မရမ်းကုန်းမြို့နယ် စေတနာ့ဝန်ထမ်းများ YBS ယာဉ်လိုင်းစနစ် အတွေ့အကြုံရှင်း

**ရန်ကုန် ဇန်နဝါရီ ၂၁**

မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားရင်ပြင်ပေါ်တွင် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၁ နာရီက YBS စေတနာ့ဝန်ထမ်းများ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည်တို့ တက်ရောက်၍ ကျေးဇူးတင်စကားပြောကြားကြသည်။

မရမ်းကုန်းမြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၀ ရပ်ကွက်ရှိသည့်အနက် စေတနာ့ဝန်ထမ်း ၂၄၀ ကျော်ဖြင့် ကားဂိတ်ပေါင်း ၆၁ ဂိတ်ကို တာဝန်ယူပြီး YBS ယာဉ်လိုင်းစနစ်သစ်ကို ဇန်နဝါရီ ၁၆ ရက်မှ ဇန်နဝါရီ ၁၉ ရက်အထိ ငါးရက်တိုင်တိုင် ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်လိုင်း ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ခရီးသွားပြည်သူတို့ အဆင်ပြေမှု ရှိ မရှိ အခက်အခဲအတွေ့အကြုံများ ရှင်းလင်းဆွေးနွေးခြင်းဖြစ်ကြောင်း လူငယ်တာဝန်ခံ ကိုထွန်းမြတ်မင်းထံမှ သိရသည်။

ဆက်လက်၍ ကိုထွန်းမြတ်မင်းက "ကားဂိတ်တွေမှာ တာဝန်ချထားတဲ့ စေတနာ့ဝန်ထမ်းလူငယ်အချို့ရဲ့ဆောင်ရွက်ပြီး တွေ့ကြုံသိရှိသမျှ အခက်အခဲတွေကို ကျွန်တော်တို့ မှတ်တမ်းပြုစုကာ သက်ဆိုင်ရာကိုတင်ပြမယ်။ သက်ဆိုင်ရာ YBS မော်တော်ယာဉ်ကြီးကြပ်ရေးအဖွဲ့တွေက အလျဉ်းသင့်သလို ပြုပြင်ပြောင်းလဲပေးဖို့ ရည်ရွယ်တွေ့ဆုံဆွေးနွေးကြတာဖြစ်ပါတယ်" ဟု ပြောသည်။

**မျိုးမင်းသိန်း**

*ကျောဖုံးမှ*

အကျဉ်းဦးစီးဌာန၏ ကုန်ထုတ်စခန်းသို့ သွားရောက်လေ့လာခြင်း၊ ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) သို့ သွားရောက်၍ ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူတို့နှင့်တွေ့ဆုံခြင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ သွားရောက်၍ ကော်မရှင်၏ ဆောင်ရွက်နေမှုများနှင့် လူ့အခွင့်အရေးအခြေအနေများကို မေးမြန်းခြင်း၊ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ သွားရောက်၍ ပြစ်ဒဏ်ကျခံနေရသူနှင့် တရားရင်ဆိုင်နေရသူတို့ကို သီးခြားတွေ့ဆုံခြင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ သွားရောက်၍ တာဝန်ရှိသူတို့နှင့် တွေ့ဆုံကာ မြန်မာ့သတင်းမီဒီယာလောက၏ အခြေအနေများအပေါ် မေးမြန်းခြင်း၊ ရခိုင်ပြည်နယ် ခရီးစဉ်တွင် အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့် ဒေသများကို သွားရောက်လေ့လာခြင်း၊ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ဒေသခံများကို သီးခြားစီတွေ့ဆုံခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း ဦးစွာပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် ခရီးစဉ်အတွင်း စစ်ဘေးရှောင်စခန်းများ၌ နေထိုင်လျက်ရှိသော အမျိုးသမီးများနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ယူနိုင်ခွင့်၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများရရှိနိုင်သည့် အခြေအနေ၊ ဇင်းကျိုက်မြို့ရှိ အကျဉ်းဦးစီးဌာန ကုန်ထုတ်စခန်းတွင် အကျဉ်းသားများအနေဖြင့် တင်ပြတိုင်တန်းနိုင်သော စနစ်တစ်ခု ထားရှိသင့်သည့်အခြေအနေများကို ထည့်သွင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ခရီးစဉ်အတွင်း မောင်တောမြောက်ပိုင်းရှိ ကျေးရွာများကို သွားရောက်လေ့လာရာတွင် အဖျက်အမှောင့် ဝါဒဖြန့်ချိမှုများရှိနေပြီး ဒေသခံပြည်သူများ စိုးရိမ်နေမှု၊ လုံခြုံရေးတပ်ဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင် အမြင်တိမ်းစောင်းမှုများမဖြစ်ပေါ်စေရေးအတွက် ထိန်းသိမ်းလုပ်ဆောင်လိုမှု၊ နှစ်ဖက်အသိုက်အဝန်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ တိုးမြှင့်ပေးအပ်နိုင်ရေးတို့အတွက် အစိုးရအဖွဲ့၏ ကတိကဝတ်များနှင့်အညီ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် လူ့အခွင့်အရေးနှင့် ပတ်သက်၍လည်းကောင်း လွတ်လပ်ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်၍လည်းကောင်း ဆောင်ကြဉ်းပေးရန် အစိုးရအဖွဲ့အား တိုက်တွန်းခဲ့ကြောင်း ပြောကြားသည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းချက်များကို မစ္စ ရန်ဟီလီက ပြန်လည်ဖြေကြားသည်။

မစ္စ ရန်ဟီလီသည် ယနေ့ည ၁၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

## ကုန်အမှတ်တံဆိပ် အတု၊ အစစ်နှင့်ပတ်သက်၍ ပညာပေးဆွေးနွေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပသော ကုန်အမှတ်တံဆိပ် အတု၊ အစစ်နှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် INTA (International Trademark Association) မှ Mr. Seth Hays နှင့် မြန်မာနိုင်ငံဥပဒေတွဲ့ရသူများအသင်း ဒုတိယဥက္ကဋ္ဌ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာခင်မာရီတို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး Mr.Seth Hays က မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သောကြောင့် လူထုကို အသိပညာပေးရန် ကုန်ပစ္စည်း အတုနှင့် အစစ် ပညာပေးအစီအစဉ်ကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အင်တာအဖွဲ့ဝင်များက အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအမှတ်တံဆိပ်အတုအပ ပြုလုပ်သည့်ကိစ္စများ၊ ကုန်အမှတ်တံဆိပ် အတု အစစ်နှင့် ပတ်သက်သောဖွင့်ဆိုချက်များနှင့် ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ ဖြစ်ပွားရသောအကျိုးဆက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်တွင်း ပြည်ပ စားသုံးသူများကာကွယ်မှုဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဥပဒေတွဲ့ရသူများအသင်း၏ အထွေထွေအတွင်းရေးမှူး ဖြစ်သော ဦးအောင်ဌေးဦးနှင့် အင်တာမှ အဖွဲ့ဝင်တစ်ဦးတို့က ဆွေးနွေးတင်ပြခဲ့ပြီး မူလကုန်အမှတ်တံဆိပ်ပိုင်ရှင်အား ကာကွယ်သည့် ယှဉ်ပြိုင်မှုဥပဒေနှင့်ပတ်သက်၍ ဦးထိန်လင်း(တရားသူကြီး-အငြိမ်းစား) နှင့် ဒေါ်တင်ဥမ္မာထွန်း (The Law Chambers) တို့က ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို မြန်မာနိုင်ငံ ဥပဒေတွဲ့ရသူများအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အမှတ်တံဆိပ်မူပိုင်ခွင့်အသင်းကြီးတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဥပဒေကျောင်းသား ကျောင်းသူများ၊ လုပ်ငန်းရှင်များ၊ ကုန်ထုတ်လုပ်သူများ၊ ကုန်အမှတ်တံဆိပ်ပိုင်ရှင်များ၊ ကုန်ပစ္စည်းဖြန့်ချိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ ကုမ္ပဏီများရဲ့ ယေဘုယျလိုအပ်ချက်များ

**ဆောင်းပါး - မောင်ဋီကာ**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ အရ ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ရာတွင် ကုမ္ပဏီများမှလိုက်နာရမယ့် လိုအပ်ချက်များစွာ ရှိပါတယ်။ ယင်းသို့ ဥပဒေအရ လိုအပ်ချက်များ သတ်မှတ်ထားရခြင်းက ကုမ္ပဏီရေးရာကိစ္စရပ်များကို ကောင်းမွန်စွာ စီမံခန့်ခွဲမှုရှိစေဖို့နဲ့ အစုရှယ်ယာရှင်များအတွက် ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြောကြားမှု ရှိစေဖို့အတွက် သတ်မှတ်ပြဋ္ဌာန်းပေးထားရခြင်းဖြစ်ပါတယ်။

ကုမ္ပဏီဒါရိုက်တာများနဲ့ မန်နေဂျာများမှ ယင်းလိုအပ်ချက်တွေကို ကောင်းမွန်စွာနားလည်ပြီး လိုက်နာကျင့်သုံးရမှာ ဖြစ်ပါတယ်။ ဥပဒေအရလိုအပ်ချက်များကို လိုက်နာဖို့ပျက်ကွက်ပါက ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ပြီး ကုမ္ပဏီအပေါ် ဥပဒေအရ တာဝန်ရှိလာမှာဖြစ်ပါတယ်။ အချို့သော ကိစ္စရပ်တွေမှာ ဒါရိုက်တာများ ဥပဒေချိုးဖောက်ခြင်းအတွက် ယင်းဒါရိုက်တာများအုပ်ချုပ်တဲ့ကုမ္ပဏီမှ ပေးရန်တာဝန်များဖြစ်ပေါ်နိုင်ပါတယ်။

ယခုဆောင်းပါးမှာ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပါ ဥပဒေအရလိုအပ်ချက်များကို တင်ပြမှာဖြစ်ပါတယ်။ ယင်းဥပဒေအရ လိုအပ်ချက်များကို လက်ရှိမူကြမ်းရေးဆွဲပြီး လွှတ်တော်ကိုတင်ပြထားတဲ့ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေသစ်မှာလည်း ထည့်သွင်းရေးဆွဲထားပါတယ်။ လက်ရှိ အက်ဥပဒေအရသော်လည်းကောင်း အသစ်ရေးဆွဲနေတဲ့ ဥပဒေမူကြမ်းအရသော်လည်းကောင်း ကုမ္ပဏီမှတ်ပုံတင်ရုံးအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA) မှ ဆောင်ရွက်ရပါတယ်။ DICA သည် မြန်မာနိုင်ငံမှ ကုမ္ပဏီများကို မှတ်ပုံတင်ပေးရန်တာဝန်ရှိပြီး ကုမ္ပဏီများမှတင်ပြတဲ့ မှတ်တမ်းများကို မှတ်တမ်းပြုထိန်းသိမ်းရပါတယ်။

မည်သို့ပင်ဆိုစေကာမူ ကုမ္ပဏီများကြား သို့မဟုတ် အစုရှယ်ယာရှင်များကြား ဖြစ်ပွားတဲ့ အငြင်းပွားမှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးဖို့ကိုတော့ DICA က ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် တရားရုံးတွင်သာ ဖြေရှင်းရမှာဖြစ်ပါတယ်။ အထူးသဖြင့် သင်းဖွဲ့စည်းမျဉ်း သင်းဖွဲ့မှတ်တမ်းပါ စည်းကမ်းချက်များကို ဖောက်ဖျက်ပါက ကုမ္ပဏီနှင့် ရှယ်ယာရှင်များအကြား ဖြစ်ပွားတဲ့ ပုဂ္ဂလိကကိစ္စရပ်သာဖြစ်ပြီး တရားရုံးတွင်သာ ဖြေရှင်းရမှာဖြစ်ပါတယ်။

**အစုရှယ်ယာရှင်များရဲ့အထွေထွေအစည်းအဝေး ကျင်းပခြင်း**

ကုမ္ပဏီများဟာ ပြက္ခဒိန်နှစ် တစ်နှစ်လျှင် တစ်ကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတစ်ရပ်ကို ကျင်းပရမှာဖြစ်ပါတယ်။ ကုမ္ပဏီများဟာ ယင်းကုမ္ပဏီကို စတင်ဖွဲ့စည်း တည်ထောင်တဲ့နေ့ရက်မှ ၁၈ လအတွင်းမှာ ပထမဆုံး နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ကျင်းပရမှာဖြစ်ပါတယ်။ နောက်ပိုင်းတွင် ပြက္ခဒိန်နှစ် တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပရမှာဖြစ်ပြီး နောက်ဆုံးအကြိမ် ခေါ်ယူကျင်းပခဲ့သည့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးမှ ၁၅ လ ထက်မပိုသောကာလအတွင်း ကျင်းပရမှာဖြစ်ပါတယ်။ နှစ်ပတ်လည် အထွေထွေအစည်းအဝေးအပြင် အစုရှယ်ယာရှင်များမှ သီးခြားကိစ္စရပ်များအတွက် မဲခွဲဆုံးဖြတ်ရန် လိုအပ်တဲ့အခါ "အထူးအထွေထွေအစည်းအဝေး"ကိုလည်း ခေါ်ယူကျင်းပနိုင်ပါတယ်။

အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများကတော့ ကုမ္ပဏီဖွဲ့စည်းတည်ထောင်တဲ့နေ့မှစ၍ ခြောက်လအတွင်း အစုရှယ်ယာရှင် များပါဝင်တဲ့ အထွေထွေအစည်းအဝေးတစ်ရပ်ကို ကျင်းပရမှာဖြစ်ပြီး ယင်းအစည်းအဝေးကို "ဥပဒေအရ လိုက်နာကျင်းပရသည့် ကုမ္ပဏီအစည်းအဝေး"ဟု ခေါ်ပါတယ်။ ကုမ္ပဏီမှ ယင်းအစည်းအဝေးအတွက် အစီရင်ခံစာ တစ်စောင်ကို ပြုစုရမည် ဖြစ်ပြီး DICA တွင် မှတ်တမ်းထားရှိရမှာဖြစ်ပါတယ်။

**နှစ်ပတ်လည်အစီရင်ခံစာ တင်သွင်းခြင်း**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတိုင်းဟာ နှစ်စဉ်နှစ်တိုင်း နှစ်ပတ်လည်အစီရင်ခံစာ (ပုံစံ-င)ကို DICA သို့ တင်ပြရမှာ ဖြစ်ပါတယ်။

အကယ်၍ ကုမ္ပဏီမှ နှစ်ပတ်လည်အစီရင်ခံစာအား ပထမဆုံးအထွေထွေအစည်းအဝေး ကျင်းပပြီး ၂၁ ရက်အတွင်း တင်ပြရန် ပျက်ကွက်လျှင်သော်လည်းကောင်း ကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်ခြင်းမရှိဟု DICA မှ ကျေနပ်ဖွယ် ယူဆလျှင်သော်လည်းကောင်း ယင်းကုမ္ပဏီကို DICA ၏ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပါတယ်။

**ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများနှင့် စာရင်းများ ထိန်းသိမ်းထားရှိခြင်း**

ကုမ္ပဏီတိုင်းဟာ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများနှင့် စာရင်းများကို အချိန်နှင့်တစ်ပြေးညီ ထားရှိရမှာဖြစ်ပြီး ဒါမှသာ ကုမ္ပဏီရဲ့ လုပ်ငန်းစွမ်းဆောင်မှုနဲ့ ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းတင်ပြနိုင်မှာဖြစ်ပါတယ်။ ယင်းသို့ ဘဏ္ဍာရေးဆိုင်ရာ စာရင်းများအား မှတ်တမ်းရေးသွင်းခြင်းကြောင့် တိကျမှန်ကန်ပြည့်စုံတဲ့ ဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲနိုင်မှာဖြစ်ပါတယ်။ လိုအပ်ပါက စာရင်းစစ်ဆေးမှု ခံယူနိုင်မှာဖြစ်ပြီး အခွန်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ကုမ္ပဏီများအားလုံးတွင် ထိန်းသိမ်းထားရှိရမည့် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများနှင့် စာရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

ကုမ္ပဏီရဲ့ ဝင်ငွေနဲ့ အသုံးစရိတ်များကို သိရှိနိုင်စေမယ့် စုစုပေါင်းလက်ခံရရှိငွေနှင့် သုံးစွဲငွေဆိုင်ရာမှတ်တမ်းများ၊
ကုမ္ပဏီရဲ့ ကုန်ရောင်း၊ ကုန်ဝယ်နှင့် ဝန်ဆောင်မှုဆိုင်ရာ မှတ်တမ်းများ၊
ကုမ္ပဏီရဲ့ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များစာရင်း၊

အခြား ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများဖြစ်တဲ့ ဘဏ်စာရင်းရှင်းတမ်းများ၊ ငွေပေးချေမှုဆိုင်ရာပြေစာများနှင့် ငွေလက်ခံပြေစာများ၊ ငွေသားမှတ်တမ်းများ၊ ဝန်ထမ်းများသို့ လစာပေးချေမှုများနှင့် အခြား ခံစားခွင့်များအတွက် ပေးချေမှုများ၊ ကုန်လက်ကျန်စာရင်းများ၊ အခွန်ပြေစာများနှင့် ဘဏ္ဍာရေးအစီရင်ခံစာ ရေးဆွဲရာတွင် လိုအပ်တဲ့ အခြား အထောက်အထား စာရွက်စာတမ်းများကို ထိန်းသိမ်းထားရှိရန် လိုအပ်ပါတယ်။

ယင်းမှတ်တမ်းများကို DICA မှတ်ပုံတင်ရုံးတွင် ထိန်းသိမ်းထားရှိခြင်း သို့မဟုတ် ဒါရိုက်တာများမှ သင့်တော်သည်ဟုယူဆတဲ့ နေရာတစ်ခုခုတွင်လည်း ထိန်းသိမ်းထားရှိနိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများ ရေးဆွဲခြင်းနှင့် ထိန်းသိမ်းထားရှိခြင်းနှင့်စပ်လျဉ်း၍ သံသယရှိပါက ကုမ္ပဏီဒါရိုက်တာများက ကျွမ်းကျင်ပညာရှင်များထံမှ အကြံဉာဏ်များ တောင်းခံသင့်ပါတယ်။

**ဘဏ္ဍာရေးဆိုင်ရာ စာရင်းများရေးဆွဲခြင်းနှင့် စာရင်းစစ်ဆေးခြင်း**

ကုမ္ပဏီ စတင်ဖွဲ့စည်းတည်ထောင်တဲ့နေ့မှ ၁၈ လအတွင်းနဲ့ နောင်နှစ်များမှာ နှစ်စဉ် တစ်ကြိမ်စီကျင်းပတဲ့ အထွေထွေအစည်းအဝေးမှာ ကုမ္ပဏီကရေးဆွဲထားတဲ့ ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်းနှင့်အတူ စာရင်းစစ်အစီရင်ခံစာတို့ကို အစုရှယ်ယာရှင်များထံ တင်ပြရမှာဖြစ်ပါတယ်။

ဒါ့အပြင် ကုမ္ပဏီဒါရိုက်တာများမှ အမြတ်ဝေစုများ ခွဲဝေခြင်းအတွက် အကြံပြုချက်များပါဝင်တဲ့ ကုမ္ပဏီရေးရာကိစ္စရပ်များ အစီရင်ခံစာ (ဒါရိုက်တာများရဲ့ အစီရင်ခံစာ)ကိုလည်း ပြုစုရမှာဖြစ်ပါတယ်။ ဒါရိုက်တာများရဲ့အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ကုမ္ပဏီဒါရိုက်တာအားလုံးက လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။

အများနှင့်သက်ဆိုင်တဲ့ ကုမ္ပဏီများက လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်း၊ ဒါရိုက်တာများရဲ့အစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို အစုရှယ်ယာရှင်များတက်ရောက်တဲ့ အထွေထွေအစည်းအဝေးမှာ တင်ပြရမှာဖြစ်ပြီး ကုမ္ပဏီအဖွဲ့ဝင်တိုင်းသို့ အစည်းအဝေးမကျင်းပမီ ၁၄ ရက် ကြိုတင်ပြီး ပေးပို့ထားရမှာဖြစ်ပါတယ်။

အများနှင့် သက်ဆိုင်တဲ့ကုမ္ပဏီများဟာ အထွေထွေအစည်းအဝေးမှာတင်ပြခဲ့တဲ့ လက်ကျန်ရှင်းတမ်းနှင့် နှစ်ပတ်လည်အစီရင်ခံစာ(ပုံစံ-င) မိတ္တူတစ်စုံတို့ကို DICA သို့ မှတ်ပုံတင်ရန် ပေးပို့ထားရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ စာရင်းစစ်လိုအပ်ချက်များနဲ့ ဘဏ္ဍာရေးဆိုင်ရာ စာရင်းများအပေါ် ကုမ္ပဏီဒါရိုက်တာများက သံသယတစ်စုံတစ်ရာရှိပါက ကျွမ်းကျင်သူပညာရှင်များထံမှ အကြံဉာဏ်များလည်း ရယူသင့်ပါတယ်။

**မှတ်ပုံတင်ရုံးတွင် ထိန်းသိမ်းထားရှိခြင်းနှင့် ကုမ္ပဏီအမည်ကို အသုံးပြုခြင်း**

ကုမ္ပဏီတိုင်းက မြန်မာနိုင်ငံအတွင်းမှာ မှတ်ပုံတင်လိပ်စာအတိုင်း ရုံးခန်းဖွင့်လှစ်ရမှာဖြစ်ပါတယ်။ သို့မှသာ ကုမ္ပဏီအားလုံးသို့ ဆက်သွယ်ဆောင်ရွက်နိုင်မှာဖြစ်ပြီး ညွှန်ကြားချက်များကိုလည်း ပေးပို့နိုင်မှာဖြစ်ပါတယ်။

ကုမ္ပဏီများက ကုမ္ပဏီရဲ့အမည်ကို အောက်ဖော်ပြပါနေရာများမှာ သိသာထင်ရှားစွာ ဖော်ပြရမှာပဲ ဖြစ်ပါတယ်-

ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ရာရုံးခန်း သို့မဟုတ် တည်ရှိရာနေရာတွင် ကုမ္ပဏီရဲ့ အမှတ်အသားကို အလွယ်တကူ မြင်သာထင်သာရှိစွာဖြင့် ထားရှိရခြင်း။
ကြေညာချက်များ၊ ကြော်ငြာများ၊ အခြားသော တရားဝင်ပုံနှိပ်ဖြန့်ချိမှုများ၊ ကုန်ရောင်းကုန်ဝယ်ပြေစာများ၊ ငွေလက်ခံ ပြေစာများနှင့် DICA မှာ မှတ်တမ်းတင်ထားတဲ့ စာရွက်စာတမ်းများအပါအဝင် အများပြည်သူသိရှိနိုင်ရန်ထုတ်ဝေသည့် အထောက်အထားစာရွက်စာတမ်းများမှာ ဖော်ပြရခြင်း။
ကုမ္ပဏီရဲ့ တံဆိပ်တုံးပေါ်တွင် ဖော်ပြရခြင်း။

**ကုမ္ပဏီမှတ်တမ်းစာအုပ်များနှင့် မှတ်ပုံတင်စာရင်းများ ထိန်းသိမ်းခြင်း**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ကုမ္ပဏီတိုင်းက မှတ်တမ်းစာအုပ်များနှင့် မှတ်ပုံတင်စာရင်းများကို အချိန်နှင့်တစ်ပြေးညီ စာရင်းရေးသွင်းပြီး ထိန်းသိမ်းထားရှိရမှာဖြစ်ပါတယ်။ ကုမ္ပဏီမှတ်တမ်း စာရွက်စာတမ်းများကို DICA ရုံးတွင် မှတ်တမ်းပေးပို့ ထိန်းသိမ်းထားတဲ့အပြင် ကုမ္ပဏီမှလည်း မူရင်းအထောက်အထား စာရွက်စာတမ်းများကို ထိန်းသိမ်းထားဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် အချိန်နှင့်တစ်ပြေးညီ စာရင်းရေးသွင်းရန်လည်း လိုအပ်ပါတယ်။ DICA တွင် မှတ်တမ်းထိန်းသိမ်းသည့် အထောက်အထားများကို မူရင်းသော်လည်းကောင်း၊ မိတ္တူသော်လည်းကောင်း ထားရှိနိုင်ပါတယ်။

ကုမ္ပဏီမှ ဥပဒေအရ ထိန်းသိမ်းထားရမယ့် မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်-

**အဖွဲ့ဝင်များကို မှတ်ပုံတင်ခြင်း (အစုရှယ်ယာမှတ်ပုံတင် ခြင်း)**

အဖွဲ့ဝင်များမှတ်ပုံတင်ရာတွင် အစုရှယ်ယာရှင်များ၏ အမည်များ၊ နေရပ်လိပ်စာများ၊ နိုင်ငံသားနှင့် အလုပ်အကိုင်၊ အစုရှယ်ယာရှင်များပိုင်ဆိုင်တဲ့ အစုအရေအတွက်၊ အစု ရှယ်ယာရှင်တစ်ဦးချင်း ထည့်ဝင်ထားတဲ့ တန်ဖိုးအစု၊ အစု ရှယ်ယာရှင် စတင်မှတ်တမ်းတင်တဲ့ နေ့ရက်နှင့် အစုရှယ်ယာ စွန့်လွှတ်တဲ့နေ့ရက် အစရှိသည်တို့ဖြစ်ပါတယ်။

**ဒါရိုက်တာများအား မှတ်ပုံတင်ခြင်း**

ဒါရိုက်တာများရဲ့ အမည်အပြည့်အစုံ၊ နေရပ်လိပ်စာ၊ နိုင်ငံသားနှင့် လုပ်ငန်းအလုပ်အကိုင်နှင့် အခြားကုမ္ပဏီများ တွင် ဒါရိုက်တာအဖြစ် ပါဝင်နေမှုအခြေအနေများကို မှတ်ပုံ တင်ရမှာ ဖြစ်ပါတယ်။

**ကုမ္ပဏီပိုင်ပစ္စည်းများနှင့် စပ်လျဉ်းတဲ့ အာမခံထားမှုများအား မှတ်ပုံတင်ခြင်း**

အကယ်၍ ကုမ္ပဏီပိုင်ပစ္စည်းများကို အပေါင်ပစ္စည်းအဖြစ်ထားရှိခြင်းနဲ့ အာမခံထားမှုများ ဆောင်ရွက်လျှင် မှတ်ပုံတင် ထားရှိရမှာ ဖြစ်ပါတယ်။

**အစည်းအဝေးမှတ်တမ်းများနှင့် ဆုံးဖြတ်ချက်များ**

အစုရှယ်ယာရှင်များအစည်းအဝေး ဆုံးဖြတ်ချက်များနဲ့ ဒါရိုက်တာများရဲ့အစည်းအဝေးမှတ်တမ်းနဲ့ ဆုံးဖြတ်ချက်များကို ကုမ္ပဏီတွင် ထိန်းသိမ်းထားရပါမယ်။ အစည်းအဝေး မှတ်တမ်းကို အစည်းအဝေးဥက္ကဋ္ဌက လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။

**သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ သင်းဖွဲ့မှတ်တမ်း သင်းဖွဲ့စည်းမျဉ်း မိတ္တူများကို ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ အဆိုပါ သင်းဖွဲ့မှတ်တမ်း သင်းဖွဲ့စည်းမျဉ်းတို့ဟာ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများနှင့် ကုမ္ပဏီတို့အကြား ချည်နှောင်ထားတဲ့ အရေးကြီးတဲ့ စာရွက်စာတမ်းများ ဖြစ်ပါတယ်။ ယင်းအထောက်အထား မှတ်တမ်းပါ အချက်အလက်များကို ပြင်ဆင်လိုပါက အစုရှယ်ယာရှင်များရဲ့ အထူးဆုံးဖြတ်ချက် တင်ပြဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံ ကုမ္ပဏီဥပဒေ(မူကြမ်း)တွင် သင်းဖွဲ့မှတ်တမ်း သင်းဖွဲ့စည်းမျဉ်းအစား "ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း" တစ်ခုတည်းသာ ထားရှိရမှာ ဖြစ်ပါတယ်။

ကုမ္ပဏီများဟာ မြန်မာနိုင်ငံ ကုမ္ပဏီအက်ဥပဒေအရ ယင်းတို့ကိုယ်တိုင် အစုရှယ်ယာရှင်မှတ်ပုံတင်စာရင်းကို ထားရှိရမှာ ဖြစ်ပါတယ်။ DICA မှ ထိန်းသိမ်းထားတဲ့ ကုမ္ပဏီတစ်ခုချင်းစီအတွက် အသေးစိတ်အချက်အလက်များဟာ ကုမ္ပဏီရဲ့ လိုအပ်ချက်အရ ယင်းတို့ကိုယ်တိုင် ထိန်းသိမ်းထားရှိရမယ့် မှတ်ပုံတင်စာအုပ်များနှင့် မှတ်တမ်းများကို အစားထိုးခြင်း မဟုတ်ပါ။

**ဥပဒေအရ လိုအပ်ချက်များ**

ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးတာနှင့်တစ်ပြိုင်နက် ကုမ္ပဏီများဟာ ဥပဒေအရ သီးခြားရပ်တည်တဲ့ အဖွဲ့အစည်းများဖြစ်ပြီး ဆက်လက်ဆောင်ရွက်မယ့် ကိစ္စရပ်များအားလုံးကို ဥပဒေအရ လိုအပ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကုမ္ပဏီများအက်ဥပဒေနှင့် မကြာမီအသက်ဝင်တော့မယ့် ကုမ္ပဏီဥပဒေအသစ်တို့မှာလည်း ကုမ္ပဏီများဟာ စာရင်းများနှင့် မှတ်တမ်းများ ထိန်းသိမ်းထားရှိရန်လိုကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒါရိုက်တာများနဲ့ မန်နေဂျာများဟာ ဥပဒေဆိုင်ရာလိုအပ်ချက်များကို သိရှိနားလည်ရန်လိုအပ်ပြီး လိုက်နာဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေမှာဆိုရင် ကုမ္ပဏီတွေက မိမိလုပ်ငန်းဆောင်ရွက်တဲ့ စီးပွားရေးကဏ္ဍအလိုက် သီးခြားပြဋ္ဌာန်းထားတဲ့ သက်ဆိုင်ရာဥပဒေတွေကိုလည်း လိုက်နာရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ဘဏ်လုပ်ငန်းလုပ်ကိုင်တဲ့ ကုမ္ပဏီတွေက ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများဥပဒေ ၂၀၁၆ ကို လိုက်နာရမှာဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လုပ်ကိုင်တဲ့ကုမ္ပဏီတွေက ငွေချေးသက်သေခံ လက်မှတ်ဥပဒေ ၂၀၁၃ နှင့် ယင်းဥပဒေအရ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း လိုက်နာဖို့ လိုအပ်ပါတယ်။ ယင်းဥပဒေတွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကြီးကြပ်ပြီး ကုမ္ပဏီများမှလည်း အဆိုပါဥပဒေများအရ လိုအပ်ချက်တွေကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ။

**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ သင်းဖွဲ့မှတ်တမ်း သင်းဖွဲ့စည်းမျဉ်း မိတ္တူများကို ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ အဆိုပါ သင်းဖွဲ့မှတ်တမ်း သင်းဖွဲ့စည်းမျဉ်းတို့ဟာ အစုရှယ် ယာရှင်များ၊ ဒါရိုက်တာများနှင့် ကုမ္ပဏီတို့အကြား ချည်နှောင်ထားတဲ့ အရေးကြီးတဲ့ စာရွက်စာတမ်းများ ဖြစ်ပါတယ်။ ယင်းအထောက်အထား မှတ်တမ်းပါ အချက်အလက်များကို ပြင်ဆင်လိုပါက အစုရှယ်ယာရှင်များရဲ့ အထူးဆုံးဖြတ်ချက် တင်ပြဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံ ကုမ္ပဏီဥပဒေ(မူကြမ်း)တွင် သင်းဖွဲ့မှတ်တမ်း သင်းဖွဲ့စည်းမျဉ်းအစား "ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း" တစ်ခုတည်းသာ ထားရှိရမှာ ဖြစ်ပါတယ်**

---

## သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာများ ပညာပေးဟောပြော

**တောင်ငူ ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကြီးမှူး၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက်က တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပခဲ့သည်။ဟောပြောပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲတွင် ပဲခူးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်က သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်၊ မိုးလေဝသအခြေအနေနှင့် ကယ်ဆယ်ရေးသတင်းများ အားလုံးကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဓာန် (DAN)မိုဘိုင်းအပလီကေးရှင်း သုံးစွဲနည်းများကို ပြသခဲ့ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

# ပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော လမ်း၊ တံတားနှင့် အိမ်ရာလိုအပ်ချက်များကို နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးရန်လို

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက်နံနက် ၉ နာရီခွဲက နေပြည်တော် ရုံးအမှတ်(၁၁) ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော လမ်း၊ တံတားနှင့် အိမ်ရာလိုအပ်ချက်များကို နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်ဖြင့် ဝန်ကြီးဌာန၏လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ပြီး အားနည်းချက်၊ အားသာချက်များကိုလည်း ပြန်လည်သုံးသပ်ရန်လိုကြောင်း၊ တူညီသော ပန်းတိုင်ရောက်ရှိရေး အသိအမြင်များ အားလုံး ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ဌာနအနေဖြင့် အရည်အသွေး၊ စံချိန်စံညွှန်း၊ safety အပိုင်းနှင့် လုပ်ငန်းများ စနစ်တကျဆောင်ရွက်ဖို့လိုကြောင်း၊ ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ပြည်သူလူထုသိရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ ဈေးငွေစနစ်ဖြင့် ဝယ်ယူနိုင်ရန် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ မိမိတို့ တာဝန်ယူဆောင်ရွက်သော လမ်း၊ တံတားနှင့် အိမ်ရာစီမံကိန်းလုပ်ငန်းများ တိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရန်လိုကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေး (၁/၂၀၁၇)တွင် တင်ပြသော ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များ၊ Vision, Mission, Strategy များနှင့် ပတ်သက်၍ ပြောကြားသည်။ ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူးများအနေဖြင့် မိမိလုပ်ငန်းတာဝန်ဖြစ်သည့် လမ်း၊ တံတားနှင့် အိမ်ရာစီမံကိန်းလုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ ခေတ်စနစ်နှင့်အညီ လုပ်ငန်းများတိုးတက်အောင်မြင်အောင် အချင်းချင်းပူးပေါင်း ဆောင်ရွက်ရန်၊ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများ၊ ဥပဒေများ၊ နည်းဥပဒေများနှင့် လိုက်နာဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းရေးရာကိစ္စများနှင့် ပတ်သက်၍ ကဏ္ဍအလိုက်အသီးသီး ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအကြို လူထုဆွေးနွေး

**ထားဝယ် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ၏ အစီအစဉ်ဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အကြို လူထုဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။





အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော် **(ယာပုံ)** က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဒုတိယဥက္ကဋ္ဌ ရဲဘော်မျိုးဝင်းက လူထုဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားကာ ထားဝယ်မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဒုတိယဥက္ကဋ္ဌ ရဲဘော်မျိုးဝင်းက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA ) ဖြစ်ပေါ်လာပုံ၊ နိုင်ငံရေးလမ်းပြမြေပုံ ခုနစ်ချက်၊ NCA ၏ အခြေခံမူ ၁၁ ချက်၊ NCA ၏ ဦးတည်ချက်နှင့် ရည်ရွယ်ချက်သုံးချက်၊ နိုင်ငံရေးဆွေးနွေးမှုမူဘောင်သုံးချက်နှင့် နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်များအဆင့်ငါးဆင့်၊ ၂၀၁၆ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ လုပ်ငန်းကော်မတီ ၁၅ ဖွဲ့အကြောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ဆွေးနွေးမည့် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက်တို့နှင့်ပတ်သက်၍ ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံရေးပါတီနှင့်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက သိရှိလိုသည်များကိုမေးမြန်းရာ ABSDF ဒုတိယဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားပြီး တက်ရောက်လာသူများက စားပွဲဝိုင်းဖွဲ့၍ ဖက်ဒရယ်စနစ်နှင့် ပတ်သက်သည့် သဘောထားအမြင်များကို အချင်းချင်း ဖလှယ်ဆွေးနွေးကြကာ ဆွေးနွေးချက်များကို ပြန်လည်စုစည်းပြီး မိမိတို့အဖွဲ့အလိုက် ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)မှ အထွေထွေအတွင်းရေးမှူး -၂ ဦးရဲထွဋ်က ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲ ပထမနေ့ကို ရုပ်သိမ်းလိုက်ကာ ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇန်နဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စာအုပ်ဈေးတန်း စာပေရပ်ဝန်း၌ ပီတိသံများလွှမ်း

**ကိုချစ်**

**ရန်ကုန် ဇန်နဝါရီ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့က စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စာပေအသိပညာ ဗဟုသုတကြွယ်ဝလာစေရေးနှင့် ရေးသူ၊ ဖတ်သူ၊ ထုတ်ဝေဖြန့်ချိသူများ အချင်းချင်း ရင်းနှီးကျွမ်းဝင်ကာ စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးနိုင်ရေး ရည်ရွယ်ကာ ဖွင့်လှစ်ခဲ့သည့် စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်း စာပေရပ်ဝန်းကို တတိယပတ် ငါးရက်မြောက်(စနေ) အဖြစ် ယနေ့ နံနက် ၉ နာရီက ဆက်လက် ဖွင့်လှစ်ခင်းကျင်းပြသရောင်းချသည်။

စာပေမွေ့သူများ၊ စာချစ်သူများအတွက် ဘာသာရပ်မျိုးစုံ၊ စာမျိုးစုံအဟောင်း၊ အသစ် မျိုးစုံခင်းကျင်းပြသရောင်းချသည့် စာအုပ်ဈေးတန်းနေရာမှာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း (မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား)ရှိ ဝန်ကြီးများရုံးရှေ့ ဗဟိုပုံနှိပ်တိုက်စက်ရုံရှေ့ သတင်းနှင့်စာနယ်ဇင်းရုံး (ရန်ကုန်ရုံးခွဲ) ရှေ့နှင့် အနော်ရထာလမ်း (ဗဟိုပုံနှိပ်တိုက်ဘက်ခြမ်း) မျက်နှာစာတို့၌ဖြစ်သည်။

ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို နံနက်ဖွင့်ချိန်မတိုင်မီ စာအုပ်ဆိုင်များ ခင်းကျင်းနေချိန်တွင်ပင် စာပေချစ်သူ၊ စာပေမွေ့သူများတဖွဲဖွဲနှင့် ရောက်နေကြကြောင်း တွေ့ရသည်။ ရုံးပိတ်ရက်၊ အားလပ်ရက်နှင့် တိုက်ဆိုင်နေ၍လည်း ယခင့် ယခင် ရက်သတ္တပတ်ကထက် စာပေချစ်သူ၊ စာပေမွေ့သူများ ပိုမိုများပြားလာသည်ကို တွေ့ရသည်။ ရဟန်း၊ သံဃာတော်များ၊ သီလရှင်များအပြင် နိုင်ငံခြားသားများပါ စာအုပ်စာပေများ လာရောက်ရှာဖွေနေသည်ကို တွေ့ရသည်။ စာပေရပ်ဝန်း စာအုပ်ဈေးတန်းတစ်လျှောက်၌လည်း စာချစ်သူများ၏ စာပေပီတိသံများ လွှမ်းမိုးပျံ့နှံ့နေသယောင် ထင်ရသည်။

"မြန်မာစာပေဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူပြုတဲ့ စာအုပ်ဈေးတန်းလေးလို့မြင်ပါတယ်။ လူငယ်တွေ စာအုပ်စာပေအပေါ် စိတ်ဝင်စားမှုရှိလာတာရယ်၊ စာအုပ်တွေကို ရှာရဖွေရကောင်းမှန်းသိလာတာရယ်၊ သူတို့အတွက် တန်ဖိုးရှိပါတယ်။ မြန်မာပြည်ရောက်ရင် စာအုပ်ကောင်းတွေ ရှာဖွေတတ်တဲ့ နိုင်ငံခြားသားစာပေသမားတွေအတွက် စာပေတိုက်နဲ့ စာအုပ်ဆိုင်တွေ တစုတဝေးတည်း ဆိုင်ခင်းရောင်းချတဲ့ ဒီနေရာလေးကိုသဘောကျကြမှာပါ။ ဒီရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းဖွင့်တာကို စာပေရပ်ဝန်းအတွက် ပီတိဖြစ်မိပါတယ်"ဟု လမ်းမတော်မြို့နယ် သရက်တောတိုက် သာသနောဒယကျောင်းတိုက်မှ အရှင်ဥေယျက ပီတိစကားမိန့်ကြားသည်။

"သားက အလုံမြို့နယ်ကပါ။ စာအုပ်ဈေးတန်းရှိတာကို မနေ့ကမှ သိရတယ်။ ကျောင်းစာနဲ့ပတ်သက်တဲ့ စာအုပ်တွေ၊ လူငယ်ပြုပြင်ရေးဆိုင်ရာစာအုပ်တွေ တစ်နေရာတည်း စုစုဝေးဝေးရှိတယ်။ ဝယ်လို့ရတယ်ဆိုတာကို ဆရာမတွေ ပြောပြလို့ သိရတယ်။ ဒီနေ့ကျောင်းပိတ်ရက်မို့ ရောက်တာပါ။ အရင်က စာအုပ်ဆိုင်ဆိုတာ မရောက်ဖူးဘူး။ အခု တစ်နေရာတည်းမှာ စိတ်ကြိုက်စာအုပ်ရှာဝယ်လို့ရတယ်ဆိုတာ သိရလို့ နောက်တစ်ပတ်မှာ လာပါဦးမယ်။ ဒီစာအုပ်ဈေးတန်းလေး ရှိတာ ကောင်းပါတယ်၊ ဝမ်းသာပါတယ်"ဟု ကျောင်းသားငယ်တစ်ဦးက ပြောသည်။

စာပေပီတိသံလွှမ်းသည့် စာအုပ်ဈေးတန်းတွင် တိုက်ရိုက်ရောင်းချသည့် စာပေတိုက်များ၊ စာပေတိုက်ပေါင်းစုံမှ စာအုပ်များကို တစုတဝေးတည်း စုစည်းရောင်းချသည့် စာအုပ်ဆိုင်များ အပါအဝင် စာအုပ်ဆိုင်ခန်းပေါင်း ၁၇၀ ကျော်ရှိသည်။ ယင်းစာအုပ်ဆိုင်များတွင် စာအုပ်အသစ်၊ အဟောင်းများ၊ ရှားပါးသည့် သမိုင်းဝင်စာအုပ်များ၊ မှတ်တမ်းဓာတ်ပုံများ၊ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ သုတ၊ ရသစာအုပ်များ၊ ဆေးပညာဆိုင်ရာစီဒီခွေများ၊ မြန်မာအနုပညာပစ္စည်း အသစ်/အဟောင်းဆိုင်များ၊ မြန်မာအနုပညာရုပ်သေးရုပ်၊ ဇီးကွက်၊ ပစ်တိုင်းထောင်၊ မြင်းရုပ်၊ ဆင်ရုပ်စသည်များ၊ ပေါင်သွင်းပြီးလက်ရေးပန်းချီကားများ၊ မြန်မာမှုစာတန်းများ ရိုက်နှိပ်ထားသည့် စပို့ရှပ်များ၊ လွယ်အိတ်မျိုးစုံတို့ကို တစုတဝေးတည်း ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချရာတွင် စာအုပ်အသစ်ဆိုလျှင် ၁၀ ရာခိုင်နှုန်းလျှော့၊ ၂၀ ရာခိုင်နှုန်းလျှော့၊ တစ်အုပ်လျှင် နှစ်ရာ၊ သုံးအုပ် ငါးရာ၊ တစ်အုပ် ငါးရာ၊ တစ်ထောင် စသည်ဖြင့် စာအုပ်အမျိုးအစားအလိုက် လွတ်လပ်စွာ ရောင်းချပေးခြင်းဖြင့် စာချစ်သူ၊ စာမွေ့သူများကြား ဝမ်းသာပီတိစကားများက စာအုပ်ဈေးတန်းဝန်းကျင်တွင် လွှမ်းမိုးလျက်ရှိသည်။

အဆိုပါ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ၂၀၁၇ ခုနှစ် ပွင့်လင်းရာသီကုန် ဧပြီလထိ အပတ်စဉ် ရုံးပိတ်၊ ကျောင်းပိတ်သည့် (စနေ၊ တနင်္ဂနွေ)နေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း စာချစ်သူ၊ စာမွေ့သူများ စာပေပန်းခင်းတွင် လာရောက်အပန်းဖြေနိုင်ပါကြောင်း အသိပေးလိုက်ရပါသည်။

**စာအုပ်အသစ်ဆိုလျှင် ၁၀ ရာခိုင်နှုန်းလျှော့၊ ၂၀ ရာခိုင်နှုန်းလျှော့၊ တစ်အုပ်လျှင် နှစ်ရာ၊ သုံးအုပ် ငါးရာ၊ တစ်အုပ် ငါးရာ၊ တစ်ထောင် စသည်ဖြင့် စာအုပ်အမျိုးအစားအလိုက် လွတ်လပ်စွာ ရောင်းချပေးခြင်းဖြင့် စာချစ်သူ၊ စာမွေ့သူများကြား ဝမ်းသာပီတိစကားများက စာအုပ်ဈေးတန်းဝန်းကျင်တွင် လွှမ်းမိုးလျက်ရှိ**

# အင်ဒိုနီးရှားနိုင်ငံအစိုးရက လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှု ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းလက်ခံ




ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်သည့် အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် အင်ဒိုနီးရှားနိုင်ငံ အစိုးရကိုယ်စား မဒမ်ရပ်နီးအယ်(လ်) ပီမာဆူဒီတို့ လက်မှတ်ရေးထိုးကြစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံတော်အစိုးရက ချမှတ်ထားသော မူဝါဒနှင့်အညီ အင်ဒိုနီးရှားနိုင်ငံအစိုးရက ထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားသည့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မဒမ်ရပ်နီးအယ်(လ်) ပီမာဆူဒီက လှူဒါန်းရသော အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် လှူဒါန်းပစ္စည်းများနှင့် ပတ်သက်သည့် လွှဲပြောင်းလက်ခံ မှတ်တမ်းတွင် နိုင်ငံတော်အစိုးရကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် အင်ဒိုနီးရှားနိုင်ငံ အစိုးရကိုယ်စား မဒမ်ရပ်နီးအယ်(လ်) ပီမာဆူဒီတို့က လက်မှတ်ရေးထိုးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(အောက်ပုံ)**

အဆိုပါ လှူဒါန်းပစ္စည်းများမှာ အဝတ်အထည် ၁၀၀၀၀၊ ခေါက်ဆွဲခြောက်ထုပ် ဖာ ၁၅၀၀၊ ကလေးအစားအစာ သေတ္တာ ၁၀၅၀၊ ဂျုံအိတ် ၉၂၀ တို့ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် စစ်တွေမြို့နယ် လက်မခြေ ကျေးရွာနှင့် သက္ကယ်ပြင်ရွာမကျေးရွာတို့၌ အင်ဒိုနီးရှားနိုင်ငံမှ လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သော PKPU အဖွဲ့က လှူဒါန်းသည့် မူလတန်းစာသင်ကျောင်း နှစ်ကျောင်း လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်သည်။

ယင်းနောက် မင်းဂံရပ်ကွက်ရှိ ရခိုင်ပြည်နယ် အဘေစီဖောင်ဒေးရှင်းက တည်ထောင်ထားသော ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးဌာနသို့ သွားရောက်ကြည့်ရှုလေ့လာပြီး ကလေးငယ်များအတွက် အစားအစာနှင့် အလှူငွေများကို ပေးအပ်သည်။

**(သတင်းစဉ်)၊ ဓာတ်ပုံ-စံမြတ်ရွှေ**




# ငါးဖမ်းလှေမှ ထွက်ပြေးလာသူတစ်ဦးကို အလုပ်သမားသံအရာရှိနှင့် FAR အဖွဲ့တို့ ပူးပေါင်း၍ မြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်

**ဗန်ကောက် ဇန်နဝါရီ ၂၁**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ တောင်ဘက် ကီလိုမီတာ ၈၀ ကျော်အကွာရှိ ခြံဘူရီခရိုင် ချောင်းစမေးစံ စူဝစ်လှေဆိပ်မှ ထွက်ပြေးလာသော အသက် ၄၀ အရွယ် မြန်မာနိုင်ငံသားတစ်ဦးကို ထိုင်းနိုင်ငံအတွင်းရှိ ကျန်းမာရေးအခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ တည်ဆောက်ရေးအဖွဲ့အစည်း(FAR)က ကယ်တင်ထားပြီး အလုပ်သမား သံအရာရှိနှင့်ပူးပေါင်းကာ ဇန်နဝါရီ ၂၁ ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း ထိုင်းနိုင်ငံအတွင်းရှိ ကျန်းမာရေးအခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ တည်ဆောက်ရေးအဖွဲ့အစည်း (FAR) မှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂ ရက်က လှေဆိပ်မှ ထွက်ပြေးလာသောအဆိုပါ မြန်မာအလုပ်သမား၌ ပန်းရောင်ကတ်(သက်သေခံကတ်ပြား)ရှိသော်လည်း လှေဦးစီးက ယူထားကြောင်း၊ ၎င်းထွက်ပြေးလာခိုက် ခြေဦးတည့်ရာလျှောက်သွားရာမှ ယခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ထိုင်းနိုင်ငံရှိတပ်မတော်သားတစ်ဦးက ဖမ်းဆီးကာ ရဲစခန်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ယင်းရဲစခန်းမှ တာဝန်ရှိသူများက ကျန်းမာရေးအခွင့်အရေးနှင့်အလုပ်သမားအခွင့်အရေးဆိုင်ရာတည်ဆောက်ရေးအဖွဲ့အစည်း (FAR) အဖွဲ့ထံ ဆက်သွယ်အကူအညီတောင်းသဖြင့် အဆိုပါအဖွဲ့က ခေါ်ယူစောင့်ရှောက်ပေးထားကြောင်း ကျန်းမာရေးအခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ တည်ဆောက်ရေးအဖွဲ့အစည်း (FAR) မှ မသန္တာထွန်းက ပြောကြားသည်။

အဆိုပါ ထွက်ပြေးလာသူမှာ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ထနောင်းပင်းဝန်ကျေးရွာ၌ နေထိုင်သော ဦးကျော်စိုးဖြစ်ပြီး ဘုရားသုံးဆူ နယ်မြေသို့ သွားရောက်အလုပ်လုပ်ကိုင်ရာမှ ပွဲစားများ၏ ဆက်သွယ်ပေးမှုဖြင့် ငါးဖမ်းလှေသို့ ရောက်ရှိသွားကြောင်း၊ ငါးဖမ်းလှေ၌ ခုနစ်လခန့် အလုပ်လုပ်ကိုင်ခဲ့ပြီး အလုပ်ဒဏ်ကြောင့် စိတ်ဓာတ်ကျကာ ငါးဖမ်းလှေပေါ်မှ ပင်လယ်ထဲသို့ခုန်ချရန် ကြံစည်ခဲ့သဖြင့် လုပ်ဖော်ကိုင်ဖက်များက ကယ်ဆယ်ခဲ့ကြောင်း ၎င်းက ကျန်းမာရေးအခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ တည်ဆောက်ရေးအဖွဲ့အစည်း (FAR) သို့ ပြောကြားသည်။

ထိုင်းနိုင်ငံအတွင်းရှိ ခြံဘူရီအခြေစိုက် ရွှေမြန်မာလူမှုကူညီရေးအဖွဲ့ကလည်း လှေဆိပ်မှ ထွက်ပြေးလာသော အဆိုပါမြန်မာအလုပ်သမား ဦးကျော်စိုးအား ဘတ်ငွေ ၂၆၄၀ နှင့် စားသောက်စရာများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း (SP)**

# လက်ဖက်ခြံအတွင်း အလုပ်လုပ်နေစဉ် မိုင်းပေါက်ကွဲ၍ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရရှိ

**သီပေါ ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အုံမုကျေးရွာအုပ်စု မန်လွယ်ကျေးရွာ လက်ဖက်ခြံအတွင်း ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီက လုပ်ငန်းခွင်ဝင်နေစဉ် မိုင်းပေါက်ကွဲမှုဖြစ်ပွားရာ မန်လွယ်ကျေးရွာနေ ပလောင်တိုင်းရင်းသူတစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

မိုင်းစထိမှန်ဒဏ်ရာများကြောင့် နန်းအေးဦး(၂၀နှစ်)မှာ ဆေးရုံအရောက်တွင်သေဆုံးသွားပြီး နန်းအေးနောင့်(၁၅နှစ်)နှင့် နန်းဆိုင်ဟွမ် (၁၃နှစ်) တို့၌ ဒဏ်ရာများရရှိခဲ့ကာ မြို့နယ်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက လူနာတင်ယာဉ်များဖြင့် သွားရောက်သယ်ဆောင်ခဲ့ပြီး မြို့နယ်ဆေးရုံအုပ် ဆရာဝန်ကြီး ဒေါက်တာ လှထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးပြုစုစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# လယ်ယာကဏ္ဍမြင့်မားရေးအတွက် စက်ပစ္စည်းများနှင့်ချေးငွေများထုတ်ချေးပေး

**ပုဏ္ဏားကျွန်း ဇန်နဝါရီ ၂၁**

စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍတွင် လက်ရှိစိန်ခေါ်မှုများ လုပ်သားရှားပါးခြင်းနှင့် ကျွဲနွားအခက်အခဲပြဿနာကို တစ်ဖက်တစ်လမ်းကဖြေရှင်းပေးနိုင်ရန် မြန်မာ့လယ်ယာကဏ္ဍအဆင့်မြှင့်တင်ရေး အစီအစဉ်အရ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစား အရင်းအနှီးချေးငွေဖြင့် လယ်ယာသုံး စက်ပစ္စည်းများနှင့် ချေးငွေထုတ်ပေးခြင်းတို့ကို သမဝါယမဦးစီးဌာနအဆင့်ဆင့်၏ စီမံဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်က ပုဏ္ဏားကျွန်းမြို့နယ် ပဒေသာကျေးရွာရှိ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းဘက်စုံခြံအတွင်း၌လယ်ယာသုံးစက်ပစ္စည်းများနှင့် ချေးငွေထုတ်ပေးခြင်းအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးလှသာထွန်းတို့ တက်ရောက်ပြီး ချေးငွေများနှင့် လယ်ယာသုံးစက်ကိရိယာထွန်စက် ၁၅ စီးကို ပေးအပ်ရာ ရွှေဝါမြေ၊ ရွှေဦးရာဇ်၊ အောင်ရတနာ၊ ပြည့်ဖြိုးအောင်၊ မြရတနာစသည့်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းငါးသင်းမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **လှဘော်သူ**

# ထပ်မံရောက်ရှိလာသော စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြစ်ကြီးနား ဇန်နဝါရီ ၂၁**

ကချင်ပြည်နယ်အတွင်း တပ်မတော်နှင့် KIA/KIO တို့အကြား တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် နေရပ်စွန့်ခွာထွက်ပြေး ထပ်မံရောက်ရှိလာသည့် ပြည်သူများအား ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီက ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီက ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ ကေဘီစီစစ်ဘေးရှောင်စခန်း၌ ကျင်းပသည်။



အစိုးရထိန်းချုပ်နယ်မြေနှင့်ထိန်းချုပ်နယ်မြေမဟုတ်သောကျေးရွာ ခြောက်ရွာမှ ပြောင်းရွှေ့လာပြီး ဇန်နဝါရီလ တတိယပတ်တွင် ထပ်မံရောက်ရှိလာသော မိသားစု ၂၄ စု လူဦးရေ ၉၂ ဦး အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဂဲနက်စ်က ထောက်ပံ့ပစ္စည်း ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အိမ်ထောင်စုတစ်စုလျှင် ကာလတန်ဖိုးငွေကျပ် ၁၅၀၀၀၀ ရှိ ရေသန့်ဘူးတစ်ပုံး မိသားစုသုံးပစ္စည်း Family Kit Set တစ်ပုံး၊ Higiene Kit တစ်ပုံး စီတို့ကို ဦးဂဲနက်စ်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ စစ်ဘေးရှောင်ပြည်သူများ ကလက်ခံယူကြသည်။

အလားတူ ဝိုင်းမော်မြို့နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းသို့ ဇန်နဝါရီလ တတိယပတ်က ထပ်မံရောက်ရှိလာကြသော အာစီစစ်ဘေးရှောင်စခန်းမှမိသားစု ၂၆ စု လူဦးရေ ၁၂၆ ဦး၊ သဂရသရက်တောစစ်ဘေးရှောင်စခန်းမှ အိမ်ထောင်စု ခြောက်စု လူဦးရေ ၂၂ ဦး၊ သဂရလီဆူအိမ်ထောင်စုတစ်စုမှ လေးဦး၊ မဒိန်စစ်ဘေးရှောင်စခန်းနေ အိမ်ထောင်စုသုံးစုမှ ၁၀ ဦးတို့အား ထပ်မံသွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# ငြိမ်းချမ်းရေးအတွက် လက်တွေ့ရှုမြင်သုံးသပ်ချက်များရရှိနိုင်ရန် ငြိမ်းချမ်းရေးအတွက် အားကောင်းခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ငြိမ်းချမ်းရေးအတွက် လက်တွေ့ရှုမြင်သုံးသပ်ချက်များ ရရှိနိုင်စေရန် "ငြိမ်းချမ်းရေးအတွက် အားကောင်းခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖိုရမ်"အမည်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ Melia ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် ဖိုရမ်အား စီစဉ်ကျင်းပသည့် မဟာဗျူဟာလေ့လာရေးအဖွဲ့အမှူဆောင် ဒါရိုက်တာ ဒေါက်တာနိုင်ဆွေဦးနှင့် Center for Humanitarian Dialogue မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဒေါက်တာနိုင်ဆွေဦးက "ငြိမ်းချမ်းရေးအတွက် အားကောင်းခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံအစိုးရရဲ့ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ပကတိအခြေအနေမှန်နဲ့ ယှဉ်တဲ့၊ မဟာဗျူဟာနဲ့ယှဉ်တဲ့ ရှုမြင်သုံးသပ်ချက်တွေ ထွက်ပေါ်လာဖို့ပဲ ဖြစ်ပါတယ်။ လက်တွေ့အခြေအနေနဲ့ယှဉ်တဲ့ ရှုမြင်သုံးသပ်ချက်တွေ ထွက်ရှိလာမှသာလျှင် ငြိမ်းချမ်းရေးအတွက် အဖြေထွက်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ငြိမ်းချမ်းရေးအတွက် အားကောင်းခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တွင် စာရေးဆရာ ဦးကျော်ဝင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် PNLO ဦးဆောင်နာယက ခွန်ဥက္ကာ၊ မြန်မာနိုင်ငံအရေးကျွမ်းကျင်သူ ဦးကိုကိုလှိုင်၊ တရုတ်ရေးရာကျွမ်းကျင်သူ Ms. Yun Sun ၊ အရှေ့တောင်အာရှရေးရာကျွမ်းကျင်သူ Ms. Mary Callaha ၊ ငြိမ်းဖောင်ဒေးရှင်း ဒါရိုက်တာ ဂျာနန်လထော်တို့က မြန်မာနိုင်ငံမြောက်ပိုင်း၌ လက်ရှိဖြစ်ပွားနေသော အခြေအနေများကို ဖြေရှင်းခြင်းအပါအဝင် မြန်မာအစိုးရ၏ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ မှတ်တိုင်များ၊ စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် စာရေးဆရာဦးကျော်ဝင်းက "လက်နက်ကိုင်အဖွဲ့အားလုံး NCA လက်မှတ်ထိုးစေချင်တယ်။ တိုက်ပွဲတွေဆိုတာ ဖြစ်တတ်ပါတယ်။ တကယ်လို့ NCA လက်မှတ်ထိုးထားရင် တိုက်ပွဲတွေဖြစ်ပွားတဲ့အခါ ဘယ်လိုဆက်လက် ဖြေရှင်းရမယ်ဆိုတဲ့ နည်းလမ်းတွေ NCA မှာပါတယ်။ အဲဒီအတိုင်းဆက်ရှင်းသွားရုံပဲ။ NCA လက်မှတ်မထိုးထားတဲ့ အဖွဲ့တွေနဲ့ တိုက်ပွဲဖြစ်တဲ့အခါကျတော့ ဘယ်လိုဆက်လက် ဖြေရှင်းမယ်ဆိုတဲ့ mechanism ပျောက်နေတယ်။ ဒါကြောင့် NCA ကို အဖွဲ့အားလုံးလက်မှတ်ထိုးစေချင်တယ်" ဟု ဆွေးနွေးသည်။

ငြိမ်းဖောင်ဒေးရှင်း ဒါရိုက်တာ ဂျာနန်လထော်က မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ဖက်ဒရယ်စနစ်ကူးပြောင်းရေးလမ်းစဉ်ကို သွားနေကြောင်း၊ တပ်မတော်က အဆိုပါလမ်းစဉ်များကို အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ လက်ရှိတွင် တစ်ဦးနှင့်တစ်ဦး ချဉ်းကပ်ပုံမတူညီ၍ အခက်အခဲများရှိနေသည်ဟု သုံးသပ်မိကြောင်း၊ တိုင်းရင်းသားအရေးနှင့် ဒီမိုကရေစီအရေး မည်သည့်ကိစ္စကို ဦးစားပေးအရင်လုပ်မည်ဆိုသည့်အချက်ကို စဉ်းစားရန်လိုကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ထိုးရေးသည် အားလုံးအတွက် ဘုံသဘောထားဖြစ်ပါကြောင်း၊ NCA တွင် ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံး ပါဝင်ရေးသဘောထားကို ထားရှိသည်ဟု သုံးသပ်မိပါကြောင်း၊ အားလုံးမပါဝင်နိုင်သည့်အတွက် အခက်အခဲရှိနေခြင်းဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ တရုတ်ရေးရာကျွမ်းကျင်သူ Ms. Yun Sun က "ငြိမ်းချမ်းရေးကို တပ်မတော်နဲ့ NLD က ဦးဆောင်နေတဲ့ကာလမှာ ရရှိစေလိုပါတယ်။ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးဖြစ်စဉ်က လက်ရှိမှာအောင်မြင်မှုရဖို့ ခက်ခဲနေသေးပေမယ့် အားလုံးညှိနှိုင်းဆောင်ရွက်နိုင်စေလိုပါတယ်။ NCA ကို မပွန်းမပဲ့စေဘဲ လက်မှတ်ထိုးဖို့ အားလုံးပါဝင်စေလိုပါတယ်။ လက်ရှိမှာ တရုတ်အနေနဲ့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရဖို့ လိုလားပါတယ်။ မနှစ်ကစပြီး တရုတ်နိုင်ငံအနေနဲ့ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပိုမိုတက်ကြွစွာ ပါဝင်နေတယ်လို့ သုံးသပ်မိပါတယ်" ဟု ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲတွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် PNLO ဦးဆောင်နာယက ခွန်ဥက္ကာက "ငြိမ်းချမ်းရေးအတွက် အားကောင်းခိုင်မာတဲ့ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကတော့ လုပ်သင့်လုပ်ထိုက်တဲ့အချိန်မှာ အချိန်ကိုက်လုပ်တာပါပဲ။ ဒီနှစ် နှစ်ဦးမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးနှစ်ဖြစ်ရမယ်ပြောတယ်။ ကျွန်တော်တို့ကိုယ်၌ကလည်း အောက်ခြေအထိ ကွင်းဆင်းလုပ်နေတဲ့သူတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လုပ်နေတဲ့ အချိန်မှာ ချို့ယွင်း အားနည်းချက်တွေ မမြင်ဘူး။ နိုင်ငံတကာပညာရှင်တွေ၊ ပြည်တွင်းပညာရှင်တွေက သူတို့မြင်တဲ့ အမြင်တွေကို ပြောပြခြင်းအားဖြင့် အကျိုးရှိပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်နေတဲ့ အစိုးရရယ်၊ တပ်မတော်ရယ် ပူးပေါင်းဆောင်ရွက်မှုတွေလည်း ပိုမိုအားကောင်းလာမယ်လို့ မြင်ပါတယ်။

"နိုင်ငံရေးဆွေးနွေးပွဲတွေ အောင်မြင်ရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကအောင်မြင်တာပဲ။ KNU (ကရင်အမျိုးသားအစည်းအရုံး)ကို ကြည့်ပါ။ မနေ့ကအထိ သူတို့လုပ်တဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲက အောင်မြင်ပါတယ်။ အောင်မြင်တဲ့အတွက် အခြားတိုင်းရင်းသားတွေလည်းလုပ်ကြမှာပဲ။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအောင်မြင်တော့ (၂၁)ရာစုပင်လုံညီလာခံ ဒုတိယအစည်းအဝေးလည်း အောင်မြင်မှာပဲ။ အဲ့ဒါတွေ အောင်မြင်ရင်တော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အဆင့်လိုက် အောင်မြင်မယ်လို့ ပြောလို့ရမှာပဲ။ တိုင်းပြည်အတွက် ပြည်သူတွေ တောင့်တနေတဲ့ ငြိမ်းချမ်းရေးက တစ်ဆင့်ပြီးတစ်ဆင့် ရသွားမှာပဲ။ အဲ့ဒီမှာအခက်အခဲလည်း ရှိနိုင်တာပဲ။ တိုက်ပွဲလည်းရှိနိုင်တာပဲ။ မပြေလည်နိုင်တာလည်း ရှိတာပဲ။ ဒါတွေက ပြဿနာမဟုတ်ဘူး။ လုပ်ငန်းစဉ်တစ်ခုလုံးအတွက် အသေးအဖွဲပါ။ ဒါတွေ ဖြေရှင်းသွားလို့ရပါတယ်" ဟု ပြောကြားသည်။

ယနေ့ပြုလုပ်သည့် ငြိမ်းချမ်းရေးအတွက် အားကောင်းခိုင်မာစေသော ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သည် အရပ်သားလူငယ်ပညာရှင်များ၊ တပ်မတော်သား (အငြိမ်းစား) များဖြင့် ပါဝင်ဖွဲ့စည်းထားသည့် မဟာဗျူဟာလေ့လာရေးအဖွဲ့နှင့် နိုင်ငံပေါင်း ၂၀ ကျော်တွင် ပဋိပက္ခများကို ကြားဝင်ဖြေရှင်းခြင်းများ လုပ်ဆောင်လျက်ရှိပြီး မြန်မာနိုင်ငံ၌ ၂၀၁၁ မှစတင်၍ ငြိမ်းချမ်းရေးအတွက် နည်းပညာပိုင်းဆိုင်ရာ ကူညီထောက်ပံ့ခြင်းများ ပြုလုပ်ပေးနေသောCenter for Humanitarian Dialogue (H.D) တို့က စီစဉ်ကျင်းပခြင်းဖြစ်သည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# အိမ်ခြံမြေဈေးကွက် ပြန်လည်ဦးမော့လာရန် မျှော်လင့်

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဈေးကွက်မှာ ယခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ထွက်ပေါ်လာပြီးနောက် ပြန်လည်ကောင်းမွန်လာမည့် အနေအထားကို တွေ့မြင်နေရပြီဖြစ်ကြောင်း တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က ပြောကြားသည်။



" လွန်ခဲ့တဲ့သုံးလလောက်ကစပြီး အိမ်ခြံမြေလုပ်ငန်းတွေ ပြန်လည်ကောင်းမွန်လာပါတယ်။ ၂၀၁၇ ခုနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အတည်ပြုပြီးသွားပါပြီ။ နောက် နည်းဥပဒေ ထွက်လာဖို့ရှိပါတယ်။ ဒါ့အပြင် ၂၀၁၇ ခုနှစ်ထဲမှာ ကွန်ဒိုဥပဒေလည်း အတည်ပြုပြဋ္ဌာန်းမယ်လို့ ကြားရပါတယ်။ နည်းဥပဒေလည်း ထွက်လာမယ်။ တစ်ချိန်တည်းမှာပဲ ကွန်ဒိုဥပဒေလည်းထွက်ပေါ်လာမယ်ဆိုရင် အိမ်ခြံမြေဈေးကွက်က သေချာပေါက်ပြန်လည်ကောင်းမွန်လာမှာဖြစ်ပါတယ်"ဟု ဦးစိုင်းခွန်နောင်က ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက ကုန်သည်စက်မှုအသင်းချုပ်၌ ပြုလုပ်သည့် အိမ်ခြံမြေလုပ်ငန်းရှင်များအတွက် သင်တန်းဖွင့်လှစ်သည့် အခမ်းအနား၌ ပြောသည်။

" အိမ်ခြံမြေလုပ်ငန်း ပြန်လည်ကောင်းမွန်လာတယ်ဆိုတာ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေ ကောင်းလာတယ်ဆိုတာက ရင်းနှီးမြှုပ်နှံမှုတွေ အားကောင်းလာတာ ဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း အားလုံးလုပ်ကိုင်နိုင်အောင် ဆောင်ရွက်ထားပြီဖြစ်လို့ အိမ်ခြံမြေလုပ်ငန်းက တိုးတက်လာမယ့် အနေအထားဖြစ်ပါတယ်" ဟု အိမ်ခြံမြေလုပ်ငန်းရှင်အသင်းမှ ဘဏ္ဍာရေးမှူး ဒေါ်ဘုတ်ဘုတ်က ပြောကြားသည်။

ယခုအခါ အိမ်ခြံမြေ ဈေးကွက်ဖွံ့ဖြိုးလာမှုနှင့်အတူ အိမ်ခြံမြေလုပ်ငန်းရှင်များကို ဥပဒေစည်းကမ်းနှင့်အညီ အိမ်ခြံမြေလုပ်ငန်း အတတ်ပညာများ သင်ကြားပေးရန် သင်တန်းများ စတင်ပို့ချပေးနေပြီဖြစ်ကြောင်း သိရသည်။ အိမ်ခြံမြေလုပ်ငန်းနှင့် ဆက်နွယ်နေသည့် အခွန်ကိစ္စ၊ စည်ပင်ကိစ္စ၊ အိုးအိမ်ကိစ္စ၊ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျတတ်မြောက်စေရန် အိမ်ခြံမြေလုပ်ငန်းရှင်များအား သင်တန်းများ စတင်ဖွင့်လှစ်ပို့ချပေးလျက် ရှိသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ကျောက်စာသင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာ၊ မွန်၊ ပျူ ကျောက်စာများ ကူးတတ်၊ ဖတ်တတ်ရန် ရည်ရွယ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးပြီး ရှေးဟောင်းသုတေသနဌာနမှ ဝန်ထမ်းများ၊ တက္ကသိုလ်အသီးသီးမှ ရှေးဟောင်းသုတေသနသမိုင်းဌာန၊ မြန်မာစာဌာနမှ ဆရာ ဆရာမများအတွက် ကျောက်စာသင်တန်းကို ရန်ကုန်မြို့ ပြည်လမ်းရှိ ရှေးဟောင်းသုတေသနနှင့်ပြတိုက်ခွဲ၌ ၂၀၁၆ စက်တင်ဘာ ၁၂ ရက်မှ ၂၀၁၇ ဇန်နဝါရီ ၃၁ ရက်အထိ သုံးလသင်တန်းဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မွန်ဘာသာနှင့်ပတ်သက်ပြီး ကျန်စစ်သားမင်းကြီး၏ နန်းတည်ကျောက်စာအကြောင်းကိုလည်းကောင်း၊ ပျူစာ၊ မြန်မာစာနှင့်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးရှိ နောက်တွေ့ကျောက်စာများအကြောင်း သင်ကြားပေးလျက်ရှိကြောင်း မျိုးဆက်သစ် ဆရာ ဆရာမများလက်ဆင့်ကမ်းပညာအမွေများပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**ရွှေရည်ဦး(မြစ်သား)**

# ပထမဆုံးအကြိမ် သတင်းဆောင်းပါးရေးနည်း သင်တန်းဖွင့်

**ထားဝယ် ဇန်နဝါရီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာပြည်တောင်ပိုင်း ဂျာနယ်လစ်ကွန်ရက် ( SMJN)တို့ ပူးပေါင်း၍ ပထမဆုံးအကြိမ် သတင်းဆောင်းပါးရေးနည်းသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၀ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းမြင့်က အမှာစကားပြောကြားပြီး မြန်မာပြည်တောင်ပိုင်း ဂျာနယ်လစ်ကွန်ရက်မှ ဆရာ နိုင်မင်းဝေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ဆရာနိုင်မင်းဝေက ဘ ၆ လုံးအကြောင်း ၊ Hard News ၊ Soft News ၊ သတင်းတည်ဆောက်ပုံ၊ အဖွဲ့အနွဲ့ ၊ ကျောရိုးစာပိုဒ်နှင့် သတင်းဆောင်းပါးရေးနည်းတွင် ပါဝင်ရမည့်အချက်များကို ဇန်နဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်မှ သတင်းထောက်များ တက်ရောက်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မီးလောင်မှုဖြစ်ပွားလျှင်

(၁) မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

(၂) မီးစတင်လောင်ကျွမ်းသောအချိန် တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။

(၃) အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်းတွင် D.C.P (Dry Chemical Powder Extingulsher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**

# ထရန့်သမ္မတဖြစ်ပြီးမကြာမီ Obamacare ကို ရုပ်သိမ်းသည့်အမိန့်ကို လက်မှတ်ရေးထိုး

**ဝါရှင်တန် ဇန်နဝါရီ ၂၁**

အမေရိကန်နိုင်ငံ၏ ၄၅ ဦးမြောက်သမ္မတအဖြစ် ဒေါ်နယ်ထရန့်သည် ယမန်နေ့က ဝါရှင်တန်မြို့ ကက်ပီတိုအဆောက်အအုံတွင် ကျမ်းသစ္စာကျိန်ဆိုပြီး သိပ်မကြာခင်အချိန်အတောအတွင်း၌ သမ္မတဟောင်း ဘားရက်အိုဘားမား၏ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ (Obamacare) ကို ရုပ်သိမ်းသည့်အမိန့် တစ်ရပ်အား လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။

ယင်းအမိန့်ညွှန်ကြားချက်အား အိမ်ဖြူတော်အရာရှိချုပ် ရိန်းစ်ပရီဘတ်စ်က အစိုးရအဖွဲ့အသီးသီးသို့ ပေးပို့လိုက်ပြီး အခြားညွှန်ကြားချက် တစ်စုံတစ်ရာမထွက်လာမီအချိန်အထိ လုပ်ဆောင်ချက်အားလုံးကို ချက်ချင်းရပ်တန့်ထားရမည်ဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ စီယန်စပိုင်ဆာက ညွှန်ကြားခဲ့သည်။

ထိုသို့ အိုဘားမား၏ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ (Obamacare) ကို ရုပ်သိမ်းသည့် အမိန့်တစ်ရပ်အား လက်မှတ်ရေးထိုးလိုက်ခြင်းသည် ထရန့်၏ စည်းရုံးရေး ကြွေးကြော်သံများထဲမှ တစ်ချက်အား အကောင်အထည်ဖော်လိုက်ခြင်းပင်ဖြစ်ကြောင်း စပိုင်ဆာက ပြောခဲ့သည်။

Obamacare သည် လူနာများအား အကာအကွယ်နှင့် သင့်တင့်သော စောင့်ရှောက်မှုဥပဒေအား တရားဝင်ခွင့်ပြုပေးခြင်းဖြစ်ပြီး အဆိုပါဥပဒေမှာ နောက်ပိုင်းတွင် အာမခံငွေပေးသွင်းမှုများ ကြီးမြင့်လာနိုင်သည့်အတွက် ဝေဖန်ခံနေရကြောင်း သိရသည်။

သို့သော်လည်း အိုဘားမား၏ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေ (Obamacare) ကို ရုပ်သိမ်းသည့် အမိန့်တစ်ရပ်အား လက်မှတ်ရေးထိုးလိုက်ခြင်းနှင့်ပတ်သက်ပြီး အသေးစိတ်ပြောကြားရန် အဆိုပါ အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူက ငြင်းဆိုထားကြောင်း သိရသည်။

အိုဘားမား၏ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ (Obamacare) ကို ရုပ်သိမ်းသည့် အမိန့်တစ်ရပ်အား လက်မှတ်ရေးထိုးလိုက်ပြီး မရှေးမနှောင်းမှာပင် ကာကွယ်ရေးဝန်ကြီး ဂျိမ်းမက်တစ်နှင့် လုံခြုံရေးဝန်ကြီး ဂျွန်ကယ်လီတို့အား ခန့်အပ်သည့် အတည်ပြုလွှာကိုလည်း ထရန့်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**



# ဒေါ်နယ်ထရန့် ကျမ်းကျိန်ပွဲပြီးနောက် ဆန္ဒပြသူ ၉၅ ဦးကို ဖမ်းဆီး

**ဝါရှင်တန် ဇန်နဝါရီ ၂၁**

အမေရိကန်သမ္မတအဖြစ် ဒေါ်နယ်ထရန့် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ဝါရှင်တန်မြို့တွင် ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များကြား အဓိကရုဏ်းများဖြစ်ပွားခဲ့ရာ ဆန္ဒပြသူ ၉၅ ဦး ခန့် ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတအဖြစ် ဒေါ်နယ်ထရန့် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် အိမ်ဖြူတော်အနီးတွင် ဆန္ဒပြသူများက ပြတင်းပေါက်များရိုက်ချိုးခြင်း၊ ကားများပျက်စီးစေခြင်းနှင့် ရဲတပ်ဖွဲ့ဝင်များအား ခဲလုံးများဖြင့် ပစ်ပေါက်ခြင်း စသည့် အကြမ်းဖက်အပြုအမူများလုပ်ဆောင်ခဲ့သဖြင့် ထိုသို့ ဖမ်းဆီးထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း ဝါရှင်တန်ရဲတပ်ဖွဲ့က ပြောသည်။

ဆန္ဒပြလူအုပ်ကြီးကို လူစုခွဲရန် ရဲတပ်ဖွဲ့က မျက်ရည်ယို ဓာတ်ငွေ့များ၊ ငရုတ်ကောင်းစပရေးများ အသုံးပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ပဋိပက္ခအတွင်း ရဲတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ သို့သော်လည်း အသက်အန္တရာယ်မစိုးရိမ်ရကြောင်း သိရသည်။

အမေရိကန်သမ္မတအဖြစ် ဒေါ်နယ်ထရန့် ကျမ်းသစ္စာကျိန်ဆိုပွဲတွင် အစောင့်စစ်သည် ၇၈၀၀ အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၈၀၀၀ အား တပ်ဖြန့်ချထားခဲ့ကြောင်း သိရသည်။

ထရန့်ကျမ်းကျိန်ပွဲသို့ လူဦးရေ ၉၀၀၀၀၀ ခန့်တက်ရောက်ခဲ့ပြီး မျှော်မှန်းထားသည်ထက် အနည်းငယ်ပိုများခဲ့ကြောင်း သိရသည်။ ထရန့်သည် ခေတ်သစ်သမိုင်းတွင် အမေရိကန်လူထုထောက်ခံမှု ၄၀ ရာခိုင်နှုန်းသာ ရရှိခဲ့သည့် အမေရိကန် သမ္မတတစ်ဦးဖြစ်ကြောင်း လတ်တလော ကောက်ယူထားသော စစ်တမ်းများအရ သိရသည်။ **(ဆင်ဟွာ)**



## ရှန်ကျိုး-၁၁ အာကာသယာဉ်မှူးများအား ဆုတံဆိပ်များချီးမြှင့်

**ပေကျင်း ဇန်နဝါရီ ၂၁**

တရုတ်နိုင်ငံတွင် ရှန်ကျိုး-၁၁ အာကာသယာဉ်သည် အထူးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သလို နိုင်ငံ၏အာကာသဆိုင်ရာ ကြိုးပမ်းမှုများကို အောင်မြင်အောင် အားထုတ်လုပ်ဆောင်ခဲ့သည့် အာကာသယာဉ်မှူးနှစ်ဦးအား ဂုဏ်ပြုသည့်အခမ်းအနားတစ်ရပ် ယမန်နေ့က ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် အာကာသသို့ သုံးကြိမ်သွားရောက်ခဲ့သူလည်းဖြစ် အဖွဲ့ခေါင်းဆောင်လည်းဖြစ်သူ ကျင့်ဟိုင်ဖုန်းအား အာကာသတွင် အောင်မြင်စွာ တာဝန်ထမ်းဆောင်ရာတွင် ပထမအဆင့်ဆုတံဆိပ်ကိုလည်းကောင်း၊ အာကာသထဲသို့ ပထမဆုံးအကြိမ်သွားရောက်ခဲ့သည့် ချန်းဒုံးအား အာကာသသူရဲကောင်းဆုနှင့် တတိယအဆင့် ဆုတံဆိပ်ကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရှန်ကျိုး-၁၁ အာကာသယာဉ်ခရီးသည် တရုတ်နိုင်ငံ၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် အာကာသတွင်း လူသားများပါဝင်နေထိုင်နိုင်သည့် စခန်းတစ်ခုတည်ဆောက်ရန် စီမံကိန်း၏အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## အိုင်အက်စ်အကြမ်းဖက်သမား ၄၆ ဦးကို တူရကီတပ်ဖွဲ့ သုတ်သင်

**အန်ကာရာ ဇန်နဝါရီ ၂၁**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ဆီးရီးယားနိုင်ငံမြောက်ပိုင်း အယ်လ်ဘတ်ဒေသတွင် တူရကီတပ်ဖွဲ့က စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲခဲ့ရာ အိုင်အက်စ်အကြမ်းဖက်သမား ၄၆ ဦး သေဆုံးခဲ့ပြီး ၁၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း တူရကီအာဏာပိုင်များက ဇန်နဝါရီ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တိုက်ခိုက်မှုအတွင်း တူရကီတပ်ဖွဲ့များက အကြမ်းဖက်သမားများရှိသည့်နေရာများကို ဦးတည်ချက်ထားတိုက်ခိုက်ခဲ့ကြောင်း၊ ခံစစ်နေရာများကိုလည်း ဖျက်ဆီးခဲ့ကြောင်း၊ လက်နက်ခဲယမ်းမီးကျောက်များနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များကို ဖျက်ဆီးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာသတင်းရင်းမြစ်တွင်ဖော်ပြခဲ့သည်။ အကြမ်းဖက်သမားနှိမ်နင်းရေးစစ်ဆင်မှုအတွင်း ပေါက်ကွဲစေသောပစ္စည်း ၃၀၄၄ခုနှင့် မိုင်း ၄၃ခုတို့ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာသတင်းရင်းမြစ်တွင် ဆက်လက်ဖော်ပြသည်။

တူရကီတပ်ဖွဲ့သည် လွန်ခဲ့သော ဩဂုတ်လမှစတင်ကာ အိုင်အက်စ်အကြမ်းဖက်သမားများ၊ ဝိုင်ပီဂျီတပ်ဖွဲ့များ၊ ပီဝိုင်ဒီတပ်ဖွဲ့ဝင်များကို စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲကာ နှိမ်နင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**



# ဗလာဒီမာပူတင် အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့်တွေ့ဆုံရန် အဆင်သင့်ဖြစ်

**မော်စကို ဇန်နဝါရီ ၂၁**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့်တွေ့ဆုံရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ သို့သော်လည်း ဖြစ်နိုင်သည့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် လအတော်အတန်ကြာဦးမည်ဖြစ်ကြောင်း ကရင်မလင်ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စ်ကော့ဗ်က ပြောကြားခဲ့သည်။

ဒေါ်နယ်ထရန့်သည် ဟီလာရီကလင်တန်အား အနိုင်ရရှိခဲ့ပြီး ယမန်နေ့က အမေရိကန်နိုင်ငံ၏ ၄၅ ဦးမြောက်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီး နိုင်ငံ၏အာဏာကို ရယူခဲ့သည်။ စစ်အေးကာလလွန် အိုဘားမားလက်ထက် ရုရှားနှင့် အမေရိကန်ဆက်ဆံရေးသည် ယူကရိန်းနှင့် ဆီးရီးယားပဋိပက္ခများကြောင့် သွေးအေးနေခဲ့ကြောင်း သိရသည်။

ထရန့်သည် အမေရိကန်နိုင်ငံ၏ ၄၅ ဦး မြောက် သမ္မတဖြစ်လာပြီးနောက် ရုရှားသမ္မတ ဗလာဒီမာပူတင်အနေဖြင့် ၎င်းနှင့် တွေ့ဆုံရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း အဆိုပါကိစ္စမှာ လာမည့်ရက်သတ္တပတ်အတွင်း အကောင်အထည်ပေါ်လာဦးမည်မဟုတ်ကြောင်း၊ အကောင်းဆုံးကို မျှော်လင့်ရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်နှစ်ဦးတွေ့ဆုံမှုသည် လာမည့်လများအတွင်းဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ပက်စ်ကော့ဗ်က ပြောခဲ့သည်။

ကရင်မလင်သည် ဟီလာရီကလင်တန်အား ကွန်ပျူတာဖောက်ထွင်းတိုက်ခိုက်မှုပြုလုပ်ပြီး အရေးနိမ့်စေခဲ့ကာ ထရန့်အား အမေရိကန်သမ္မတဖြစ်လာအောင် ကူညီပေးသည်ဟု ထရန့်၏ပြိုင်ဘက်အချို့က ယုံကြည်နေကြသည်။

သို့သော်လည်း အဆိုပါကိစ္စကို ကရင်မလင်က ငြင်းဆိုလိုက်ပြီး အမေရိကန်ဒီမိုကရက်များက ထရန့်အားရှုံးနိမ့်ခဲ့သည့်အတွက် ဖောက်ထွင်းတိုက်ခိုက်မှုအား ဆင်ခြေတစ်ရပ်အနေဖြင့် အသုံးပြုကာ ရုရှားအား စွပ်စွဲခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံသည် ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်ကြောင်း ပြောကြားခဲ့ပြီး ခွဲနေ၍မရကြောင်း ပက်စ်ကော့ဗ်ကပြောခဲ့သည်။ **(ရိုက်တာ)**

# မစ္စတာ ဘောရစ်ဂျွန်ဆင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်လေ့လာ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်လေ့လာကြသည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုနှင့် တာဝန်ရှိသူများက ဆေးရုံကြီးပင်မဆောင်တွင် ဆေးရုံကြီး တည်ဆောက်ပြုပြင်မွမ်းမံပြီးစီးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးနေအိမ်၌ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးအား ညစာဖြင့် တည်ခင်းဧည့်ခံရာ ပြည်ထောင်စုအစိုးရအဖွဲ့အမျိုးသားလုံခြုံရေးနှင့် အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင်နှင့် အဖွဲ့သည် ညပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ကြည်ညိုကြသည်။

**(သတင်းစဉ်)**



ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်လေ့လာစဉ်

## မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ ငွေကျပ် ၁၀ သိန်း လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ ဦးခင်မောင်သိန်းနှင့်ဇနီး ဒေါ်စုစန်သိန်း (စာရေး ဆရာမ စစ်ကိုင်းစိမ်းစိမ်း)တို့က ငွေကျပ် ၁၀ သိန်းကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြန်မာနိုင်ငံ စာရေးဆရာအသင်း ရန်ပုံငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က ကျေးဇူးတင်စကားပြောကြားပြီး ဆရာကြီး မင်းယုဝေက မုဒိတာစကား ပြောကြားသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် ရဲချုပ်တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ





**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၂၀၁၆ ခုနှစ် ရဲချုပ်တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အမှတ်(၁) စစ်အခြေခံလေ့ကျင့်ရေးတပ်၊ သေနတ်ပစ်ကွင်း၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်း တက်ရောက်၍ ဂုဏ်ပြု အမှာစကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ၊ တပ်ဖွဲ့/တပ်ရင်း/ကျောင်းများ၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးများနှင့် နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့တို့မှ စုစုပေါင်း ၄၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ၂၀၁၆ ခုနှစ် ရဲချုပ်တံခွန်စိုက်ဒိုင်းဆုကြီးဆွတ်ခူးရရှိသော သတင်းရဲတပ်ဖွဲ့အသင်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆုငွေများအားလည်းကောင်း၊ ကျန်ရှိသည့်ဆုများအား တာဝန်ရှိသူများကလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အသင်းနည်းပြများ၊ အသင်းအုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အသင်းသားများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ကိုရဲ**

## ဥက္ကံ ရန်ကုန်ဘူတာကြီး RBE ရထားစတင်ပြေးဆွဲ

**တိုက်ကြီး ဇန်နဝါရီ ၂၁**

တိုက်ကြီးမြို့နယ် ဥက္ကံဘူတာမှ ရန်ကုန်ဘူတာကြီးအထိ ယနေ့နံနက် ၆ နာရီမှစတင်၍ RBE ရထားစတင်ပြေးဆွဲကြောင်း သိရသည်။

မြန်မာ့မီးရထားမှ RBE တွဲဆိုင်းရထား ပြေးဆွဲခြင်းအခမ်းအနားကို ဥက္ကံဘူတာရုံတွင် ယနေ့နံနက် ၅နာရီခွဲက ကျင်းပရာ တိုက်ကြီးမြို့ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလွင်စိုးမင်းနှင့် မြန်မာ့မီးရထားတာဝန်ရှိသူများ၊ ဥက္ကံမြို့ ဌာနဆိုင်ရာများနှင့် ခရီးသွားပြည်သူများ တက်ရောက်ကြသည်။

နံနက် ၆ နာရီတွင် RBE ရထားစတင်ပြေးဆွဲရာ ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရောက်ရှိမည်ဖြစ်သည်။ ညနေ ၄နာရီခွဲတွင် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ဥက္ကံဘူတာသို့ ည ၈ နာရီ ၁၀ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ရထားခနှုန်းထားများမှာ ဥက္ကံ-တိုက်ကြီး ငွေကျပ် ၂၀၀၊ တိုက်ကြီး-မှော်ဘီ ငွေကျပ် ၂၀၀၊ မှော်ဘီ- ရန်ကုန် ငွေကျပ် ၂၀၀၊ ခရီးစဉ်စဆုံး ငွေကျပ် ၆၀၀ ဖြစ်သည်။ ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် ပြည်သူများ၏ တောင်းဆိုတင်ပြမှုအရ မြန်မာ့မီးရထားမှ ယခင် အင်းစိန်-တိုက်ကြီး ပြေးဆွဲနေသော RBE တွဲဆိုင်းရထားကို တွဲတစ်တွဲထပ်တိုးကာ တွဲသုံးတွဲဖြင့် ပြေးဆွဲပေးခဲ့ခြင်းဖြစ်ရာ စတင်ပြေးဆွဲသည့်နေ့တွင် ဥက္ကံမှ ခရီးသည် ၇၀ နှင့် တိုက်ကြီးမှ ခရီးသည် ၈၀ လိုက်ပါကြောင်း သိရသည်။

"ဥက္ကံကနေ ရန်ကုန်သွားရင် အရင် နှစ်ဆင့်စီးရတယ်။ အခုတိုက်ရိုက်ရောက်တယ်။ ကျွန်တော်တို့လို အသက်ကြီးသူတွေ၊ လူမမာတွေ၊ ကလေး အမေတွေ အဆင်ပြေပါတယ်။ ရထားခလည်းသက်သာ အချိန်ကုန်လည်းသက်သာ မြန်မာ့မီးရထားကို ကျေးဇူးတင်ပါတယ်"ဟု မှူခင်းသတင်းထောက် ဦးမောင်မောင်က ပြောသည်။

**ထွန်းလှိုင်(မြိုင်)**

# ဆကာကြီး-ဥတိုလမ်းအား ကွန်ကရစ်လမ်းခင်း

**ဓနုဖြူ ဇန်နဝါရီ ၂၁**

ဓနုဖြူမြို့နယ် အရှေ့ဘက်ကမ်းရှိ ဆကာကြီး-ဥတိုလမ်း ယခင်လမ်းဟောင်းအကျယ် ၁၂ ပေရှိ ယိုယွင်းပျက်စီးနေသည့် ကျောက်ချောလမ်းအား ပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်အတွက် လမ်းအဆင့်မြှင့်တင်-ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းအား နိုဝင်ဘာလမှစတင်ကာ Tri Tip ကုမ္ပဏီမှ တာဝန်ယူ၍ စတင်ခင်းကျင်းလျက်ရှိသည်။

အဆိုပါကွန်ကရစ်လမ်းအသစ်မှာ အရှည်(၁/၀)မိုင်၊ အကျယ် ၁၈ ပေရှိပြီး ယခင်သွားလာရေးကြန့်ကြာချောမွေ့မှု မရှိခြင်းအား ယခုကွန်ကရစ်လမ်းအသစ်ခင်းကျင်းပြီးပါက နီးစပ်ရာကျေးရွာများဖြစ်သည့် ဆကာကြီး၊ ဥတို၊ ကျောင်းကုန်း၊ ကပ်ခို၊ ရုံးချောင်း စသည့် ကျေးရွာများမှ ပြည်သူများမှာလည်း တစ်ရွာနှင့်တစ်ရွာ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဆကာကြီး-ဥတို ကွန်ကရစ်လမ်းခင်းခြင်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာငွေဖြင့် ခင်းကျင်းလျက်ရှိကြောင်း သိရသည်။

**ခင်သန္တာထွေး(ပြန်/ဆက်)**

**အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ**

# ထန်းတပင်မြို့နယ် ကျွန်းငူကမ်းနား သဘော်ဆိပ်မြစ်ကမ်းထိန်းနံရံပြိုကျ

**ထန်းတပင် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျွန်းငူကမ်းနား သဘော်ဆိပ် မြစ်ကမ်းထိန်းနံရံသည် ဇန်နဝါရီ ၂၀ ရက် ညနေ ၅ နာရီခန့်တွင် မြေပြိုကျမှုဖြစ်ပေါ်ခဲ့ပြီး ည ၇ နာရီခွဲတွင် ပေ ၆၀ အထိပြိုကျသွားကြောင်း သိရသည်။

အဆိုပါမြစ်ကမ်းပါးသည်ယခင်နှစ်များကလည်း မြစ်ကမ်းပါးပြိုကျမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် မြစ်ကမ်းစပ်တွင် ကျောက်များချ၍ အုတ်နံရံတည်ဆောက်ကာ မြစ်ကမ်းပါးထိန်းနံရံတည်ဆောက်ထားခဲ့ပြီး ဖြစ်သော်လည်း ယခုနှစ် ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းမှစတင်၍ မြစ်ကမ်းထိန်းနံရံအက်ကွဲလာပြီး မြေသားများနိမ့်ဆင်းလာခဲ့ခြင်းဖြစ်သည်။



မြစ်ကမ်းပါးပြိုကျမှုကြောင့် မြစ်ကမ်းအနီး နေထိုင်ကြသောလူနေအိမ်များနှင့် ဈေးဆိုင်များပြောင်းရွှေ့နေကြရသည်။

မြစ်ကမ်းပါး ပြိုကျမှုကြောင့် မြစ်ကမ်းအနီး ပြည်သူများ စိုးရိမ်ထိတ်လန့်မှုမဖြစ်စေရန်နှင့် လိုအပ်ပါက အကူအညီ ပေးနိုင်ရေးတို့အတွက် ထန်းတပင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက ကူညီစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ၂၀၁၇ မန္တလေးသင်္ကြန်တွင် မြန်မာ့ရိုးရာရေကစားဟန်များ ပြန်လည်ဖော်ထုတ်မည်

**မန္တလေး ဇန်နဝါရီ ၂၁**

ပြီးခဲ့သည့်နှစ်များတွင် မန္တလေးသင်္ကြန်ပွဲတော်များသည် စတိတ်ရှိုး သင်္ကြန်ဖြစ်နေခြင်းကြောင့် ယခု ၂၀၁၇ ခုနှစ် မန္တလေးသင်္ကြန်တွင် မြန်မာ့ရိုးရာရေကစားဟန်များ ပြန်လည်ဖော်ထုတ်၍ ကျုံးပတ်လည်သာမက မြို့တွင်းရပ်ကွက်များအထိ ဆောင်ရွက်သွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်း မြို့တော်ဝန်၏ ပြောကြားချက်အရ သိရသည်။

ဇန်နဝါရီ ၁၇ ရက်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည့် မန္တလေးမြို့တော် သင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး အစည်းအဝေးတွင် မြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောကြားခြင်းဖြစ်သည်။

"မြန်မာနှစ်သစ်ကူးသင်္ကြန်ပွဲတော်မှာ ရေဖြုန်း၊ ငွေဖြုန်းလျှော့ချပြီး ကျင်းပနိုင်ဖို့ အစိုးရအဖွဲ့ကို တင်ပြမယ်။ မြို့တော်စည်ပင်သာယာရဲ့ရန်ပုံငွေကိုသုံးစွဲပြီး နာမည်ကြီးအဆိုတော်တွေ ငှားတာတွေ မလုပ်တော့ဘူး။ ရေပက်ကြတော့ ရေတွေက လမ်းမကြီးပေါ်မှာ တစ်ပေလောက်ရေလျှံမ်းတဲ့အထိ ရေချိုကို အလဟသ ဖြုန်းသလိုဖြစ်ရတယ်" ဟု ၎င်းကပြောသည်။

သင်္ကြန်ပွဲတော်ကာလ မန္တလေး၌ ရေကစားကြရာတွင် ငွေကြေးသိန်းပေါင်းများစွာ အသုံးပြုနေကြကြောင်း၊ မန္တလေးသင်္ကြန်သည် ကျုံးပတ်လည်၌သာ စည်ကားခဲ့သဖြင့် အခြား မြို့တွင်းနေရာများ၌ စည်ကားရန် ယခုလာမည့်သင်္ကြန်တွင် ကျုံးပတ်လည်၌ ရေကစားမဏ္ဍပ်များ လျှော့ချသွားမည်ဖြစ်ကြောင်း၊ ကျုံးတောင်ဘက်တွင် မြို့တော်ဝန်မဏ္ဍပ်နှင့် နန်းမြို့သူမဏ္ဍပ်သာ ခွင့်ပြုသွားရန်ဖြစ်ကြောင်း သိရသည်။

"ကျုံးကိုကျောပေးပြီး ရေကစားတာက သဘာဝမကျဘူး။ မန္တလေးသင်္ကြန်ဆိုတာ ရေကစားတာ အဓိကမဟုတ်ဘဲ ကလေးတွေပဲ ရေကစားကြတာ။ လူငယ်၊ လူကြီးပိုင်းက သင်္ကြန်အက၊ သင်္ကြန်သီချင်း၊ သံချပ်တွေနဲ့ ဆင်နွှဲကြတာက မန်းသင်္ကြန်ပါ။ မဖြစ်မနေ ကျုံးပတ်လည်မှာ လုပ်မယ်ဆိုရင်လည်း ဖျော်ဖြေရေးပွဲလုပ်တဲ့ မဏ္ဍပ်တွေပဲ ဖြစ်သင့်တယ်"ဟု စာရေးဆရာ ဆရာဆူးငှက်က အစည်းအဝေးတွင် အကြံပြုခဲ့သည်။

ဆက်လက်၍ ရှေးယခင် ၁၉၆၀ ခုနှစ်ခန့်က မန္တလေးသင်္ကြန် ဖွင့်ပွဲပြုလုပ်ရာတွင် မြို့မအလှပြယာဉ်နှင့် ကန်တော့ပွဲထိုးကာ မဟာမြတ်မုနိဘုရားကြီးကို ဦးတိုက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် အလားတူပြုလုပ်သင့်ပြီး နာမည်ကြီးအဆိုတော်ငှားရမ်းခ ကုန်ကျစရိတ်ကို မြို့နယ်/ရပ်ကွက်များမှ သင်္ကြန်မဏ္ဍပ်ဖြင့် ဆင်နွှဲလိုသူများအား မျှဝေသင့်ကြောင်းလည်း ဆရာဆူးငှက်က ဆက်လက်ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





# တပ်ကုန်းမြို့နယ်၌ ပထမဆုံး သီးနှံကာကွယ်ရေးဌာန၏ အပင်ဆေးခန်းဖွင့်

**တပ်ကုန်း ဇန်နဝါရီ ၂၁**

ဟင်းသီးဟင်းရွက်သီးနှံများ ဓာတုကင်းလွတ်စေရန်နှင့် ရောဂါကျရောက်မှုမှကာကွယ်ရန်အတွက် တောင်သူများတိုက်ရိုက်မေးမြန်းနိုင်သည့် သီးနှံကာကွယ်ရေးဌာန၏ အပင်ဆေးခန်းဖွင့်ပွဲကို တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇန်နဝါရီ ၂၁ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘက်စုံသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ကျင်ကျင်ဝင်းက သီးနှံ များတွင် ကျရောက်တတ်သည့် ရောဂါများအကြောင်း၊ ပိုးသတ်ဆေးများ၏ အန္တရာယ်ကြီးမားမှုအကြောင်းနှင့် ရောဂါကာကွယ်ရေးအကြောင်းများကို ရှင်းလင်းပြောကြားသည်။ အဆိုပါအပင်ဆေးခန်းဖွင့်ပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများတက်ရောက်ကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ပထမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ အလှမွေးငါးကြင်းပြပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၁**

Myanmar Koi Club က ဦးစီး၍ ပထမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ အလှမွေးငါးကြင်းပြပွဲပြိုင်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အမှာစကားပြောကြားပြီး Myanmar Koi Club မှ ကိုအေးချမ်းအောင်က အသင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ ပြပွဲအား တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလှဝင်း၊ တိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြတ်ထွဋ်၊ Myanmar Koi Club မှ ဦးမြတ်ကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလှမွေးငါးကြင်းပြပွဲပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၅၀ က ရောင်စုံငါးကြင်း ၁၅၀ ခန့် ပါဝင်ပြသထားကာ ဆုအနေဖြင့် အတန်းသုံးတန်းခွဲပြီး ဆုပေါင်း ၃၄ ဆု ချီးမြှင့်သွားမည်ဖြစ်သည်။ ဆုရွေးချယ်ရေးတွင် နိုင်ငံတကာစံချိန်စံညွှန်းမီစေရန် ကျွမ်းကျင်ပညာရှင် ဂျပန်နိုင်ငံမှ တစ်ဦး၊ စင်ကာပူနိုင်ငံမှ နှစ်ဦးတို့က အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး အလှငါးမွေးမြူရေး ဆက်စပ်ပစ္စည်းများ၊ ငါးအစာများနှင့် အလှမွေး ငါးသားပေါက်များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးကြောင်းနှင့် ပြပွဲကို နှစ်ရက်ပြသမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးနှင့် ဘောလုံးပညာများ FIFA 11 For Health မှလာရောက်သင်ကြားပေး

**တွံ့တေး ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးနှင့် ဘောလုံးပညာများကို FIFA 11 For Health Myanmar နှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၉ ရက်က သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို FIFA 11 For Health Myanmar၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အဖွဲ့ခေါင်းဆောင် ဦးဘန်နီတင်အောင်၊ တာဝန်ခံ ဦးသိန်းသန်းစိုး၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေညှိနှိုင်းရေးမှူး ဒေါ်မီမီကျော်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းဝင်းတို့က တွံ့တေးမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၂၈ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၁၀ ဦးအား ကျန်းမာရေးနှင့် ဘောလုံးပညာကို ပူးတွဲ၍ ဘောလုံးအခြေခံပညာရပ်များ၊ အဖွဲ့လိုက်ဆောင်ရွက်မှုများကို လေ့ကျင့်သင်ကြားပေးခဲ့ကြခြင်းဖြစ်သည်။

ကျောင်းသူမိဘတစ်ဦးဖြစ်သူ ဦးသိန်းဝင်းက သင်တန်းနှင့်ပတ်သက်၍ "ကလေးတွေကို ဒီလိုဘောလုံးအခြေခံနဲ့ ကျန်းမာရေးကို တွဲပြီးသင်ပေးတာ ကောင်းပါတယ်။ ကျွန်တော်က သမီးကို ထူးချွန်တဲ့အားကစားသမား ဖြစ်စေချင်တာပါ။ အခု ပဉ္စမတန်း တက်နေတယ်။ အခုလိုသင်ပေးမယ်၊ သမီးက တက်ချင်တယ်ဆိုလို့ ခွင့်ပြုပေးခဲ့တာပါ။ လက်တွေ့ကြည့်ရတော့ ကလေးတွေမပြောနဲ့ လူကြီးတွေလည်း သဘောကျပါတယ်" ဟု ပြောသည်။

**မျိုးလှိုင် (တွံ့တေး)**


## ကုန်အမှတ်တံဆိပ်အမှတ်အသားများကို ကုမ္ပဏီ၏ ပိုင်ဖြစ်ကြောင်း အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (အထက်ဘလောက်)၊ အမှတ် (၁၁၅/၁၁၇) တွင် တည်ရှိသော **CRANE CROSS Co.,Ltd.** သည် ရန်ကုန်မြို့၊ စာချုပ် စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များအား ကုမ္ပဏီ တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် ဥပဒေနှင့်အညီ တရားဝင် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

immana INN

havanna desserts

စာချုပ်အမှတ် (၁၇၅/၂၀၁၇)

စာချုပ်အမှတ် (၁၇၆/၂၀၁၇)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများဖြင့် CRANE CROSS Co.,Ltd. သည် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် Hotel လုပ်ငန်း၊ Hotel နှင့်ပတ်သက်သော ဝန်ဆောင်မှုလုပ်ငန်း၊ အသုံးအဆောင်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းများနှင့် စားသောက်ဆိုင်လုပ်ငန်း၊ စားသောက်ဆိုင်နှင့် ပတ်သက်သော ဝန်ဆောင်မှုလုပ်ငန်း၊ အသုံးအဆောင်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းများအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်သွားတော့မည့်အပြင် အထက်ဖော်ပြပါ အမှတ် တံဆိပ်များဖြင့် အမည်အမှတ်အသားများကို ပလပ်စတစ်အိတ်၊ စက္ကူအိတ်၊ လက်ဆွဲ အိတ်၊ ဗူးခွံများပေါ်တွင်လည်း အရောင်အမျိုးမျိုး၊ အရွယ်အစား၊ ပုံသဏ္ဍာန်အမျိုးမျိုး တို့ပြုလုပ်၍ ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်ရန် အသုံးပြုသွားမည်ဖြစ်ပါသည်။ ထို့အပြင် ကုမ္ပဏီ၏ Letter Head၊ စာရွက်စာတမ်းများ၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ရုပ်သံ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ငွေရပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Internet၊ Website အစရှိသည်တို့တွင်လည်း အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို တိုက်ရိုက်သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ သွယ်ဝိုက်၍ ဖြစ်စေ၊ မှိုင်းမ၍ဖြစ်စေ၊ ပုံတူ၊ ပုံမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ဆင်တူ ယိုးမှား အတုပြုလုပ်သုံးစွဲခြင်း မပြုလုပ်ကြရန်နှင့် အကယ်၍ လိုက်နာခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**CRANE CROSS Co.,Ltd. ၏ လွှဲအပ်ချက်အရ –**

**ဒေါ်ဥမ္မာခင် (LL.B, D.B.L)**
အထက်တန်းရှေ့နေ (စဉ်–၂၃၀၇၆)
တိုက် (၈၃)၊ အခန်း (၁၂)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၅၄၀၀၅၅၆၉



## ကုန်အမှတ်တံဆိပ် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပြည်လမ်းထောင့် (၆) မိုင်ခွဲ၊ ရွှေဟသာလမ်း၊ ရွှေဟသာကွန်ဒို၊ တိုက်အမှတ် (စီ/၂)၊ အမှတ် (၃၁၆) နေ **ဦးကိုခန့်** ၊ နိုင်ငံသားအမှတ် (၃/မဝတ (နိုင်) ဝရ၃၂၈၇) သည် အောက်တွင် ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ပူးတွဲပါ စာချုပ်အမှတ်ဖြင့် မိမိတို့ မူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်အမှတ် (၁၂၀၅၇/၂၀၁၆) ဖြင့် (၉–၉–၂၀၁၆) ရက်တွင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

LILI

စာချုပ်အမှတ် (၁၂၀၅၇/၂၀၁၆)

အထက်ဖော်ပြပါ **"LI LI"** ကုန်အမှတ်တံဆိပ် အမှတ်အသားများဖြင့် အချိုရည်အမျိုးမျိုး၊ အချိုရည်ဗူးများ၊ အချိုရည်ထုတ်များ၊ ခေါက်ဆွဲအမျိုးမျိုး၊ မုန့်အမျိုးမျိုး၊ အစားအသောက် အမျိုးမျိုး၊ အစားအသောက်နှင့် ပတ်သက်သော စပ်ဆက်ပစ္စည်းများအား အရွယ်အစား၊ ပုံသဏ္ဍာန်၊ အရောင်အမျိုးမျိုးတို့ဖြင့် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် ဖြန့်ချီရောင်းချသွားမည်ဖြစ်ပြီး အဆိုပါ ပစ္စည်းများ ထည့်သွင်း၊ ထုတ်ပိုးထားသော ပလပ်စတစ်အိတ်၊ စက္ကူအိတ်၊ စက္ကူလက်ဆွဲအိတ်၊ စက္ကူဗူးခွံ အစရှိသော အသုံးအဆောင်တို့အပေါ်တွင် ဖိနှိပ်၍ ကပ်နှိပ်၍ သုံးစွဲသွားမည့်အပြင် အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားကို စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက် (ကြော်ငြာ)၊ လက်ကမ်းကြော်ငြာ၊ ရုပ်သံ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ငွေရပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letter Head၊ Internet၊ Website အစရှိသည်တို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ **"LI LI"** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို တိုက်ရိုက်သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ သွယ်ဝိုက်၍ ဖြစ်စေ၊ မှိုင်းမ၍ဖြစ်စေ၊ ပုံတူ၊ ပုံမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ဆင်တူ ယိုးမှား၊ အတုပြုလုပ်သုံးစွဲခြင်း မပြုလုပ်ကြရန်နှင့် အကယ်၍ လိုက်နာခြင်းမပြုပါက တည်ဆဲဥပဒေ များနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကိုခန့်၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ဥမ္မာခင် (LL.B, D.B.L)**
အထက်တန်းရှေ့နေ (စဉ်–၂၃၀၇၆)
တိုက် (၈၃)၊ အခန်း (၁၂)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၅၄၀၀၅၅၆၉



## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၁၄၂၄ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မျိုး ၁၄/မအပ (နိုင်)၁၄၄၄၃၁က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၉၁၂၆ Honda Wa-ve NF 100S M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသိန်း ၆/ရဖန(နိုင်)၀၁၆၈၅၃က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၃၀၅၆၉ ယာဉ်လက်ဝယ်ရှိသူ ဦးကြည်စိုး ၁၄/မအပ (နိုင်)၀၂၈၄၁၁က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)မအူပင်မြို့**

# ဒဂုံတောင်မြို့နယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်မီးလောင်၊ ငါးဦးသေဆုံး

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံတောင်မြို့နယ် (၁၈) ရပ်ကွက် စည်ပင်လမ်းနှင့် မောင်းမကန် ကမ်းသာလမ်းရှိ အကို့ဘီယာဆိုင်(၁)၌ ယနေ့ နံနက် ၄ နာရီခွဲက မီးလောင်မှု ဖြစ်ပွားခဲ့သည်။



အဆိုပါ မီးလောင်ကျွမ်းရခြင်းမှာ ထိုစားသောက်ဆိုင် အလုပ်သမားခေါင်းဆောင် ဖိုးခွား(ခ) နေလင်းဦးသည် နံနက် ၄ နာရီခန့်က ကြက်ဥကြော်စားရန် မီးဖိုချောင်အတွင်း ဓာတ်ငွေ့မီးဖိုအား မီးညှိရန်မီးခြစ်ရာမှ ဓာတ်ငွေ့ပိုက်ပေါက်နေ၍ စိမ့်ယိုထွက်နေသော ဓာတ်ငွေ့များမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းပြီး အခန်းအတွင်း ထားရှိသော စားဆီနှစ်ပုံးကို ထပ်မံကူးစက်ကာ မီးလောင်ကျွမ်းမှု ပိုမိုအရှိန်မြင့်ခဲ့ရ ခြင်းဖြစ်သည်။

မီးလောင်ကျွမ်းမှုကြောင့် မမျိုးပြည့်စုံ (၁၈နှစ်)သည် မီးလောင်ခံရသဖြင့် သင်္ဃန်းကျွန်းစံပြဆေးရုံကြီးသို့ အရေးပေါ်လူနာအဖြစ် တင်ပို့ကုသခံနေရပြီး မောင်သော်ဇင်ဖေဟန် (၂၄နှစ်)၊ မောင်ကောင်းထက်စံ (၁၉နှစ်)၊ မောင်မင်းမင်း (၂၀နှစ်)၊ ဝိုင်းတုန်ချစ် (၁၅နှစ်)၊ မောင်နေလင်းဦး (၁၈နှစ်) တို့မှာ မီးလောင်သေဆုံးခဲ့ကြသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာ သုံးစွဲကြသူ ဖိုးခွား (ခ) နေလင်းဦးနှင့် ဦးတေဟန် (ခ) ဦးဖေဟန်တို့အား ဒဂုံတောင်မြို့နယ်မြို့မရဲစခန်းက ဥပဒေအရ အရေးယူနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုကြီးစိုး (ဆိပ်ကမ်း)၊ဓာတ်ပုံ-တင်ကြည်**

# အမြန်လမ်းတွင် ဘုရားဖူးယာဉ်တစ်စီးမီးလောင်၊ ရှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၄/၁နှင့် ၄/၂အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဝင်းထွန်း မောင်းနှင်လာသော HIACE ယာဉ်သည် ယနေ့ နံနက် ၈ နာရီခွဲက ဝဲဘက်ဘီးပေါက်ပြီး အရှိန် မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းတွင် ကာရံထားသော အလူမီနီယံတန်းအား တိုက်ကာ မီးလောင်ပြီး ရပ်တန့်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့သည်။

အဆိုပါ ယာဉ်ပေါ်၌ ယာဉ်မောင်းပါ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးခုနစ်ဦး စုစုပေါင်းကိုးဦးအနက် ရှစ်ဦးသေဆုံးခဲ့ပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

သို့ဖြစ်၍ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအား အမှတ်(၃)လမ်းဆုံ အမြန်လမ်းမကြီး ရဲစခန်းပိုင်ယာဉ်ဖြင့် လှည်းကူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ အခင်းဖြစ်ပွားသည့်ယာဉ်နှင့် ယာဉ်ပေါ်ပါရှိသူများမှာ ဆင္ဒဂုံ ဆောက်လုပ်ရေးကုမ္ပဏီ သင်္ဃန်းကျွန်းမြို့နယ်မှဖြစ်ပြီး ပုဂံ-ညောင်ဦးသို့ ဘုရားဖူးသွားရောက်ပြီး အပြန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# အယောင်ဆောင် ရဲမေတစ်ဦးကို တရားရုံးက ထောင်ဒဏ်သုံးလချမှတ်

**မုံရွာ ဇန်နဝါရီ ၂၁**

ရဲတပ်ဖွဲ့ဝင်များဝတ်ဆင်သည့် ရဲဝတ်စုံအား စက်ဆိုင်တွင်ချုပ်လုပ်ဝတ်ဆင်ပြီး ရဲတပ်ဖွဲ့ဝင်များကဲ့သို့ အသွင်သဏ္ဌာန်ရယူထားသော အယောင်ဆောင်ရဲမေတစ်ဦးကို အလုပ်နှင့် ထောင်ဒဏ်သုံးလကျခံစေရန် မုံရွာမြို့နယ် တရားသူကြီး ဒေါ်နီလာသန်းဝင်းက ဇန်နဝါရီ ၂၀ ရက်တွင် အမိန့်စီရင်ချက်ချမှတ်လိုက်သည်။

အယောင်ဆောင် ရဲမေသည် မုံရွာမြို့ မြဝတီရပ်ကွက်၌ နေထိုင်သူတစ်ဦးဖြစ်ကာ ရဲဝတ်စုံတစ်စုံအား မုံရွာမြို့ ရုံးကြီးရပ်ကွက် ဘူတာလမ်းရှိ စက်ချုပ်ဆိုင်တစ်ဆိုင်၌ ချုပ်ပေးရန်အပ်ခဲ့ပြီး ခရိုင်ရဲ၊ မူးယစ်ရဲ၊ မြို့နယ်ရဲဟု ရပ်ကွက်များအတွင်း ပြောဆိုကာ အများပြည်သူအပေါ် လိမ်လည်လှည့်ဖြားမှုများပြုလုပ်စဉ် မုံရွာနယ်မြေရဲစခန်းက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

၎င်းအား ဇန်နဝါရီ ၂၀ ရက်က မုံရွာမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ တရားရုံးက အလုပ်နှင့် ထောင်ဒဏ်သုံးလကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**ကိုတိုးကြီး(မုံရွာ)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၀ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေခါကျေးရွာထိပ်လမ်းမပေါ်၌ ပရိုဘောက်အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် ဒေါ်ဆင့်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၆ ပြားနှင့် စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၁၁ ဂရမ်ကို သိမ်းဆည်းရမိသည်။

အလားတူ ဇန်နဝါရီ ၁၉ ရက်က ကျောက်တလုံးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ် နောင်ကားကျေးရွာနေ ခွန်ထွန်းအောင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ ကိုလည်းကောင်း၊ မိုးမိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာမှ သဲနီကျေးရွာသွားတောလမ်း၌ တွေ့ရှိသူ စိုးသွင်အားရှာဖွေရာ ဘိန်းဖြူ ၄၄ ဂရမ် နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၉၀တို့ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အင်္ဂပူတွင် နယ်မြေလုံခြုံရေးနှင့် မှုခင်းလျှော့နည်းကျဆင်းရေးဆောင်ရွက်

**အင်္ဂပူ ဇန်နဝါရီ ၂၁**

အင်္ဂပူမြို့၌ နယ်မြေလုံခြုံရေးနှင့် မှုခင်းလျှော့နည်းကျဆင်းရေးအတွက် မော်တော်ယာဉ်များ စစ်ဆေးခြင်းကို ဇန်နဝါရီ ၂၀ ရက် ည ၉ နာရီက အင်္ဂပူမြို့အမှတ်(၃)ရပ်ကွက် ငဝန်ရောလမ်းမကြီး အလကမြို့မ(တောင်) ကျောင်းရှေ့၌ ပြုလုပ်ခဲ့သည်။

အဆိုပါ နယ်မြေလုံခြုံရေးနှင့် မှုခင်းလျှော့နည်းကျဆင်းစေရေးအတွက် မော်တော်ယာဉ်များအား စစ်ဆေးခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး၏ညွှန်ကြားမှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက မော်တော်ယာဉ်များကို စစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုရှိစေရေး၊ အန္တရာယ်ဖြစ်စေသော လက်နက်များ သယ်ဆောင်သွားလာမှုမရှိစေရေးတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**




# ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

## လူပျောက်ကြော်ငြာ

ကသာခရိုင်၊ ဝန်းသိုမြို့နေ ကျွန်တော် ဦးမောင်မောင်၏ဇနီး မနီနီလွင် ၅/ဝသန(နိုင်)ဝ၇၁၈၁၉ သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ (၁၀) ရပ်ကွက်နေ ၎င်း၏အသွားဖြစ်သူ ဒေါ်လှမြင့်ထံ အလည်သွားရောက်ရာမှ သန်လျင်မြို့၊ ဘုရားကုန်းရပ်နေ အဒေါ်ဖြစ်သူ မခင်မြင့်နေအိမ်မှ ၁၃-၁-၂၀၁၇ ရက် ည ၂နာရီခန့်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအမြန်ဆက်သွယ်ပါရန်နှင့် လက်ခံထားသူများအား တရားဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဆက်သွယ်ရန် -ဒေါ်တင်သန်းလွင်**
**ဖုန်း-၀၉-၂၅၇၁၅၅၇၉၁**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ဂေါ်သဇင်လမ်း၊ အမှတ်(၇၇)နေ ဦးအောင်မြင့် ၆/ထဝန(နိုင်)၀၅၈၆၂၀ (ဘ) ဦးစီလှိုင်နှင့် ဒေါ်ကြည်ကြည်ခိုင် ၁၂/အစန(နိုင်)၁၃၀၀၉၀ (ဘ)ဦးအောင်ဌေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများမှ မြင်းခြံမြို့၊ တိုးချဲ့(၁၈)ရပ်ကွက်၊ နထားကျောက်ရုံလမ်းခွဲနေ ဒေါ်ကေခိုင်လတ် ၁၂/အစန(နိုင်)၀၆၈၁၀၅ (ဘ) ဦးအောင်ဌေးသို့ ပဲခူးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၃-၁-၂၀၁၅ ရက်တွင် လွှဲအပ်ခဲ့သော မှတ်ပုံတင်စာချုပ်အမှတ် (၃၁/VI /GP) အထွေထွေကိုယ်စားလှယ်လွှဲစာအား ဦးအောင်မြင့်နှင့် ဒေါ်ကြည်ကြည်ခိုင်တို့က ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း ဒေါ်ကေခိုင်လတ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ငြိမ်း (B.A, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၄/၇၇)**
**အမှတ် (၃၀)၊ ဂေါ်သဇင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၄၃၀၂၈၁၇၀၊ ၀၅၂-၂၂၀၀၉၉၄**

## အမြန်ပြန်လာပါ

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၅)၊ အမှတ်(၅)နေ ဦးထိုက်နိုင် ၁၃/လရန(နိုင်)၁၄၀၁၇၄ ၏ဇနီး ဒေါ်ရှီဟွီး ၁၃/လရန(နိုင်)၂၁၈၆၀၄ သည် ၂၆-၁၂-၂၀၁၆ ရက်တွင် နေအိမ်မှထွက်သွားပါ၍ တွေ့ရှိပါကအကြောင်းကြားပေးပါရန်နှင့် လက်ခံထားရှိသူအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားပါမည်။ **ဦးထိုက်နိုင်**

## ကန့်ကွက်နိုင်ပါသည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်-ငွေဆောင်မြို့နယ်ခွဲ၊ ရပ်ကွက်/ကျေးရွာအုပ်စု-သဇင်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၉၈၈/သဇင်ကွင်း၊ ဦးပိုင်/မြေကွက်အမှတ် N-၁၁၇၊ ဧရိယာ ၀ဒသမ ၄၇၈က အကျယ်အဝန်းရှိ လ/န-၃၉ရပြီး ဟိုတယ်မြေအမျိုးအစား မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူဖြစ်သူ ဒေါ်စန်းစန်းရီ ၁၂/ဗတထ(နိုင်) ၀၁၉၇၂၅ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၅ ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်-

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်သူရ(မြောင်းမြ)** | **ဦးဖေယျာထွန်း (စဉ်-၂၅၇၈၅)** |
| **LL.B, A.G.T.I(EP), D.B.L, D.M.L** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ (၈၁၀၈)** | **အထက်တန်းရှေ့နေ** |
| **ဒေါ်ချယ်ရီလှိုင် (စဉ်-၈၈၆၁)** | **ဦးစိုးလွင်ဦး (စဉ်-၃၇၉၈၁)** |
| **LL.B** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် ၁၃၂၊ ပထမထပ်၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၁၃၃၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုဝင်း ၉/ကပတ(နိုင်)၁၄၆၅၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၇၉၈၈ V-Anbo 125 ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ငြိမ်း ၉/ခအဇ(နိုင်)၀၂၂၇၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မော်ဘီမြို့၊ အမှတ် (၂)တိုးချဲ့ရပ်ကွက်အတွင်းရှိ အိမ်ရာမြေကွက်အမှတ် (8)မြေကွက်အား မူလပိုင်ရှင်ဖြစ်သူထံမှ ၁၉-၁-၂၀၁၇ရက်စွဲပါ စာချုပ်စာတမ်းများဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသဖြင့် လိုအပ်သည့် ပိုင်ဆိုင်မှု အထောက်အထားများ ဆက်လက်ဆောင်ရွက်လိုပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက အောက်ဖော်ပြပါလိပ်စာသို့ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက လိုအပ်သည့်လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**နန်းဟွမ်မို**
**၁၃/နဆန(နိုင်)၀၂၃၇၉၉**
**ဖုန်း-၀၉-၇၉၀၇၇၇၇၇၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဖြိုးကိုကို၏ CDC-91085 သည် PSC/RB လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၃၅၈၈၆၅၅**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၄၈၇၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၂၉၄၀၀ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနောင်ထိုက်သူ ၉/ပသက (နိုင်) ၀၈၇၈၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

# ဆွမ်ဆီးတို့ အဝေးကွင်း၌ လီဗာပူးကို အနိုင်ကစား



အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၂) စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် ဇန်နဝါရီ ၂၁ရက် ညပိုင်းတွင် လီဗာပူးနှင့် ဆွမ်ဆီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆွမ်ဆီးအသင်း အန်ဖီးလ်ကွင်း၌ သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် လီဗာပူးအသင်း ၄-၃-၃ တိုက်စစ်ပုံစံဖြင့် လည်းကောင်း၊ ဆွမ်ဆီးအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် လည်းကောင်း ပွဲထွက်လာကြသည်။ ပွဲစပြီးနှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ပြီး ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် ဆွမ်ဆီးအသင်းသည် တန်ပြန်တိုက်စစ်များဖြင့် ပွဲချိန် ၄၈ မိနစ်တွင် တိုက်စစ်မှူး လော်ရန်တီ ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၅၃ မိနစ်တွင် လော်ရန်တီက ဆွမ်ဆီးအတွက် ထပ်မံ၍ ဒုတိယဂိုးသွင်းယူခဲ့သည်။

လီဗာပူးအသင်းသည် ချေပဂိုးရရှိရန် ဖိအားပေးကစားခဲ့ပြီး ပွဲချိန် ၅၅ မိနစ်တွင် ဂျိန်းစ်မီလ်နာ၏ ဖြတ်တင်ဘောမှ တစ်ဆင့် ဖာမီနိုက ခေါင်းတိုက်သွင်းယူကာ ချေပဂိုးတစ်ဂိုးရရှိခဲ့သည်။ လီဗာပူးအတွက် ဒုတိယမြောက်ချေပဂိုးကို ပွဲချိန် ၆၉ မိနစ်တွင် ဖာမီနိုက ထပ်မံသွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းသည် အိမ်ကွင်းတွင် အနိုင်ရရှိရန်အတွက် တိုက်စစ်မြှင့်ခဲ့သော်လည်း ပွဲချိန် ၇၄ မိနစ်တွင် ဆွမ်ဆီးအသင်းမှ တန်ပြန်တိုက်စစ်ဖြင့် ကွင်းလယ်ကစားသမား ဆီဂါတ်ဆန်က ဆွမ်ဆီးအတွက် တတိယမြောက်အနိုင်ဂိုး သွင်းယူပေးခဲ့သည်။

ယနေ့ပွဲတွင် လီဗာပူးအသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး (၁၃)ကြိမ် ဂိုးကန်သွင်းခွင့်ရကာ ခုနစ်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ဆွမ်ဆီးအသင်းသည် ခြောက်ကြိမ်သာ ကန်သွင်းခွင့်ရခဲ့ပြီး လေးကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ဆွမ်ဆီးသည် ရမှတ် ၁၈ မှတ် ရရှိခဲ့ပြီး တန်းဆင်းဇုန်နားတွင် ထပ်မံ ရုန်းကန်ရဦးမည်ဖြစ်သည်။ လီဗာပူးသည် ရမှတ် ၄၅ မှတ် ရရှိထားသော်လည်း တနင်္ဂနွေနေ့ညပိုင်းတွင် ယှဉ်ပြိုင်မည့် အာဆင်နယ်နှင့် ဘန်လေပွဲ၌ အာဆင်နယ်အသင်း အနိုင်ရရှိခဲ့ပါက လီဗာပူးအသင်းအဆင့် (၃)နေရာမှ ဆင်းပေးရမည်ဖြစ်သည်။

**သီဟ**

| | |
|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် (၂၂)** | |
| ဘုန်းမောက် | ၂ - ၂ ဝက်ဖို့ဒ် |
| ပဲလေ့စ် | ဝ - ၁ အဲဗာတန် |
| မစ်ဒယ်ဘရော့ ၁ - ၃ ဝက်စ်ဟမ်း | |
| စတုတ်စီးတီး | ၁ - ၁ မန်ယူ |
| ဝက်စ်ဘရွန်း | ၂ - ဝ ဆန်းဒါးလန်း |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၁၇)** | |
| ရှော်လ်ကေး | ၁ - ဝ အင်ဂိုစတက် |
| ဝုဖ်ဘတ် | ၁ - ဝ ဟမ်းဘတ် |
| အော့စ်ဘတ် | ဝ - ၂ ဟော်ဖန်ဟိမ်း |
| ဝါဒါဘရီမင် | ဝ - ဝ ဂလာဘတ် |
| **စပိန်လာလီဂါ ပွဲစဉ် (၁၉)** | |
| အက်စ်ပန်ညို | ၃ - ၁ ဂရန်နာဒါ |
| ရီးရဲမက်ဒရစ် | ၂ - ၁ မာလာဂါ |

## မြန်မာအမျိုးသမီးအသင်း အိမ်ရှင်တရုတ်အသင်းကို ရှုံးနိမ့်

တရုတ်ဖိတ်ခေါ် အမျိုးသမီးပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အိမ်ရှင် တရုတ်လက်ရွေးစင် အမျိုးသမီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်း၏ ပွဲထွက်လူစာရင်းတွင် ခင်မိုးဝေပြန်ပါလာပြီး ယူကရိန်းအသင်းနှင့် ကစားခဲ့သည့် ပွဲထွက် လူစာရင်းအတိုင်းနီးပါး ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးမရှိ သရေကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းမှ နှစ်ဂိုးပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇန်နဝါရီ ၂၄ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

❍ *ကျောဖုံးမှ*

ပွဲချိန် ၂၅ မိနစ်တွင် ထောင့်ကန်ဘောမှ ပြန်ထွက်လာသော ဘောလုံးကို GFA အသင်းက ချက်ချင်းတိုက်စစ်ဆင်ကာ မောင်မောင်ဝင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ကစားကွက်တည်မရဖြစ်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းအစတွင် စိုးမင်းဦးနှင့် ကင်ပေးဝူတို့ကိုထည့်သွင်းကာ အပြောင်းအလဲလုပ်ခဲ့သည်။ ယင်းကစားသမားနှစ်ဦး ဝင်လာပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက် ကစားပုံပိုကောင်းလာပြီး ၆၂ မိနစ်တွင် ချေပဂိုးပြန်ရခဲ့သည်။ ရှမ်းယူနိုက်တက်အတွက် ချေပဂိုးကို တိုက်စစ်မှူး ခရစ္စတိုဖာက သွင်းယူခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းပွဲကို ထိန်းချုပ်ကစားသွားခဲ့ပြီး ၇၄ မိနစ်တွင် ဝါရင့်တိုက်စစ်မှူး စိုးမင်းဦးက အနိုင်ဂိုးသွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းသွင်းဂိုးများကြောင့် နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။

ပုသိမ်ကွင်း၌ ကျင်းပသောပွဲတွင် ရောဝတီနှင့် မကွေးအသင်း ဂိုးမရှိသရေကျခဲ့သည်။ ပွဲစဉ် (၂) ဒုတိယနေ့ကို ဇန်နဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မန္တလာသီရိကွင်း၌ ရတနာပုံနှင့် ဇွဲကပင်၊ အောင်ဆန်းကွင်း၌ ချင်းနှင့် Southern ၊ တောင်ငူကွင်း၌ ဟံသာဝတီနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၁-၂၀၁၇ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast NEWS
- ၇း၃၀ - Business News
- ၈း၃၀ - လုပစုံလင်အာဆီယံတစ်ခွင်
- ၈း၄၀ - ပုံပြောပြိုင်ပွဲ (အပိုင်း-၄)
- ၉း၃၀ - ပြည်သူတို့ရဲ့စကားသံများ
- ၉း၅၀ - ပညာရိပ်မြုံ ကဗျာပေါင်းချုပ်- မင်းသုဝဏ်၊ မောင်ဖြူး
- ၁၀း၀၀ - Sunday Talk
- ၁၀း၃၀ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁း၂၅ - ASEAN Sportlight မြန်မာအမျိုးသမီးများရဲ့ တစ်နေ့တာလှုပ်ရှားမှု
- ၁၂း၅၀ - ဖြူ/မည်းရုပ်ရှင် **မွှေးလွန်းသည့်ပန်း** ကောလိပ်ဂျင်နေဝင်း၊ ကြည်စိုး၊ ခင်ယုမေ (ဒါရိုက်တာ -မောင်မောင်သောင်း)
- ၁၄း၂၅ - ဝိုင်းကူတွဲခေါ် ကျောင်းနေပျော် (ပညာရေး)

**ညပိုင်း**

- ၁၅း၀၀ - This Week's Special Interest
- ၁၅း၁၅ - THE MNL (Myanmar National League)
- ၁၅း၄၅ - Myanmar National League (MNL) (1) (2017) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Chin United FC Vs Southern Myanmar FC)
- ၁၈း၁၅ - အလင်္ကာကျော်စွာ ရွှေပြည်အေး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေး အစီအစဉ် (အပိုင်း-၃)
- ၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ မြွေပျိုမယ်ရဲ့ မာယာကလဲ့စား (အပိုင်း-၂၆)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၂၅ - မဲဆန္ဒရှင်ပြည်သူများ ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများ
- ၂၁း၀၀ - ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
- (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) သုဝဏ္ဏသာမဇာတ်တော်ကြီး (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး) (ပထမပိုင်း)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၆၀၅၆၂ TOHON-110 MC ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကိုကိုထက် ၈/မကန(နိုင်)၁၃၉၈၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသန္တာဦး၏ အဘိုးအဘွားဖြစ်သူ ဦးတင်လှ-ဒေါ်စန်းမြင့်တို့တွင် သားသမီးများအဖြစ် (၁)ဦးလှမြင့်ဦး၊ (၂)ဦးသန်းစိုး၊ (၃) ဦးအောင်မြင့်၊ (၄) ဦးစိုးသန်း၊ (၅)ဒေါ်ကြည်ချိုဝင်းတို့ သားသမီး (၅)ဦး ထွန်းကားခဲ့ပါသည်။

ယခုအခါ အဘိုးအဘွားများ ကွယ်လွန်သွားပြီဖြစ်၍ အဘိုးအဘွားများ၏ ပိုင်ဆိုင်ကျန်ရှိလျက်ရှိသော ပစ္စည်းမှာ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ် (၁၃)၊ အမှတ် (က/၂၃/၁၀)ရှိ နေအိမ်နှင့် ဥပစာအရပ်ရပ်အားလုံးဖြစ်ပါသည်။

အဆိုပါ ကျန်ရစ်ခဲ့သည့် ပစ္စည်းသည် မခွဲမစိတ်ရသေးသည့်ပစ္စည်းဖြစ်ပါ၍ အမွေဆိုင်ဝေစုအပေါ် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မေသန္တာဦး (ဦးသန်းစိုး၏သမီး)ဖြစ်သူက လက်ရှိနေထိုင်လျက်ရှိနေပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရဘဲရောင်းချခြင်း၊ ပေါင်နှံခြင်း ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်းတို့ မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသန္တာဦး(ဘ)ဦးသန်းစိုး ၁၂/အစန(နိုင်)၂၀၂၇၂၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ညိုမာထွေး(LL.B)** **ဒေါ်ရီလေးမော်(LL.B)**
**စဉ်-၄၃၂၉၉** **စဉ်-၂၇၁၀၃**

**အထက်တန်းရှေ့နေများ**

**ရုံး- ရှေ့နေများ နားနေခန်း၊ စုပေါင်းရုံးကြီး(အပေါ်ထပ်)၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၈၉၃၈၀၊၀၉-၄၂၀၂၉၄၀၀၄**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေတဆုပ်လမ်း၊ အမှတ်(၁၉၆/၅၉)၊ ၄လွှာ၊ ခြေရင်းခန်း၊ ရေမီးအစုံ အခန်းတစ်ခန်းအား အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးအေးထွန်း ၁၂/လမန(နိုင်)၁၁၀၁၃၉ထံမှ ကျွန်ုပ် ဦးနေလင်းထွန်းမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေလင်းထွန်း**
**အမှတ် ၂၁၊ ဦးဘဟန်လမ်းသွယ်၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၈၁၅၉၉၀၂၂၊ ၀၉-၉၆၁၀၉၈၉၇၁**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/5349 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဌ/၃၂၅၂၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ငြင်းချက်ထုတ်ရန် သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်- ၅၊ နည်းဥပဒေ -၂၀)**
**သနပ်ပင်မြို့နယ်တရားရုံးတော်**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် -၈၉**

| | | | |
|---|---|---|---|
| ဦးဝင်းတင် | **နှင့်** | ၁။ ဦးသန်းဝင်း | ၂။ ဦးစိုးဝင်း |
| | | ၃။ ဒေါ်တင်ထွေး | ၄။ ဦးမောင်စိုး |
| | | ၅။ ဒေါ်မြိုင် | ၆။ ဒေါ်ကြိုင် |
| | | ၇။ ဒေါ်သင်းသင်း | |
| **တရားလို** | | **တရားပြိုင်များ** | |

သနပ်ပင်မြို့နယ်၊ ညောင်ကားယားကျေးရွာနေ ဒေါ်ကြိုင်နှင့် ဒေါ်သင်းသင်း (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးဝင်းတင်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**မြို့နယ်တရားသူကြီး**
**သနပ်ပင်မြို့နယ်တရားရုံး**

### ဝန်ထမ်းအမြန်အလိုရှိသည်

**စိုက်ပျိုးရေးကွင်းဆင်းဝန်ထမ်း** **အမျိုးသား(၂)ဦး**

ဓာတ်မြေဩဇာနှင့်ပြောင်းမျိုးစေ့ တင်သွင်းဖြန့်ဖြူးရောင်းချသည့်ကုမ္ပဏီမှ လစ်လပ်လျက်ရှိသော စစ်ကိုင်းတိုင်း(မုံရွာအထိုင်)နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း (သီပေါအထိုင်) တို့တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။ ဒေသခံဖြစ်လျှင်ပိုအဆင်ပြေသည်။ ကုမ္ပဏီမှ နေစရိတ်၊ စားစရိတ် စီစဉ်ပေးမည်။

လိုအပ်သောအရည်အချင်းများ

- စိုက်ပျိုးရေးသိပ္ပံဘွဲ့(သို့)စိုက်ပျိုးရေးဒီပလိုမာလက်မှတ်ရရှိသူ ဦးစားပေးမည်။
- အသက် ၂၂ နှစ်မှ ၃၅နှစ်အတွင်း ဖြစ်ရမည်။
- အခြားဘွဲ့ရရှိသူများလည်း လျှောက်ထားနိုင်ပါသည်။
- စိုက်ပျိုးရေးနှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံ(၂)နှစ်အနည်း ဆုံးရှိရမည်။
- စိုက်ပျိုးရေးလုပ်ငန်းကို အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။
- Sale Target များကိုလည်း ပြည့်မီအောင်ရောင်းချနိုင်ရမည်။
- ခရီးဝေးသွားလာနိုင်ရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်၍ စကားပြောပြေပြစ်ရမည်။

**Agriculture Consultant** **အမျိုးသား(၁)ဦး**

- စိုက်ပျိုးရေးသိပ္ပံဘွဲ့ (သို့) စိုက်ပျိုးရေးဒီပလိုမာလက်မှတ် ရှိသူဖြစ်ရမည်။
- အသက် ၄၅ နှစ်မှ ၆၀အတွင်းဖြစ်ရမည်။
- စိုက်ပျိုးရေးနှင့်ပတ်သက်သော အတွေ့အကြုံ (၁၅နှစ်)နှင့်အထက်ရှိရမည်။
- စိုက်ပျိုးရေးနှင့်ပတ်သက်သော (မြေဆီ၊ စပ်မျိုးပြောင်း)နည်းပညာပေးခြင်း၊ အခက်အခဲများကို ဖြေရှင်းနိုင်ခြင်း၊ ကုမ္ပဏီတိုးတက်မှုအတွက် အကြံဉာဏ်များ ပေးနိုင်သူဖြစ်ရမည်။
- ခရီးဝေးသွားနိုင်ရမည်။
- ပင်စင်စားများဦးစားပေးခန့်ထားမည်။
- မန္တလေးတွင်ရုံးထိုင်ရမည်။
- ကုမ္ပဏီမှနေ/စားစရိတ်ထောက်ပံ့ပေးခြင်းမရှိသောကြောင့် ဒေသခံဖြစ်လျှင် ပိုအဆင်ပြေသည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာပညာရေးမိတ္တူ၊ ရပ်ကွက်ထောက်ခံစာနှင့်အတူ(၇)ရက်အတွင်းလူကိုယ်တိုင် (သို့) Viber (သို့) Email မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်။

**Green Farm Development Co.,Ltd**

အမှတ်၈၃၊ ၈၅လမ်း၊ ၃၁လမ်း × ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး မြို့

Phone-02-69767,09-788088001,788088006,Viber-09-777902466, Email-gfd168@gmail.com

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/6174 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/ 3521, Pyi Shwe Bo L/T, P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်အေးရွှေ ၁၁/ရဗန(နိုင်)၀၅၀၆၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

### မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ် အထက နဂါးပေါက် အဋ္ဌမတန်း(B)မှ မအိကြိုက်၏ မိဘအမည်မှန်မှာ ဦးကျင်ခမ်း ၁၃/ပယန(နိုင်)၀၀၃၄၀၃နှင့် ဒေါ်အိယွမ်း၁၃/ပယန(နိုင်)၀၀၃၄၆၂ ဖြစ်ပါကြောင်း။

**ဦးကျင်ခမ်း- ဒေါ်အိယွမ်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၈၄၁၁၀ ယာဉ်လက်ဝယ်ရှိသူ KAUNG THIT LWIN Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)မအူပင်မြို့**

**အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ**

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို တင်ဆက်လျက်ရှိပါသည်။

# လူငယ်များ၏ ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှုနှင့် ကလေးလုပ်သား အကူးအပြောင်းဆန်းစစ်ခြင်း မှတစ်ဆင့် ပြောပြနေသည့် ကလေးသူငယ်ဆိုင်ရာ အချက်အလက်များ

**သတင်းဆောင်းပါး-ခင်ရတနာ၊**

**ဓာတ်ပုံ-မေဦးမိုး**

၂၀၁၅ခုနှစ်တွင် ကောက်ခံခဲ့သည့် လူဦးရေစာရင်းများအရ မြန်မာနိုင်ငံတွင် လူဦးရေ ၄၈ သန်းရှိပြီး အမျိုးသမီးဦးရေ ၅၃ ရာခိုင်နှုန်း ( ၂၅ ဒသမ ၄သန်း)နှင့် အမျိုးသားဦးရေ ၄၇ ရာခိုင်နှုန်း (၂၂ ဒသမ ၆သန်း)ခန့် ရှိပါသည်။ ထိုလူဦးရေ၏ ၂၇ ရာခိုင်နှုန်းသည် အသက် ၅ နှစ်မှ ၁၇ နှစ်အကြား ကလေးသူငယ်များဖြစ်ကြောင်း သိရသည်။

ထို ၂၇ရာခိုင်နှုန်းတွင် ကလေးသူငယ်ဦးရေ ၁၂ သန်းခန့်ပါဝင်ပြီး အမျိုးသမီးနှင့်အမျိုးသားမှာ ခြောက်သန်းစီရှိကာ အဆိုပါ ကလေးသူငယ်ဟု သတ်မှတ်ထားသည့် လူဦးရေ ၁၂ သန်းအနက် ၅၄ ရာခိုင်နှုန်းသည် အသက် ၅ နှစ်မှ ၁၁နှစ်အထိရှိကြပြီး ၂၀ ရာခိုင်နှုန်းမှာ ၁၅ နှစ်မှ ၁၇ နှစ်အကြားတွင် ရှိသည်။

**ကလေးသူငယ် ၁၂သန်းဘယ်မှာနေထိုင်သလဲ**

ကလေးသူငယ်များအတွက် ကောက်ခံထားသည့် စစ်တမ်းများအရ ကလေးစုစုပေါင်း ၁၂ သန်း၏ ၇၄ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်သူများဖြစ်ကာ ၂၅ ဒသမ ၇ ရာခိုင်နှုန်းမှာ မြို့ပြတွင်နေထိုင်သူများ ဖြစ်ကြသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကလေးသူငယ်များ တည်ရှိမှုသည်လည်း မတူညီသည်ကို စစ်တမ်းများအရ သိရှိရသည်။ ကလေးသူငယ် ပါဝင်မှုများအလိုက် ရှမ်းပြည်နယ်တွင် လူဦးရေစုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းသည် ကလေးသူငယ်များဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ၏ ၁၂ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။ ကယားပြည်နယ်တွင် ကလေးသူငယ် နေထိုင်တည်ရှိမှုနှုန်း နည်းပါးကာ လူဦးရေ၏ ဝ ဒသမ ၇ ရာခိုင်နှုန်းသာရှိသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်မူ ၁ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအကြား ပါဝင်နေသည်ကို တွေ့ရသည်။

**ကလေးတွေ စာသင်ခွင့်ရကြသလား**

စစ်တမ်းအရ ကျောင်းတက်နိုင်သော ကလေးအရေအတွက်ကို သတ်မှတ်ရာတွင် ကလေးသူငယ်များ၏ ၇၈ ရာခိုင်နှုန်းသည် ကျောင်းနေခွင့်ရရှိကြပြီး လူဦးရေအားဖြင့် ယောကျ်ားလေးဦးရေ ၄၆၄၂၇၄၂ ဦးနှင့် မိန်းကလေး ဦးရေ ၄၈၀၆၆၇၅ ဦးရှိကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။ ကျောင်းနေသော ကလေးများကို လေ့လာရာတွင် အသက် ၅ နှစ်မှ ၁၁ နှစ်အထိ ကလေးများ၏ ၉၉ ရာခိုင်နှုန်းခန့်၊ အသက် ၁၂ နှစ်မှ ၁၄ နှစ်အထိ ကလေးများ၏ ၈၀ ရာခိုင်နှုန်းနှင့် အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ ကလေးများ၏ ၅၀ ရာခိုင်နှုန်းနီးပါး ကျောင်းတက်ခွင့်ရရှိသည်ကို မြင်တွေ့ရသည်။ အသက်အုပ်စုအားလုံးတွင် ပညာသင်ကြားမှု၌ မိန်းကလေးများက ပို၍ရရှိကြသည်ဟု စစ်တမ်းက ဖော်ပြထားသည်။

ကလေးသူငယ်စစ်တမ်းအရ အသက် ၅ နှစ်မှ ၁၁နှစ် အခြေခံပညာမူလတန်း သင်ကြားရသည့်အရွယ်တွင် သင်ယူခွင့်ရရှိသည့် လူဦးရေမှာ ရှိရင်းစွဲလူဦးရေ၏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းအထိရှိလာပြီး အခြေခံပညာအလယ်တန်းအဆင့် သင်ကြားရမည့် အသက်အရွယ် အသက် ၁၂နှစ်မှ ၁၄ နှစ်အထိတွင် ကျောင်းတက်ရောက်နိုင်သည့်နှုန်းမှာ ၈၂ ရာခိုင်နှုန်းကျော်သာရှိတော့ပြီး အသက် ၁၅ နှစ်မှ ၁၇ နှစ်အရွယ် အခြေခံပညာအထက်တန်း သင်ယူရမည့်ကာလအတွက် ကလေးသူငယ် ၅၀ ရာခိုင်နှုန်းသည်သာ ပညာဆက်လက်သင်ယူနိုင်တော့ကြောင်း သိရသည်။

အခြေခံပညာအထက်တန်းအဆင့် မပြီးမြောက်ဟု ယူဆရသည့် အသက်အပိုင်းအခြားများတွင် မိန်းကလေးများထက် ယောကျ်ားလေးများက ပိုမိုပါဝင်နေကြပြီး ပညာသင်ကြားမှုနှုန်း ကျဆင်းရခြင်းမှာ ဆင်းရဲနွမ်းပါးမှု၊ နေထိုင်မှုအဆင့်အတန်း၊ အိမ်ထောင်စုဝင်များအရေးကိစ္စနှင့် ပိုမိုလိုအပ်လာသည့် စိုက်ပျိုးရေးနှင့် ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းများ၏ သဘောသဘာဝ၊ အလုပ်နှင့်ပညာရေးအကြားဝေခွဲမရဖြစ်ခြင်း၊ ကျောင်းဆက်လက်တက်ရောက်ရန် လက်လှမ်းမမီခြင်းစသည့် အချက်များပေါ်တွင် မူတည်ကြောင်း နိုင်ငံတကာစစ်တမ်းပညာရှင်များက အကြံပြုကြသည်။

မြန်မာနိုင်ငံရှိ ကလေးသူငယ် ၁၂ သန်းအနက်မှ ၁၅ ရာခိုင်နှုန်းဖြစ်သည့် ၁၈၆၉၄၉၃ ဦးမှာ ကျောင်းတက်နိုင်ခြင်းမရှိသည့် ကလေးများဖြစ်ကြပြီး ကျောင်းမတက်နိုင်သူ ဦးရေ၏ ၆၅ ရာခိုင်နှုန်း ၁၂၂၅၇၇၅ ဦးမှာ အသက် ၁၅ နှစ်မှ ၁၇ နှစ်အကြားရှိသည်ကို ဝမ်းနည်းဖွယ်ရာ မြင်တွေ့ရပြီး ကလေးသူငယ်အားလုံး၏ ၆ ဒသမ ၅ ရာခိုင်နှုန်းသည် ကျောင်းလုံးဝ





တက်ရောက်ဖူးခြင်းမရှိသည်ကို တွေ့မြင်ရသည်။

**မြန်မာကလေးတွေ အိမ်မှုကိစ္စလုပ်ကြရသလား**

ဈေးဝယ်ခြင်း၊ ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ အဝတ်လျှော်ခြင်းစသည့် အိမ်မှုကိစ္စများအတွက် ကလေးသူငယ်များက လုပ်ကိုင်ပေးကြသည်ကိုသိရှိရပြီး ကလေးသူငယ်စုစုပေါင်း၏ လေးပုံသုံးပုံခန့်မှာ ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး တစ်နာရီခန့် အိမ်မှုကိစ္စများ ဆောင်ရွက်ကြရသည်။

မြို့ပြနေကလေးများက ကျေးလက်နေကလေးများထက် အိမ်မှုကိစ္စဆောင်ရွက်ရမှုနှုန်း ပိုမိုများပြားပြီး အသက် ၅ နှစ်မှ ၁၁ နှစ်အထိ ကလေးများတွင် မိန်းကလေးများ၏ ၉၀ ရာခိုင်နှုန်း ယောကျ်ားလေးများတွင် ၃၄ ရာခိုင်နှုန်းသည် တစ်ပတ်လျှင် အနည်းဆုံး ၁ နာရီခန့် အိမ်မှုကိစ္စများကို ဆောင်ရွက်ပေးလေ့ရှိသည်ကို မြင်တွေ့ရသည်။

**ကလေးတွေနဲ့ အလုပ်အကိုင်**

ကလေးသူငယ်စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကျော် ၁၂၇၉၀၉ ဦးသည် အလုပ်လုပ်သော ကလေးသူငယ်များဖြစ်သည်ဟု စစ်တမ်းများအရသိရှိရပြီး ယောကျ်ားလေး ၆၇၆၂၀၈ ဦးနှင့် မိန်းကလေး ၆၀၂၇၀၁ ဦးပါဝင်လျက်ရှိသည်။ ထိုအနက် အမှန်တကယ် အလုပ်လုပ်နိုင်သည့် အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ ကလေးများ၏ ၇၅ ရာခိုင်နှုန်းမှာ အလုပ်လုပ်နေသောကလေးများဖြစ်ကြကြောင်း သိရသည်။

အလုပ်လုပ်နေသော ကလေးအများစုမှာ ကျေးလက်တွင် နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် ကလေးများ၏ ၅၇ ရာခိုင်နှုန်းသည် လုပ်ခလစာရရှိသည့် ကလေးလုပ်သားများအဖြစ် ရပ်တည်နေကြကြောင်း စစ်တမ်းအရ သိရှိရသည်။ ကျန်အလုပ်လုပ်နေသည့် ကလေးများမှာ ကိုယ်ပိုင်လုပ်ငန်းနှင့် မိသားစုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြသူများ ဖြစ်ကြသည်။

**ကလေးသူငယ် လုပ်ငန်းခွင်**

အလုပ်လုပ်နေသော ကလေးသူငယ်များ အဓိကလုပ်ကိုင်နေသည့်လုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းများတွင်ဖြစ်ကြပြီး ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကလုပ်ကိုင်နေကြကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။


မြို့ပြနေ ကလေးသူငယ်များသည် လက်မှုပညာနှင့် ဆက်စပ်သည့် လုပ်ငန်းများ ဝန်ဆောင်မှုနှင့်အရောင်းလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြပြီး ကျေးလက်တွင် လယ်ယာလုပ်ငန်းနှင့် အခြေခံလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကျေးလက်ဒေသ စိုက်ပျိုးရေးလုပ်ငန်းများသည် ကလေးများအတွက် လွတ်လပ်မှုရှိပြီး စိတ်ဖိစီးမှုကင်းသည့် လုပ်ငန်းများဖြစ်ကြကာ အလုပ်အကိုင်အခွင့်အလမ်းအများဆုံး ဖြစ်သည်။


**ကလေးသူငယ်တွေရဲ့အလုပ်ချိန်**


ကလေးသူငယ်များ၏ အလုပ်လုပ်မှု စနစ်ကို လေ့လာကြည့်ရာ ပျမ်းမျှအားဖြင့် တစ်ပတ်လျှင် ၅၂ နာရီခန့် အလုပ်လုပ်နေကြသည်ကို မြင်တွေ့ရသည်။ ထိုအနက် မိန်းကလေးများသည် ယောကျ်ားလေးများထက် ပိုမိုအလုပ်ချိန်များပြားနေပြီး ကျေးလက်နေကလေးများထက် မြို့ပြနေကလေးများက အလုပ်လုပ်ချိန် ပိုမိုနေသည်ကို စစ်တမ်းကလည်း ဖော်ပြထားသည်။


အထူးသဖြင့် ကလေးသူငယ်များ၏ ၂၄ ရာခိုင်နှုန်းမှ ၃၃ ဒသမ ၆ ရာခိုင်နှုန်းသည် တစ်ပတ်လျှင် အလုပ်ချိန် ၆၀ နာရီအထိ အလုပ်လုပ်နေကြရသည်ကို မြင်တွေ့ရပြီး ထိုအလုပ်များသည် ကလေးသူငယ်များအတွက် ခက်ခဲပင်ပန်းသည့် အလုပ်များဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ တစ်နည်းဆိုရလျှင် အဆိုပါကလေးများသည် တစ်ပတ်လျှင် အလုပ်လုပ်ရက် ၆ ရက်နှင့် တွက်ချက်ပါက တစ်နေ့လျှင် အလုပ်ချိန် ၈နာရီမှ ၁၀ နာရီအထိ အလုပ်လုပ်နေကြသည်ကို မြင်တွေ့ရသည်။


*ဆက်လက်ဖော်ပြပါမည်*





YBS











# မြန်မာသရ(၆)

## မောင်ခင်မင်(ဓနုဖြူ)

" တစ်ခုမေးချင်ပါတယ်ဆရာ"

"မေးပါ"

" သရရိုးရိုးတွေကို နှာသံ၊ ရပ်သံတွေနဲ့ ရွတ်ဆိုတဲ့အခါ နှာသံပါတဲ့သရတွေ၊ ရပ်သံသရတွေဖြစ်လာတာ ရှင်းပါတယ်။ သရတွဲတွေကျတော့ နှာသံတွေ ရပ်သံတွေမပါတဲ့ သရတွဲတွေမရှိတာ ဘာကြောင့်ပါလဲဆရာ"

"ဟုတ်ပါပြီ။ ဒါလည်း မေးသင့်တာပေါ့။ တကယ်တော့ မြန်မာသရတွဲ စစ်စစ်တွေက နှာသံ၊ ရပ်သံမပါပါဘူး။ အေအီ၊ အိုအူ၊ အာအီ၊ အာအူဆိုတဲ့ သရတွဲ လေးလုံးပါ။ အဲဒီအသံတွေကို တစ်ဆက်တည်းမြန်မြန်ဆိုရတဲ့ အသံတွေပါ။ ဒါပေမယ့် မြန်မာစကားမှာ အဲဒီသရတွဲတွေကို နှာသံ၊ ရပ်သံမပါဘဲ မရွတ်ဆိုပါဘူး။ နှာသံရပ်သံမပါဘဲ ရွတ်ဆိုတဲ့ သရတွဲသံရယ်လို့ မြန်မာစကားမှာမရှိပါဘူး။ အဲ... အင်္ဂလိပ်စကားမှာတော့ အဲဒီအသံမျိုး ရှိတာပေါ့။ လွယ်လွယ်ပြောရင် ဝဲတဲတဲအသံမျိုးပေါ့။ မြန်မာစကားမှာတော့ သရတွဲရဲ့ နောက်က သရကို နှာသံ၊ ရပ်သံနဲ့ ရွတ်ဆိုတဲ့ နှာသံပါသရတွဲ အိန်အုန်၊ အိုင်အောင်နဲ့ ရပ်သံသရတွဲ အိတ်၊ အုတ်၊ အိုက်၊ အောက်ပဲရှိပါတယ်"

" ဟုတ်ကဲ့၊ နားလည်ပါပြီဆရာ"

"ဆရာ၊ ဗျည်းအကြောင်းတုန်းကလို ထုံးတမ်းစဉ်လာအရ သတ်မှတ်တဲ့သရတွေနဲ့ ဘာသာဗေဒအမြင်အရ သတ်မှတ်တဲ့ သရတွေ ဘယ်လိုတူတယ်။ ဘယ်လိုမတူဘူးဆိုတာကိုလည်း သမီးတို့ သိချင်ပါတယ်ဆရာ"

"ကျွန်တော်သတိထားမိတာက ထုံးတမ်းစဉ်လာသရတွေတုန်းက 'အ အာ၊ အိ အီ၊ အု အူ' စသည်ဖြင့် နှစ်သံတွဲတွေ တွေ့ရပါတယ်။ ဘာသာဗေဒအမြင်အရ သရသံတွေကို တက်ကျသံတွေနဲ့ သွားတဲ့အခါ အ အာ အား၊ အိ အီ အီး၊ အု အူ အူး ဆိုတာမျိုး သုံးသံတွဲတွေဖြစ်နေပါတယ်။နောက်ဆုံးအသံတွေ လျော့နေပါတယ်ဆရာ"

" ဟုတ်ပါတယ်။ ဆရာပြောခဲ့တယ်လေ။ ထုံးတမ်းစဉ်လာအရ အောက်မြစ်နဲ့ ဝစ္စပေါက်ကို ဗျည်းလို့ ယူဆတဲ့အတွက် သရသက်သက်ကို ပြောတဲ့အခါ အဲဒီသင်္ကေတတွေ ထည့်မပြတာလို့ နားလည်နိုင်ပါတယ်။ ဒါပေမယ့် ဘာသာဗေဒအရ တက်ကျသံတွေနဲ့သွားရင် 'အ အာ အား၊ အိ အီ အီး၊ အု အူ အူး' လို့ သုံးသံစီသွားမှပြည့်စုံမှာလေ။ တက်ကျသံအကြောင်းကို သီးခြားပြောပါဦးမယ်"

" ဟုတ်ကဲ့ပါ။ နားလည်ပါပြီ"

" ထုံးတမ်းစဉ်လာအရ ပြတဲ့အသတ်တွေဟာ ဘာသာဗေဒအမြင်နဲ့ကျတော့ နှာသံ၊ ရပ်သံတွေနဲ့ တူတာပေါ့နော်ဆရာ"

" ဟုတ်တယ်။ အဲဒီလိုပြောလို့ရပါတယ်။ ခွဲပြောရရင် ကသတ်၊ ဝသတ်၊ တသတ်၊ ပသတ်ဆိုတဲ့ အသတ်လေးမျိုးဟာ ရပ်သံတွေပေါ့။ ငသတ်၊ နသတ်နဲ့ မသတ် ကတော့ နှာသံတွေပေါ့"

" ဟုတ်ကဲ့ပါ"

" ဒီတော့ ဒီသဘောနှစ်ခုကို ဆက်စပ်စဉ်းစားရင် တစ်ချိန်တုန်းက ကသတ်၊ စသတ်၊ တသတ်၊ ပသတ်တွေဟာ က၊ စ၊ တ၊ ပ ဆိုတဲ့ အဆုံးဗျည်းသံတွေ ထွက်ခဲ့ပေမယ့် အခုတော့ ရပ်သံတွေပဲ ထွက်တော့တယ်။ အဲဒီလိုပဲ နသတ်နဲ့ မသတ်တွေဟာ န၊ မဆိုတဲ့ အဆုံးဗျည်းသံတွေ ထွက်ခဲ့ပေမယ့် အခုတော့ နှာသံပဲထွက်တော့တယ်လို့ ယူဆရတာပေါ့ကွယ်"

" သြော်၊ ဟုတ်ကဲ့ပါ"

" ရှေ့မှာဆရာပြောခဲ့တာ မှတ်မိမှာပေါ့။ အဲဒီအသတ်တွေနဲ့ ရေးတဲ့သရတွေကို ' နှာသံပါသရ' နဲ့ 'ရပ်သံသရ' လို့ခေါ်ပြီး သရအဖြစ်ပဲ မှတ်ယူတာလေ။ အဲဒီအယူအဆအရတော့ မြန်မာစကားမှာ ဗျည်းသရသံတွေပေါင်းစပ်ပြီး ဝဏ္ဏလို့ခေါ်တဲ့ အသံစုတွေ အင်္ဂလိပ်လိုတော့ Syllable ပေါ့။ အဲဒီ ဝဏ္ဏတွေနဲ့ ဖွဲ့တဲ့အခါ အဆုံးဗျည်းသံမရှိဘူးလို့ ယူဆတာပေါ့"

" ဒါထက်၊ ဝဏ္ဏအကြောင်း နည်းနည်းရှင်းပြပါဦးဆရာ"

" ဝဏ္ဏဆိုတာ ပါးစပ်ကရွတ်ဆိုတဲ့အသံပါပဲ။ ပါးစပ်က အသံတစ်ချက်ထွက်ရင် ဝဏ္ဏတစ်ခု၊ နှစ်ချက်ထွက်ရင် ဝဏ္ဏနှစ်ခု ဆိုတာမျိုး သတ်မှတ်တာပေါ့။ ဝဏ္ဏတစ်ခုမှာ ဗျည်းသံ၊ သရသံ တွေပေါင်းနေတာပေါ့။ ' လူ ' ဆိုရင် ဝဏ္ဏတစ်ခု၊ ' အလုပ်' ဆိုရင် ဝဏ္ဏနှစ်ခု စသည်ဖြင့် ရေတွက်တာပေါ့"

" ဟုတ်ကဲ့ပါ"

" အဲဒီလိုဝဏ္ဏဖွဲ့တဲ့အခါ မြန်မာသရသံတွေက သရနဲ့ပဲ ဆုံးတာမို့ အဆုံးဗျည်းသံမရှိဘူးလို့ ဆိုလိုတာပါ"

" ဆရာ အင်္ဂလိပ်စကားမှာတော့ အဆုံးဗျည်းသံရှိတာ ပေါ့နော်"

" ဒါပေါ့။ ' but ၊ cup ၊ yes ' ဆိုတဲ့ စကားတွေက ဝဏ္ဏတွေပေါ့၊ အဲဒီဝဏ္ဏတွေမှာ အဆုံးဗျည်းသံတွေ ထွက်တာ မဟုတ်လား။ မြန်မာစကားကတော့ အဲဒီလို အဆုံးဗျည်းသံ မထွက်ဘူးလို့ ဆိုလိုတာပါ"

" ဟုတ်ကဲ့ပါ"

"ဒါက အယူအဆ တစ်ခုပါ။ နောက်အယူအဆတစ်ခုကတော့ အခုခေတ်မြန်မာစကားမှာလည်း ဝဏ္ဏတွေမှာ အဆုံးဗျည်းသံ ရှိတယ်ဆိုတဲ့ အယူအဆပဲ"

"ဟင်...အဆုံးဗျည်းသံကဘယ်အသံတွေလဲဆရာ"

"ခုနပြောတဲ့ ရပ်သံနဲ့နှာသံကို အဆုံးဗျည်းသံတွေလို့ ယူဆတဲ့အယူအဆလည်းရှိတယ်ကွဲ့"

"သြော်..."

"အရင်တုန်းက က်၊ ဈ်၊ တ်၊ ပ် သံတွေကို ပီပီသသဆိုခဲ့ပေမယ့် အခုကျတော့ ရပ်သံပဲကျန်တော့တယ်။ အဲဒီလိုပဲ င် ၊န်၊ မ် သံတွေလည်း အခုနှာသံဖြစ်သွားတယ်လို့ ယူဆနိုင်တာပေါ့။ ဒါကြောင့် ရပ်သံနဲ့နှာသံကိုအဆုံးဗျည်းသံတွေလို့ ယူဆကြတယ်"

"ဒါပေမယ့် အဲဒီဗျည်းသံတွေမှမထွက်တော့ဘဲနော်"

"သာဓကတစ်ခုက အဲဒီအသံတွေကို ဒီအတိုင်းရွတ်ဆိုရင် အဆုံးဗျည်းသံမထင်ရှားပေမယ့် နောက်ကဝဏ္ဏနဲ့ဆက်ပြီး ရွတ်ဆိုတဲ့အခါတော့ အဆုံးဗျည်းသံထင်ရှားလာတဲ့လက္ခဏာကို တွေ့ရတယ်ဆိုတာသာဓကပဲ။ အဲဒီသာဓကကိုလည်း ပြကြတယ်"

"ဘယ်လိုပါလဲဆရာ"

"ဆိုပါတော့ကွယ်၊ 'ဓာတ်ခဲ၊ ဓာတ်ဆီ၊ ဓာတ်တိုင်၊ ဓာတ်ပုံ' ဆိုတဲ့စကားလုံးတွေကို ရွတ်ဆိုကြည့်တဲ့အခါ ဘယ်လိုအသံထွက်မလဲဆိုတာမျိုးပေါ့"

"ဟုတ်ကဲ့ပါ"

"'ဓာတ်ခဲ'လို့ အသံထွက်ကြည့်၊ ပြီးတော့မင်းတို့ လေ့လာပြီးသားဖြစ်တဲ့ မြန်မာအသံထွက်ကို အဘိဓာန်မှာ ဖော်ပြတဲ့ အသံထွက်အက္ခရာစနစ်နဲ့ ရေးပြစမ်းပါ"

"ဟုတ်ကဲ့၊ 'ဓာတ်ခဲ' ကို /ဒတ်ခဲ/ လို့ အသံထွက်ပါတယ် ဆရာ"

"'ဓာတ်ဆီ၊ ဓာတ်တိုင်၊ ဓာတ်ပုံ' ဆိုတဲ့စကားလုံးတွေကိုရော အသံထွက်ဘယ်လိုဖော်ပြမလဲ"

"ဟုတ်ကဲ့ /ဒတ်ဆီ/ /ဒတ်ပုန်/ /ဒတ်တိုင်/ လို့ ဖော်ပြပါမယ်"

"ဟုတ်ပြီ။ ပုံမှန်ပြောရင် ရှေ့က 'ဓာတ်' ဆိုတဲ့စကားလုံးဟာ /ဒတ် / လို့ပဲအသံထွက်တယ်။ အဆုံးဗျည်းသံမပါဘူး။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"ကဲ ... 'ဓာတ်ခဲ'ကို ပုံမှန်အသံထွက်ရင် /ဒတ်ခဲ/ လို့ပဲ အသံထွက်ပေမယ့် 'ဓာတ်ခဲ' ကိုဖြည်းဖြည်းကလေးအသံထွက်ရင် ဘာထူးခြားသလဲဆိုတာ သတိထားပြီး တွက်ကြည့်စမ်းပါ"

"ဟုတ်ကဲ့၊ 'ဓာတ်ခဲ' ကို တစ်သံချင်း ဖြည်းဖြည်းထွက်ကြည့်ပါ့မယ်။ 'ဓာတ်-ခ်-ခဲ'၊ 'ဓာတ်' နဲ့ 'ခဲ'ကြားမှာ 'ခ' ဗျည်းသံကလေး ဝင်လာပါတယ်ဆရာ"

"ဟုတ်တယ်။ အဲဒါကို အသံထွက်ရေးရင် /ဒတ်-ခ်-ခဲ/ လို့ရေးရမှာပေါ့။ (ကျွန်တော်ကရေးပြလိုက်သည်)

"ဟုတ်ပါတယ်ဆရာ"

"ဒီတော့ 'ဓာတ်' က ရပ်သံနဲ့ဆုံးပေမယ့် နောက်က ဗျည်းသံကြောင့် အဲဒီဗျည်းသံနဲ့ဌာန်တူတဲ့ 'ခ်'ဆိုတဲ့ အဆုံးဗျည်းသံကလေးက ဓာတ်နောက်မှာ ပေါ်လာတယ်လို့ဆိုရမှာပေါ့"

"သြော်"

"အဲဒီလိုပဲ 'ဓာတ်ဆီ' ကို ဖြည်းဖြည်းရွတ်ရင်/ဒတ် ခ် ဆီ/၊ ဓာတ်ပုံကိုဖြည်းဖြည်းရွတ်ရင် /ဒ တ် ပ် ပုံ/၊ ဓာတ်တိုင်ကို ဖြည်းဖြည်းရွတ်ရင် /ဒတ် တ် တိုင်/ဆိုပြီး နောက်က ဗျည်းတွေနဲ့ အသံဖြစ်တဲ့ ဌာန်ချင်းတူတဲ့ ဗျည်းတွေဟာ ဓာတ်ရဲ့ အဆုံး ဗျည်းသံတွေအဖြစ် ဝင်လာတာကို သတိပြုမိပါလိမ့်မယ်"

"ဟုတ်ကဲ့ပါဆရာ"

"အဲဒီလိုပဲ၊ 'ဝင်ခဲ့၊ ဝင်တယ်၊ ဝင်ပါ၊ ဝင်မယ်' ဆိုတဲ့ စကားလုံးတွေဆိုပါတော့။ ရှေ့က 'ဝင်'က နှာသံပါသရ /အင်/နဲ့ အဆုံးသတ် ထားတာမဟုတ်လား။ ပုံမှန်ဆိုတဲ့အခါ တစ်လုံးတည်းဆိုဆို၊ နောက်ကအသံနဲ့တွဲပြီးဆိုဆို/ အင်/သရသံနဲ့ပဲ ဆုံးတယ်။ ဒါပေမယ့် ခုနလိုပဲ သတိထားပြီး ဖြည်းဖြည်းဆိုရင် 'ဝင်' နောက်မှာ အဆုံးဗျည်းသံကလေးတွေ ဝင်လာတာ သတိပြုမိပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ"

"ကဲ...ဖြည်းဖြည်းရွတ်ဆိုပြီး 'ဝင်'နောက်က ဝင်လာတဲ့ ဗျည်းသံကလေးတွေ ဘာဗျည်းသံတွေလဲလို့ လက်တွေ့ စူးစမ်းကြည့်ကြပါဦး"

"'ဝင်ခဲ့'မှာ င ဗျည်းသံဝင်ပါတယ်။ /ဝင် င် ခဲ့/ပါ"

"'ဝင်တယ်' မှာ န ဗျည်းသံဝင်ပါတယ်။ /ဝင် န် ဒယ်/ ဖြစ်ပါတယ်"

"'ဝင်ပါ' မှာ မ ဗျည်းသံဖြစ်ပါတယ်။ /ဝင် မ် ဗာ/

"ဝင်မယ်မှာလည်း မ ဗျည်းသံဖြစ်ပါတယ် /ဝင် မ် မယ်/ ပါ"

"ကဲ... ဒီတော့ ပုံမှန်အနေနဲ့ဝဏ္ဏတွေမှာ အဆုံးဗျည်းသံ မပေါ်ပေမယ့် နောက်ကဝဏ္ဏနဲ့တွဲပြီး ဖြည်းဖြည်းရွတ်ဆိုရင် အဲဒီဝဏ္ဏမှာပါတဲ့ ဗျည်းသံနဲ့ဌာန်တူတဲ့ဗျည်းသံ၊ ဒါမှမဟုတ် ထပ်တူ တူတဲ့ဗျည်းသံဟာ ရှေ့ကဝဏ္ဏရဲ့ရပ်သံတို့ နှာသံတို့ နေရာမှာဝင်လာတယ်ဆိုတာ အထင်အရှားတွေ့နိုင်ပါတယ်။ ဒါကြောင့် ရပ်သံနဲ့နှာသံဟာ အဲဒီအဆုံးဗျည်းသံတွေက ပြောင်းလာတဲ့အသံတွေဖြစ်တဲ့အတွက် အဆုံးဗျည်းသံရဲ့အင်္ဂါ လက္ခဏာတွေရှိနေတယ်လို့ ယူဆပြီး အဆုံးဗျည်းသံအဖြစ် သတ်မှတ်ကြတာပါပဲ"

"ကျေးဇူးတင်ပါတယ်ဆရာ"

"ကဲ ... သရအကြောင်းဒီလောက်နဲ့ပဲရပ်ကြစို့"

> **" ဝဏ္ဏဆိုတာ ပါးစပ်ကရွတ်ဆိုတဲ့အသံပါပဲ။ ပါးစပ်က အသံတစ်ချက်ထွက်ရင် ဝဏ္ဏတစ်ခု၊ နှစ်ချက်ထွက်ရင် ဝဏ္ဏနှစ်ခုဆိုတာမျိုး သတ်မှတ်တာပေါ့။ ဝဏ္ဏတစ်ခုမှာ ဗျည်းသံ၊ သရသံတွေ ပေါင်းနေတာပေါ့။ 'လူ ' ဆိုရင် ဝဏ္ဏတစ်ခု၊ ' အလုပ်' ဆိုရင် ဝဏ္ဏနှစ်ခု စသည်ဖြင့် ရေတွက်တာပေါ့"**

# ကလေးတို့၏ တီထွင်ဖန်တီးနိုင်မှုစွမ်းရည်....

## ကလျာမိုးမြင့်

ဖန်တီးနိုင်စွမ်းဆိုတာဟာ မွေးရာပါအရည်အချင်းတစ်ခုလို့ လူတော်တော်များများက မှတ်ယူလေ့ရှိကြပါတယ်။ ကလေးတိုင်းလိုလိုတော့ မှတ်ဉာဏ်စွမ်းအား မကောင်းကြသလို ဖန်တီးနိုင်စွမ်းတွေ တူညီမနေနိုင်ပါဘူး။ ဒါပေမယ့် အမှန်စင်စစ်အားဖြင့် ဖန်တီးနိုင်စွမ်းဆိုတာဟာ မွေးရာပါ ပါရမီတစ်ခုဆိုတာထက်ပိုတဲ့ အရာတစ်ခုဖြစ်ပြီး ဒီစွမ်းရည်ကို ကလေးငယ်တွေမှာ တိုးတက်ဖွံ့ဖြိုးလာအောင် မိဘတွေက ကျွမ်းကျင်ပါးနပ်စွာနဲ့ ကူညီပံ့ပိုးပေးသွားရမယ့်အရာ ဖြစ်ပါတယ်။

ဖန်တီးနိုင်စွမ်းဆိုတာဟာ ကျန်းမာခြင်းနဲ့ ပျော်ရွှင်ခြင်းအတွက်လည်း အဓိကသော့ချက်တစ်ခုဖြစ်နေပြီး ကလေးတွေအတွက်လည်း အချက်အချာကျတဲ့ စွမ်းရည်တစ်ခု ဖြစ်ပါတယ်။ ဖန်တီးနိုင်စွမ်းဟာ ဂီတနဲ့ အနုပညာပိုင်းဆိုင်ရာတွေမှာသာ ရှိနိုင်တာမဟုတ်ပါဘူး။ သိပ္ပံပညာ၊ သင်္ချာပညာရပ်တွေသာမက လူမှုဆက်ဆံရေးနယ်ပယ်နဲ့ စိတ်ခံစားမှုပိုင်းဆိုင်ရာ ကျွမ်းကျင်ပါးနပ်မှုတွေမှာလည်း ဖန်တီးနိုင်စွမ်းတွေ သက်ရောက်နိုင်ပါတယ်။ ဖန်တီးနိုင်စွမ်းကောင်းမွန်သူတွေဟာ သာမန်လူတွေထက် ပြင်လွယ်ပြောင်းလွယ်ပြီး အလိုက်သင့် အလျှားသင့်နေထိုင်နိုင်ကြသူတွေဖြစ်သလို ပြဿနာကို အကောင်းဆုံးဖြေရှင်းနိုင်သူတွေ ဖြစ်ကြပါတယ်။ နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုတွေကိုလည်း ပိုမိုချဉ်းကပ်နိုင်သူတွေဖြစ်ပြီး အခွင့်အလမ်းသစ်တွေကို အသုံးချကာ အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်စွမ်းရှိသူတွေလို့ ဆိုနိုင်ပါတယ်။



သင့်ကလေးငယ်တွေရဲ့ ဖန်တီးနိုင်စွမ်းကို ထုတ်ဖော်နိုင်မယ့်နည်းလမ်းကောင်းတွေကို စမ်းသပ်ကြည့်ကြရအောင်။

**ဖန်တီးနိုင်စွမ်းကို အာရုံစူးစိုက်ရာမှာ လိုအပ်တဲ့အရင်းအမြစ်တွေကို ဖြည့်စွက်ပေးပါ။**

အဓိကလိုအပ်နေတဲ့ အရင်းအမြစ်တစ်ခုကတော့ အချိန်ပေးခြင်းဖြစ်ပါတယ်။ ကလေးငယ်တွေဟာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ စိတ်ကူးယဉ်ဖန်တီးမှုတွေကို ပုံဖော်ဖို့ အချိန်လုံလုံလောက်လောက်ရရှိဖို့လိုအပ်ပါတယ်။ နောက်ထပ်လိုအပ်တဲ့ အရင်းအမြစ်တစ်ခုကတော့ နေရာလွတ်ဖြစ်ပါတယ်။နေရာတိုင်းမှာဖန်တီးမှုဆိုင်ရာ အရှုပ်အထွေးနေရာတွေ လုပ်ပေးထားဖို့ မဖြစ်နိုင်ဘူးဆိုရင် ကလေးအတွက် သီးသန့်နေရာတစ်ခုပေးထားလိုက်ပါ။ ဂိုဒေါင်လိုနေရာအတွင်းမှာ ပုံဆွဲဖို့ အခန်းလေးလုပ်ပေးထားတာမျိုး၊ ထပ်ခိုးလို အခန်းငယ်လေးထဲမှာ အဝတ်အစား ဝတ်ဆင်ဖို့ နေရာလုပ်ပေးထားတာမျိုး၊ မိသားစုအိမ်ခန်းရဲ့ထောင့် သို့မဟုတ် ချောင်ကျကျနေရာမျိုးမှာ အိမ်၊ တံတား၊ မီးရထားတွေဖြစ်အောင် ဆက်စပ်ကစားရတဲ့ ရောင်စုံပလတ်စတစ်တုံးလေးတွေနဲ့ ကစားလို့ရအောင် လုပ်ပေးထားသင့်ပါတယ်။ သင့်ကလေးကို လက်ဆောင်ဝယ်ပေးမယ်ဆိုရင် ဈေးသက်သာတဲ့ ကင်မရာ၊ တည်ဆောက်ရတဲ့ ကစားစရာပစ္စည်းတွေ၊ ဂီတတူရိယာကစားစရာတွေ ဝယ်ပေးထားပြီး အလွယ်တကူထုတ်ယူကာ စိတ်ကြိုက်ကစားနိုင်ဖို့ ပုံးတစ်ပုံးထဲမှာ ထည့်ပေးထားနိုင်ပါတယ်။

**မေးခွန်းတွေမေးပြီး စဉ်းစားတွေးတောတဲ့ အလေ့အကျင့်လုပ်ပေးပါ။**

ညစာစားချိန်မှာ နောက်တစ်ပတ်မှာလာမယ့် စနေ၊ တနင်္ဂနွေအတွက် မေးခွန်းတွေမေးပြီး ဦးနှောက်ကို အလုပ်ပေးထားတာမျိုးက ဖန်တီးမှုစွမ်းရည်ကို အထောက်အကူဖြစ်စေမှာပါ။ သင့်ကလေးတစ်ခါမှ မပြုလုပ်ဖူးတဲ့ အရာဝတ္ထုပစ္စည်းတွေကို ကိုယ်တိုင်ပြုလုပ်ပြီး ယူလာခိုင်းပါ။ ဘယ်လိုဟာမျိုးဆိုရင် မဖြစ်နိုင်ဘူး၊ ဘယ်လိုအိုင်ဒီယာမျိုးက အကောင်းဆုံးဖြစ်တယ် စသဖြင့် ထောက်ပြခြင်းမျိုး မပြုလုပ်ပါနဲ့။ ဖန်တီးမှုစွမ်းရည်ဟာ ကလေးငယ်ရဲ့ ကိုယ်တိုင်လုပ်ဆောင်မှုဖြစ်စဉ်အဆင့်ဆင့်အပေါ်မှာ မူတည်နေပါတယ်။

**အမှားတွေကိုလည်း ပြုလုပ်တတ်ပါစေ။**

ရှုံးနိမ့်မှုဆိုတာကိုလည်း သိပါစေ။ မှားသွားမှာကို ကြောက်တဲ့၊ ရှုံးနိမ့်သွားမှာကိုကြောက်တဲ့ ကလေးဟာ ကိုယ်ပိုင်တွေးခေါ်မှုကို ရပ်ပစ်လိုက်တဲ့အတွက် ဖန်တီးနိုင်စွမ်းကို အဟန့်အတားဖြစ်စေပါတယ်။ သင်ကိုယ်တိုင်လည်း ဘယ်လို အမှားတွေပြုလုပ်ခဲ့ဖူးတယ်ဆိုတာကို ကလေးငယ်သဘောပေါက်အောင် မျှဝေပေးပါ။ ဒါမှသာနောက်ထပ် အဖြေရရှိစေနိုင်မယ့် စိတ်ကူးသစ်တွေကို ကွန့်မြူးနိုင်မှာ ဖြစ်ပါတယ်။ တလွဲတွေလုပ်မိတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ရယ်မောခြင်းကလည်း ပျော်ရွှင်ဖွယ်ရာ အကျင့်ကောင်း တစ်ခုဖြစ်ပါတယ်။

**ထိုက်သင့်သလောက်လွတ်လပ်မှုပေးပါ။**

သင့်ကလေးအရွယ်ရောက်လာချိန်မှာ အစိုးရိမ်လွန်ပြီး နေရာတကာ ချုပ်ချယ်တာမျိုးမဖြစ်သင့်ပါ။ သူတို့ရဲ့စိတ်ကူးစိတ်သန်းတွေကို လျှောင်ပိတ်လိုက်သလို ဖြစ်သွားနိုင်ပါတယ်။ ဘာလုပ်လုပ် ပြစ်တင်ကြိမ်းမောင်းနေတာမျိုးကလည်း ကလေးကို အစွမ်းအစ တုံးသွားစေနိုင်ပါတယ်။ စာတွေကို ကောင်းကောင်းဖတ်လာနိုင်ပြီဆိုတဲ့အရွယ်မှာ စာဖတ်ခြင်းကို ပျော်မွေ့လာအောင် လုပ်ဆောင်ပေးသင့်ပါတယ်။ တီဗွီကြည့်တာ၊ ဂိမ်းကစားတာတွေကို အချိန်ကန့်သတ်လိုက်ပြီး ပန်းချီသင်ကြားတာ၊ နှစ်သက်တဲ့ စာရေးဆရာတစ်ဦးရဲ့ စာအုပ်မှန်သမျှကို ဖတ်စေတာ၊ ဉာဏ်စမ်းပဟေဠိတွေကို အဖြေရှာတာ၊ အတွက်အချက်တွေကို ထပ်တလဲလဲလေ့ကျင့်စေတာဟာ အတွေးအခေါ်ပိုင်းဆိုင်ရာကို ထက်မြက်လာစေနိုင်ပါတယ်။ ပြဿနာတစ်ခုကို အဖြေရှာခိုင်းပြီး အဖြေရသွားတဲ့အခါမှာ ဒီပြဿနာတစ်ခုတည်းကိုပဲ အလားတူဖြေရှင်းနိုင်မယ့် အခြားနည်းလမ်းတွေကို စဉ်းစားတွေးတောစေခြင်းဟာ ဖန်တီးနိုင်စွမ်းကို တိုးတက်လာစေမယ့် နည်းလမ်းကောင်း ဖြစ်ပါတယ်။ ။

**ကိုးကား** - Health newsv

မြန် မာ့ ရိုး ရာ အား က စား

# ကမ္ဘာသို့ထိုးဖောက်နိုင်ရေး ဂျပန်နိုင်ငံမှ အခြေပြုစတင်မည့် မြန်မာ့ရိုးရာလက်ဝှေ့ ဒုတိယမြောက်ခရီးစဉ်

သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

ယနေ့ မြန်မာ့ရိုးရာလက်ဝှေ့ကို မွေထိုင်းနည်းတူ ကမ္ဘာသို့ ထိုးဖောက်နိုင်ရေး ကြိုးပမ်းလျက်ရှိရာ ပြည်တွင်း ပြည်ပ နိုင်ငံအချို့တွင် အထိုက်အလျောက် အောင်မြင်၍ အရှိန်အဟုန်ရနေပြီဖြစ်သည်။ ရိုးရာလက်ဝှေ့နိုင်ငံတကာသို့ထိုးဖောက်နိုင်ရေး ဂျပန်နိုင်ငံကို ခြေကုပ်ယူကာ စတင်အခြေပြုမည်ဖြစ်သော မဟာဗျူဟာစီမံကိန်းကြီးကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ပြည်တွင်း ပြည်ပ ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ဦးဆောင်ကျင်းပပေးနေသော မြန်မာမီဒီယာဂရု(ပ်)က ဒုတိယမြောက်ခရီးစဉ်အဖြစ် လာမယ့် ဖေဖော်ဝါရီ ၁၆ ရက်တွင် သွားရောက်ကျင်းပတော့မည်ဖြစ်သည်။


အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဒုတိယမြောက်ခရီးစဉ်တွင် တွဲဆိုင်းခြောက်ဆိုင်း ပါဝင်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်ပြီး ပြိုင်ပွဲကြီးကို ဂျပန်နိုင်ငံ တိုကျိုမြို့ ခိုလကုအန်ခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက်၊ ဂျပန်စံတော်ချိန် ၆ နာရီခွဲ (မြန်မာစံတော်ချိန် ညနေ ၄ နာရီ)တွင် ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။ ဂျပန်နိုင်ငံတွင်ကျင်းပမည့် အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဒုတိယမြောက်ခရီးစဉ်ကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ပြီး ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်နှင့် မြန်မာမီဒီယာဂရု(ပ်)တို့ ဦးဆောင်ကျင်းပခြင်းဖြစ်သည်။

"အခု ဖေဖော်ဝါရီ ၁၆ ရက် ဂျပန်နိုင်ငံမှာကျင်းပမယ့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးက ဒုတိယအကြိမ် ကျင်းပမှာပါ။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၇ ရက်တုန်းက ပထမအကြိမ် သွားရောက်ကျင်းပခဲ့တယ်။ ဂျပန်နိုင်ငံကို ရိုးရာလက်ဝှေ့သမားတွေအနေနဲ့ အရင်တုန်းကလည်း သွားထိုးကြပါတယ်။ ဒါပေမယ့် တခြားပြိုင်ပွဲတွေမှာ ကြားပွဲသဘောမျိုးနဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြရတာ။ အခုလို မြန်မာ့ရိုးရာလက်ဝှေ့စစ်စစ်ရယ်လို့ တစ်သီးတစ်သန့် မလုပ်ခဲ့ဖူးဘူး။ ပြီးခဲ့တဲ့ ပထမအကြိမ်တုန်းက မြန်မာ့ရိုးရာလက်ဝှေ့စစ်စစ်ရယ်လို့မိတ်ဆက်တဲ့အနေနဲ့ မြန်မာတွေပဲ သွားထိုးခဲ့တာ။ အခု ဒုတိယအကြိမ်ကတော့ တစ်ဖက်က မြန်မာ၊ တစ်ဖက်ကဂျပန် ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်တယ်။ အဲဒီ ပထမပွဲတုန်းက မြန်မာ့ရိုးရာလက်ဝှေ့ဆိုတာ ဘာလဲဆိုပြီးတော့ တအံ့တသြ လာကြည့်ကြတယ်။ ကရာတေးသမားတွေ၊ တိုက်ကွမ်ဒိုသမားတွေ၊ ကစ်ဘောက်ဆင်သမားတွေနဲ့ K1 အားကစားသမားတွေ လာကြည့်ကြတယ်။ K1 အားကစားဘက်ကဆိုရင် ဥက္ကဋ္ဌကိုယ်တိုင် လာကြည့်အားပေးကြတာ။ တော်တော်သဘောကျသွားတယ်။ ဂျပန်နိုင်ငံမှာ အဲဒီပွဲသွားလုပ်ပြီးတဲ့နောက် ကရာတေးသမားတွေက လက်ဝှေ့ကို ပြောင်းထိုးတော့မယ်ဆိုပြီး တရားဝင် ကြေညာလာကြတယ်။ အခု ဒုတိယအကြိမ်မှာ အဲဒီကစားသမားတွေအားလုံး ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ကြမှာ"ဟု ပြိုင်ပွဲတွင် မြန်မာဘက်မှ အဓိကတာဝန်ယူ စီစဉ်ပေးသည့် ဦးဝဏ္ဏ(မာဂျေ)က ပြောသည်။

ဒုတိယခရီးစဉ်အဖြစ် ကျင်းပမည့် ဂျပန်နိုင်ငံ တိုကျိုမြို့ ခိုလကုအန် အားကစားခန်းမတွင် ယှဉ်ပြိုင်ထိုးသတ်မည့် တွဲဆိုင်းများမှာ အဓိကတွဲဆိုင်းအဖြစ် မြန်မာနိုင်ငံသို့ တတိယအကြိမ် လာရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့သော အဲကမ္ဘောဇအောင်လံဆုရှင် ဒေ့ဗ်လက်ဒပ်(ကနေဒါ)နှင့် တစ်ချိန်က ပထမတန်းလက်ဝှေ့ကျော်အဖြစ် ရိုးရာလက်ဝှေ့ပရိသတ်များကြား ရေပန်းစားခဲ့သည့် ဝါးရင်းတုတ် ဖိုးကေ(မြန်မာ)၊ တက်သစ်စလက်ဝှေ့ကျော် ဖျံသွေး(မြန်မာ)နှင့် ဂျပန်နိုင်ငံ ကရာတေးလောကတွင် နာမည်ကြီးသော ယာဆူယူကီယာမာဇာကီ (ဂျပန်)၊ ရှမ်းကို(မြန်မာ)နှင့် ကီဆူကီအိုကူဒါ(ဂျပန်)၊ သားအသည်းတစ်ပွင့်(မြန်မာ)နှင့် ယူကီယာမာမိုတို(ဂျပန်)၊ စောရာဇာ(မြန်မာ)နှင့် ကိုကူမာ(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အထူး အမျိုးသမီးတွဲဆိုင်းအဖြစ် ရွှေစင်မင်း (မြန်မာ)နှင့် ဂျပန်နပမ်းကစားသမား မိုမိုကို(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ အထူးတွဲဆိုင်းအဖြစ် ယှဉ်ပြိုင်ထိုးသတ်မည့် ရွှေစင်မင်း(မြန်မာ)အား မိုမိုကို(ဂျပန်)က မြန်မာနိုင်ငံတွင် ပြီးခဲ့သော ၂၀၁၆ ခုနှစ် တွေ့ဆုံယှဉ်ပြိုင် ထိုးသတ်ခဲ့စဉ်က အလဲထိုးဖြင့် အနိုင်ယူထားသူဖြစ်သည်။ ယခုပွဲတွင် မကျေပွဲအဖြစ် ဒုတိယအကြိမ် ပြန်လည်ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်သည်။



ဖိုးကေ(မြန်မာ)



ဒေ့ဗ်လက်ဒပ်(ကနေဒါ)

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် မြန်မာမီဒီယာဂရု(ပ်)တို့သည် ယခုနှစ်တွင် ဂျပန်နိုင်ငံ၌ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ စုစုပေါင်းခြောက်ပွဲကို နှစ်လတစ်ကြိမ် ကျင်းပသွားမည်ဖြစ်ပြီး ယခု ဖေဖော်ဝါရီ၊ ဧပြီ၊ ဇွန်၊ ဩဂုတ်၊ အောက်တိုဘာနှင့် ဒီဇင်ဘာလတို့တွင် တစ်ပွဲနှုန်းဖြင့် စီစဉ်ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပွဲတွင် ရုံဝင်ကြေးအဖြစ် ဂျပန်ယန်း ၄၀၀၀ မှ ၁၀၀၀၀၀ ကြားနှုန်း သတ်မှတ်ထားကြောင်းလည်း သိရသည်။

အဆိုပါပွဲကို မြန်မာဘက်မှ ဦးဆောင်စီစဉ်သူ ဦးဝဏ္ဏ (မာဂျေ)က "မြန်မာ့ရိုးရာလက်ဝှေ့က ခုမှ ဂျပန်မှာ မြေစမ်းခရမ်းပျိုးဆိုတော့ မြန်မာမီဒီယာဂရု(ပ်)ရော၊ ဂျပန်ဘက်က အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်ရော ဘာမှ အကျိုးအမြတ်မရှိဘူး။ လိုရင် သူစိုက်ကိုယ်စိုက်ပါပဲ။ တချို့ကပြောကြတယ်။ ဘယ်လောက်မြတ်တယ်၊ ကျန်တယ်။ ခုချိန်ထိ စိုက်နေရတုန်းပဲ။ ပြောချင်တာက ဂျပန်မှာ ခုချိန်ထိ လက်ဝှေ့ကို စီးပွားဖြစ် လုပ်လို့မရသေးဘူး။ ရိုးရာလက်ဝှေ့ကို ဂျပန်မှာ အခြေကျအောင် လုပ်နေတုန်းပဲ ရှိသေးတယ်။ ဂျပန်မှာ အခြေကျပြီး အောင်မြင်လာရင် ဒီက Promoter မည်သူမဆို စီစဉ်လို့ရတာပေါ့။ ခုဟာက မြန်မာ့ရိုးရာလက်ဝှေ့ကို ဂျပန်မှာ ခြေကုပ်ယူနေတုန်းပဲရှိသေးတယ်။ အခု ဒုတိယအကြိမ် ကျင်းပမယ့် ဖေဖော်ဝါရီပွဲမှာဆို အမေရိကန်က ရုပ်သံထုတ်လွှင့်သူတွေ လာမယ်။ လာပြီးတော့ ဒီပွဲကိုတော့ သူတို့ Live မလွှင့်သေးဘူး။ လေ့လာဦးမယ်။ နောက်ပွဲတွေတော့ အမေရိကန်နဲ့ ဥရောပမှာ Live လွှင့်ဖို့ရှိတယ်။ ဒါဟာ မြန်မာ့ ရိုးရာလက်ဝှေ့ရဲ့ အောင်မြင်မှုပဲ။ ခုဆို ဂျပန်မှာ လက်ဝှေ့ကို ဘယ်သူပါမှ ဘယ်ဝါပါမှရယ်လို့တော့ မဟုတ်သေးဘူး။ လက်ဝှေ့ကို လက်ဝှေ့လို ထိုးနိုင်တဲ့သူဆို ပြီးတာပဲ။ နောက်ပိုင်း တော့ သေချာထိုးနိုင်တဲ့ မျိုးဆက်သစ်တွေကိုပဲ အားပြုတော့ မယ်။ မျိုးဆက်သစ်ပွဲ ၁၇ ပွဲက ထွက်လာတဲ့ကလေးတွေကိုပဲ မွေးမြူရမှာ။ အခု ဂျပန်မှာကျင်းပမယ့်ပွဲဆို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကို ရုံဝင်ကြေး နှစ်ရာခိုင်နှုန်း ပေးသွင်းရမယ်၊ အရင်လူတွေ ပေးမပေးတော့ မသိဘူး။ ကျွန်တော့်ကို စတောင်းတယ်ထင်တာပဲ။ ပျမ်းမျှတွက်ရင် ငွေကျပ် ၁၀ သိန်းနဲ့ ၁၅ သိန်းကြားမှာ ရှိတယ်။ အဲဒီတော့ ၁၀ သိန်း ဒါမှမဟုတ် ၁၅ သိန်း အဖွဲ့ချုပ်ကို သွင်းခဲ့လိုက်တော့မယ်။ ဂျပန်နဲ့စာချုပ်တာက အဲဒါမပါဘူး။ မြန်မာဘက်ကတာဝန်ယူတဲ့ ကျွန်တော်ကပဲ စိုက်ပေးခဲ့ရမှာ"ဟု ပြောသည်။



ဂျပန်နိုင်ငံတွင် ၂၀၁၆ ခုနှစ် ပထမအကြိမ် ကျင်းပစဉ်က တူးတူးနှင့် စိုးလင်းဦး ယှဉ်ပြိုင်ထိုးသတ်နေစဉ်

ယခု ဂျပန်နိုင်ငံတွင်ကျင်းပမည့် ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် လက်ရှိ မြန်မာပြည်အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းကို အလဲထိုးဖြင့် အနိုင်ယူထားသော အဲကမ္ဘောဇအောင်လံဆုရှင် ဒေ့ဗ်လက်ဒပ်(ကနေဒါ) နှင့် ဖိုးကေတို့ကို တွဲဆိုင်းစီစဉ်သည့်အပေါ် ပရိသတ်ဝေဖန်မှုများ ရှိနေသော်လည်း တွဲဆိုင်းကို ပြောင်းလဲမှုမရှိဘဲ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း ပွဲစီစဉ်သူကဆိုသည်။

"အခုပွဲမှာ ပရိသတ်တချို့က ပြောကြတယ်။ ဖိုးကေနဲ့ ဘာလို့တွဲတာလဲ။ တူးတူးနဲ့ ဘာလို့မတွဲတာလဲလို့၊ ထွန်းထွန်းမင်းတို့ တူးတူးတို့က တခြား Promoter တွေနဲ့ စာချုပ်ချုပ်ဆိုထားတယ်။ အဲဒီလို စာချုပ်ချုပ်ဆိုထားတော့ ပထမတန်းကို ပြန်စဉ်းစားရတာပေါ့။ ပထမတန်းထိုးတဲ့ထဲမှာ စောငမန်းရှိတယ်။ ရန်ကြီးအောင်ရှိတယ်။ ဖိုးကေရှိတယ်။ စောငမန်းက ပွဲပြတ်နေတော့ အဆင်သင့်မဖြစ်သေးဘူးဆိုလို့ ဖိုးကေနဲ့ တည်ဖြစ်ခဲ့တာပဲ။ ဖိုးကေက အခု သူကျတာ၊ မကျတာထက် တစ်ချိန်က သူလည်းလျှမ်းလျှမ်းတောက် ထိုးခဲ့တဲ့ လက်ဝှေ့သမားကောင်းတစ်ဦးပဲ။ ဒါကြောင့် ဖိုးကေကို ရွေးချယ်ခဲ့တာ။ တူးတူးက ဟိုဘက် Promoter နဲ့ စာချုပ်ထဲမှာ သူတို့ရဲ့ စီးပွားဖြစ်ပွဲနဲ့ နယ်ဘုရားပွဲကလွဲလို့ ထိုးခွင့်မပေးဘူးဆိုတော့ ကျွန်တော်က ဘယ်လိုလုပ် ခေါ်မလဲ။ ခေါ်စရာကို အကြောင်းမရှိဘူးလေ။ စာချုပ်ချုပ်တယ်ဆိုတာကလည်း သူ့မူနဲ့သူပေါ့။ ကျွန်တော်တို့လည်း ကစားသမားတွေကို စာချုပ်ချုပ်ဆိုခဲ့တာပဲ။ အခု ၂၀၁၇ မှာ ဖျံသွေးကို ခြောက်ပွဲချုပ်ခဲ့တယ်။ ဖျံသွေး ဘယ်လတွေ ပွဲရှိတယ်။ အဲဒီလတွေနဲ့လွဲရင်တော့ မင်းသဘော။ ကျွန်တော်က အဲဒီလိုချုပ်တယ်။ ကိုယ်တစ်ယောက်တည်း လက်ဝှေ့သမားတစ်ဦးကို ဘာကြောင့် လက်ဝါးကြီးအုပ်ထားမလဲ။ အဲဒါက ရိုးရာလက်ဝှေ့ကို မြှင့်တင်ပေးတာမဟုတ်ဘူး။ ကျဆုံးစေတာ။ တခြား Promoter တွေလည်း ရှိသေးတယ်လေ။ ကျွန်တော်ဆို ကျားဘဟိန်းရော၊ ချမ်းမြေ့ကိုရော ချုပ်ထားတယ်။ ကျွန်တော့်ပွဲနဲ့လွတ်ရင် တခြား ဘယ်သူ့ပွဲထိုးထိုး။ ပြီးတော့ ကျွန်တော့်ပွဲထိုးမယ့်သူအားလုံးကို တစ်နှစ်စာ အားကစားအာမခံ လုပ်ပေးထားတယ်။ ပြည်တွင်း ကစားသမားရော၊ ပြည်ပကစားသမားပါ လုပ်ပေးထားတယ်။ ပြည်တွင်း၊ ပြည်ပ အားကစားသမားတိုင်းကို လုပ်ပေးထားတာ"ဟု ပွဲစီစဉ်သူ ဦးဝဏ္ဏ(မာဂျေ)က တွဲဆိုင်းတွဲဖြစ်ခဲ့မှုအပေါ် ထပ်မံရှင်းပြသည်။

ဒေ့ဗ်လက်ဒပ်(ကနေဒါ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဖိုးကေသည် ယခုအခါ ဂျပန်နိုင်ငံတွင် ကရာတေးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်နေသဖြင့် ယခု ဇန်နဝါရီ ၂၅ ရက်မှ စတင်ကာ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် အဖွဲ့ချုပ်တွင် ဖေဖော်ဝါရီ ၁၆ ရက်မတိုင်မီအထိ စခန်းသွင်း လေ့ကျင့်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ ရိုးရာလက်ဝှေ့လောကသို့ တစ်ကျော့ပြန်ဝင်ရောက်လာသော တစ်ချိန်က ပထမတန်းလက်ဝှေ့ကျော် ဝါးရင်းတုတ်ဖိုးကေအနေဖြင့် ကမ္ဘာသို့ ထိုးဖောက်နိုင်ရေး ဂျပန်နိုင်ငံမှ အခြေပြုစတင်မည့် မြန်မာ့ရိုးရာလက်ဝှေ့ ဒုတိယမြောက်ခရီးစဉ်တွင် တကယ်ပဲ အောင်မြင်မှုရမလား၊ အရေးနိမ့်လာမလားဆိုတာ ရိုးရာလက်ဝှေ့ ဝါသနာရှင်ပြည်သူများ စောင့်မျှော်ကြည့်ရှုရတော့မည်ဖြစ်ပါကြောင်း.....။



သားအသည်းတစ်ပွင့်(မြန်မာ)



ယူကီယာမာမိုတို(ဂျပန်)

ခ ရီး သွား ဆောင်း ပါး

# အပန်းဖြေစရာ ကဗျာဝကမ်းခြေသာ

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်**

ရေးမြို့သို့ ရောက်နေခဲ့သည်မှာ နှစ်ရက်ရှိပြီ။ အလုပ်တာဝန်များကိုပြီးပြတ်အောင် ကြိုးစားနေရသဖြင့် မအားလပ်ခဲ့။ သက်ဆိုင်ရာဌာနများသို့ သွားရ၊ တွေ့သင့်သည့် ပုဂ္ဂိုလ်များကိုတွေ့ရ၊ မေးမြန်းမှတ်သားရဖြင့် ဆက်တိုက်လုပ်ရသည်။ တာဝန်များပြီးဆုံးသည့်အချိန်မှ ခေါင်းဖော်နိုင်တော့သည်။ ဒီတော့မှ ရေးမြို့အနီးပတ်ဝန်းကျင်ကို လေ့လာရန်အတွေးဝင်မိသည်။ ရေးမြို့သား ကိုအောင်ဝင်းက ရေးမြို့အနီးရှိ ကဗျာဝကမ်းခြေသို့ သွားသင့်သည်ဟု အကြံပေးသဖြင့် ချက်ချင်း သဘောတူလိုက်သည်။ နောက်နေ့နံနက်ပိုင်း ကဗျာဝကမ်းခြေသို့သွားရန် စီစဉ်လိုက်ချိန်တွင် ည ၉ နာရီကျော်ပြီဖြစ်သည်။

အတွေးများဝေနေသဖြင့် ညက တော်တော်နှင့် အိပ်မပျော်ခဲ့။ နံနက်ပိုင်း ၁ နာရီကျော်မှ အိပ်ပျော်ခဲ့ရာ ကိုအောင်ဝင်းလာနှိုးမှ နိုးတော့သည်။ နံနက် ၇ နာရီခန့်ရှိပြီဖြစ်ရာ မြန်မြန်ဆန်ဆန် ကိုယ်လက်သန့်စင်ပြီး အဝတ်အစားလဲကာ မော်တော်ယာဉ်ဖြင့် ထွက်ခဲ့သည်။ ရေးမြို့က စည်ကားသက်ဝင် လှုပ်ရှားနေပြီဖြစ်ရာ လမ်းများပေါ်တွင် ကားနှင့် ဆိုင်ကယ်များ၊ လူများ ဥဒဟိုသွားလာနေကြပြီဖြစ်သည်။ ရေးမြို့က မြို့နယ်ရုံးစိုက်ရာ မြို့ဖြစ်သောကြောင့် စည်ကားသည်။ မွန်ပြည်နယ် မော်လမြိုင်ခရိုင်အတွင်း ပါဝင်ပြီး ရေးမြို့နယ်အကျယ်အဝန်းမှာ ဧရိယာ စတုရန်းကီလိုမီတာ ၂၇၂၀ ရှိကြောင်း၊ နာမည်ကျော် အစင်ရွာ၊ မေင်းဆိပ်ကြီးရွာ၊ ဒူးယားရွာ၊ ကော်ဒတ်ရွာတို့က ရေးမြို့နယ်အတွင်း တည်ရှိကြောင်း အတူလိုက်ပါသူ ကိုအောင်ဝင်းက ပြောပြသည်။

အခု ကျွန်တော်တို့ ဦးတည်သွားနေသည့် ကဗျာဝကမ်းခြေက ရေးမြို့နှင့် ရှစ်မိုင်ခန့်အကွာတွင် တည်ရှိနေရာ မွန်ပြည်နယ်တွင် နာမည်ကျော်ကြားသည့် သဘာဝကမ်းခြေတစ်ခုလည်းဖြစ်သည်။ ရေးမြို့မှ အနောက်တောင်ဘက်သို့ ထွက်လိုက်သည်နှင့် တနင်္သာရီတောင်တန်းများကို မှုန်ပျပျ လှမ်းမြင်ရသည်။ တောင်တန်းများပေါ်တွင် ရစ်သိုင်းနေသောမြူနှင်းများကို နေရောင်က တဖြည်းဖြည်းခွာချလျက်ရှိရာ စိမ်းညို့နေသော တောင်တန်းများအလှက သဘာဝအတိုင်း ပီပြင်ထင်ရှားစွာ ထွက်ပေါ်လာသည်မှာ ရုပ်ရှင်ဇာတ်ဝင်ခန်း အနေးကွက်ပြသနေသည့်နှယ်။

ကျွန်တော်တို့ကားကို မှန်မှန်မောင်းခဲ့ရာ လမ်းတစ်လျှောက် ကားကြီး၊ ကားငယ်များ အဆက်မပြတ် သွားနေကြသည်ကို မြင်ရသဖြင့် မကြာမီကာလအတွင်း သွားလာမှုများလာပြီး ရေးမြို့နယ် ဖွံ့ဖြိုးတိုးတက်လာမည်ဟု တွေးမိသည်။ "အဲဒီကားတွေထဲမှာ အချို့ကားတွေက ကဗျာဝကမ်းခြေကိုသွားတာလေ"ဟု ကိုအောင်ဝင်းက ပြောပြသည်။ အချို့လူငယ်များက ရေးမြို့မှ ဆိုင်ကယ်များဖြင့် သွားကြရာ ဆိုင်ကယ်ဖြင့် တစ်နာရီခန့်မောင်းလျှင် ကဗျာဝကမ်းခြေသို့ ရောက်လေသည်။

ကျွန်တော်တို့ကားက မကြာမီ ခေါဇာမြို့သို့ ရောက်ရှိလာသည်။ ခေါဇာမြို့က လူနေထိုင်မှုများသော်လည်း မြို့ကြီးပြကြီးအသွင် ပီပီပြင်ပြင် မရှိသေး။ ခေါဇာမြို့ကို ဖြတ်သန်းလိုက်ပြီးနောက် ကဗျာဝရွာသို့ ရောက်ရှိလာသည်။ ကဗျာဝရွာက အိမ်ခြေ



ရွှေရောင်သဲသောင်ပြင်နှင့် ကဗျာဝကမ်းခြေအလှကို တွေ့မြင်ရစဉ်

၄၀၀ ခန့်ရှိသည့် ရွာတစ်ရွာဖြစ်ပြီး စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများဖြင့် အသက်မွေးကြသူများကြောင်း သိရသည်။ ကဗျာဝရွာမှ လူငယ်အများစုမှာ တစ်ဖက် အိမ်နီးချင်း ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရာ လူငယ်များကို မွေးရပ်မြေ၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်လျှင် ကောင်းမည်ဟု အတွေးဝင်မိသည်။

ကဗျာဝကမ်းခြေအထိ ကားလမ်းခင်းနေသော်လည်း မပြီးစီးသေးဘဲ သုံးမိုင်ခန့်ကျန်ရှိနေရာ မြေသားလမ်းအတိုင်း ကားမောင်းဝင်လာခဲ့သည်။ ကမ်းခြေအထိ ကားဖြင့် လာရောက်၍ရသည်ဖြစ်ရာ မိုးရာသီ၌ အခက်အခဲရှိသော်လည်း ဆောင်းနှင့် နွေရာသီ၌ အဆင်ပြေလေသည်။ ကမ်းခြေသို့ ကျွန်တော်တို့ ရောက်ခဲ့ပြီဖြစ်ရာ ပင်လယ်ပြင်မှတိုက်ခတ်လာသောလေက ပထမဆုံး နှုတ်ဆက်လိုက်သဖြင့် ရင်ထဲ အေးချမ်းကာ ပင်လယ်ပြင်ကြောင့် စိတ်လက်ပေါ့ပါးကာ ကြည်နူးလန်းဆန်းသွားလေသည်။

ကဗျာဝကမ်းခြေတွင် မြေစိုက်အိမ်စားသောက်ဆိုင်အချို့ကို မြင်တွေ့ရသည်။ ဆိုင်များအတွင်း ကမ်းခြေသို့လာရောက်အပန်းဖြေသည့်ဧည့်သည်အချို့စားသောက်အနားယူနေကြသည်။ အချို့က မိသားစုလိုက်၊ အချို့က မိတ်ဆွေသူငယ်ချင်းများဖြင့် ဝိုင်းဖွဲ့နေကြသည်။ ကျွန်တော်တို့ ကမ်းခြေဆင်းခဲ့ကြသည်။ နူးညံ့သော သဲမှုန်များက ခြေဖဝါးမှတစ်ဆင့် ထူးခြားသောခံစားမှုကို ဖြစ်ပေါ်စေသည်။ ပင်လယ်ပြင်မှ ကမ်းခြေသို့ ဖြည်းဖြည်းချင်း တလိမ့်လိမ့်ရိုက်ခတ်လာသော ရေလှိုင်းများက လှပလွန်းသည်။ ရေလှိုင်းပုတ်သံများက သဘာဝသံစဉ်ရိုင်းများသဖွယ် နားဝင်မချိုသော်လည်း ရင်ထဲသို့ နက်ရှိုင်းစွာ ရိုက်ခတ်ခံစားရသည်။ ပြာလဲ့သော ပင်လယ်ပြင်၊ ဖြူဖွေးသောရေလှိုင်းများ၊ ရွှေရောင် သဲသောင်ပြင်နှင့် တသုန်သုန်တိုက်ခတ်နေသော ပင်လယ်လေကြောင့် စိတ်နှလုံးကို စူးနစ်စွာ အေးမြငြိမ်းချမ်း စိတ်ရွှင်လန်းခြင်းကို ဖြစ်စေသည်က အမှန်ပင်။

ကမ်းခြေက ရှည်လျားပြီး သဲသောင်ပြင်က ကျယ်ပြန့်သည်ဖြစ်ရာ အပန်းဖြေလာသူများအတွက် စိတ်တိုင်းကျ ဆော့ကစား၊ လမ်းလျှောက် ပြေးလွှားနိုင်ပေသည်။ ကဗျာဝကမ်းခြေသို့ နေ့စဉ် လာရောက်အပန်းဖြေသူ ၂၀၀ ကျော်ရှိပြီး အားလပ်ရက်နှင့် ရုံးပိတ်ရက်များတွင် လူ ၁၀၀၀ ကျော် လာရောက်ကြကြောင်း သိရသည်။ အက်ဒမန်ပင်လယ်ကမ်းခြေဖြစ်သည့်အတွက် မျက်စိတစ်ဆုံးသောရေပြင်၊ မှိုင်းပျပျ ကျွန်းအချို့နှင့် ရေယာဉ်အချို့ကို လှမ်းမြင်ရသည်။

ကဗျာဝကမ်းခြေအနီး မြေဧက ၂၀ ပေါ်တွင် ဟိုတယ်နှင့် အပန်းဖြေစခန်း စီမံကိန်း အကောင်အထည်ဖော်ရန်ရှိကြောင်း၊ အမေရိကန် ဒေါ်လာ ၁၂ သန်း အကုန်အကျခံကာ တည်ဆောက်မည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံများ၏ လူမှုဘဝများ မထိခိုက်အောင်ကြိုးစားဆောင်ရွက်သွားရန်ရှိကြောင်း ကိုအောင်ဝင်းက ပြောပြသဖြင့် အံ့သြ ဝမ်းသာစိတ်ဖြစ်ရသည်။

ထိုသို့ အပန်းဖြေစခန်းတည်ဆောက်ပါက ဘန်ဂလိုအလုံး ၁၀၀၊ ကြယ်သုံးပွင့်ဟိုတယ်၊ ကစားကွင်းနှင့် စားသောက်ဆိုင်များ ပါဝင်ကာ ကျောင်း၊ ဆေးရုံ၊ ကျန်းမာရေးစောင့်ရှောက်မှုဌာန၊ မီးသတ်ဌာန စသည်တို့လည်း ပါဝင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဟုန်ထိုး တိုးတက်မြင့်မားစေတော့မည်ဟု အတွေးဖြာနေမိပြန်သည်။

ဒေသခံများကလည်း စီမံကိန်း အကောင်အထည်ဖော် ပြီးမြောက်ပါက အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွက်လာပြီး လူငယ်များ မိမိတို့နေရပ်မှာပင် အလုပ်လုပ်နိုင်ခွင့် ရရှိတော့မည်ဖြစ်ရာ စီမံကိန်း ဖြစ်မြောက်စေချင်ကြသည်။ လောလောဆယ်တွင် ဒေသခံလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းက နည်းပါးနေခြင်းက အခက်အခဲတစ်ရပ်ဖြစ်နေသည်ဟု ကိုအောင်ဝင်းက ရှင်းပြသည်။

လောလောဆယ်တွင် ရေးမြို့ရှိ ခရီးသွားလုပ်ငန်းအေဂျင်စီများက ချိတ်ဆက်ပြီး ကဗျာဝကမ်းခြေသို့ အပန်းဖြေလာရောက်သူများမှာ ပွင့်လင်းရာသီတွင် နေ့စဉ်များလာပြီဖြစ်ရာ ခရီးသွားလုပ်ငန်း တဖြည်းဖြည်းတိုးတက်လာရန်သာရှိနေကြောင်း သိရသည်။ ကဗျာဝကမ်းခြေကြောင့် အနီးဝန်းကျင်ဒေသများပါ တိုးတက်ဖွံ့ဖြိုးမှုများ ဖြစ်ပေါ်တော့မည့်အနေအထား ရှိနေပြီဖြစ်သည်။

ကျွန်တော်တို့ ကမ်းခြေတွင်လမ်းလျှောက်နေရာမှ ကမ်းခြေအနီးရှိ တောင်ထိပ်ပေါ်တွင် တည်ထားသော စေတီတော်ပေါ် တက်ရောက်ခဲ့ကြသည်။ စေတီရင်ပြင်တော်ပေါ်သို့ အဆင်းအတက် တစ်ခုတည်းသော လှေကားတစ်ဖက်တစ်ချက်တွင် ပါးပျဉ်းထောင်နေသော နဂါးနှစ်ကောင်ရုပ်တု ပြုလုပ်ထားသည်မှာ အသက်ဝင်လှသည်။ တကယ့်နဂါးကြီးများအလား ထင်မှတ်ယိုးမှားစရာပင်။

ကြွေပြားများခင်းထားသော လှေကားထစ်များအတိုင်း စေတီတော်ရင်ပြင်အထိ တက်ရောက်ခဲ့ကြသည်။ ရင်ပြင်တော်၌ ရွှေရောင်ဝင်းပနေသော စေတီငယ်ကို ဖူးမြော်ပြီးနောက် လှည့်ပတ်ကြည့်ရှုလေ့လာမိသည်။ ရင်ပြင်တော်ပေါ်တွင် တံခွန်တိုင်တစ်တိုင် ရှိပြီး သာသနာ့အလံများကိုလည်း စိုက်ထူထားရာ ပင်လယ်လေကြောင့် တဖျပ်ဖျပ်လွင့်လျက်ရှိသည်။ စေတီရင်ပြင်တော်အထိ မြေပြင်မှ အမြင့်ပေ ၃၀ ကျော်ခန့်ရှိရာ ကဗျာဝကမ်းခြေမြင်ကွင်းကို အပေါ်စီးမှ မြင်တွေ့ရသည်မှာ ထူးထူးခြားခြား မျက်စိပသာဒရှိလေသည်။

ရွှေရောင်သဲသောင်ပြင်၊ သဲသောင်ပြင်ပေါ်ရှိ ကျောက်တုံးများ၊ ရေကူးပြီး အနား



ယူရန် ပြုလုပ်ထားသော ယာယီနားခိုနေရာများ၊ ကမ်းခြေ၌ ရေလှိုင်းစီးနေကြသူများ၊ ခပ်လှမ်းလှမ်းတွင် တည်ရှိနေသော ကဗျာဝရွာ စသည့်မြင်ကွင်းများက မျက်စိကမခွာချင်အောင် ဆွဲဆောင်မှုရှိလွန်းလှသည်။ ခပ်လှမ်းလှမ်းရှိတံငါရွာမှ ရေလုပ်သားတို့၏လှေများ လှုပ်ရှားသွားလာနေကြသည်ကို လှမ်းမြင်ရသည်။ နောက်ပြီး နေရောင်ကြောင့် လှိုင်းကြက်ခွပ်များ တလျှပ်လျှပ်ထနေသော ကျယ်ပြောလှသည့် အက်ဒမန်ပင်လယ်မြင်ကွင်းက မှင်တက်မိစရာကောင်းအောင် စိတ်အာရုံကို စွဲငြိစရာ ဖြစ်နေတော့သည်။

ထိုစဉ် ဝေဟင်၌ ငှက်တစ်အုပ်ပျံသန်းသွားသည်ကို လှမ်းတွေ့လိုက်ရသည်။ "အဲဒါ ဆောင်းခိုငှက်တွေလေ"ဟု ကိုအောင်ဝင်းက ပြောသည်။ ဆောင်းခိုငှက်များသည် မွန်ပြည်နယ်ကမ်းခြေများသို့ အနည်းဆုံး တစ်နှစ်လျှင် အကောင်ရေနှစ်သောင်းကျော် လာရောက်ကြကြောင်း သိရသည်။ အထူးသဖြင့် မွန်ပြည်နယ် မုတ္တမရေတိမ်ဒေသသို့ လာရောက်ဆောင်းခိုကြသည်ဖြစ်ရာ ငှက်ကြည့်ဝါသနာရှင်များအတွက် လေ့လာရန် အဆင်ပြေလေသည်။

**ရွှေရောင်သဲသောင်ပြင်၊ သဲသောင်ပြင်ပေါ်ရှိ ကျောက်တုံးများ၊ ရေကူးပြီး အနားယူရန် ပြုလုပ်ထားသော ယာယီနားခိုနေရာများ၊ ကမ်းခြေ၌ ရေလှိုင်းစီးနေကြသူများ၊ ခပ်လှမ်းလှမ်းတွင် တည်ရှိနေသော ကဗျာဝရွာ စသည့်မြင်ကွင်းများက မျက်စိကမခွာချင်အောင် ဆွဲဆောင်မှု ရှိလွန်းလှသည်။ ခပ်လှမ်းလှမ်းရှိတံငါရွာမှ ရေလုပ်သားတို့၏လှေများ လှုပ်ရှားသွားလာနေကြသည်ကို လှမ်းမြင်ရသည်။ နောက်ပြီး နေရောင်ကြောင့် လှိုင်းကြက်ခွပ်များ တလျှပ်လျှပ်ထနေသော ကျယ်ပြောလှသည့် အက်ဒမန်ပင်လယ်မြင်ကွင်းက မှင်တက်မိစရာကောင်းအောင် စိတ်အာရုံကို စွဲငြိစရာ ဖြစ်နေတော့သည်။**

စေတီရင်ပြင်တော်ပေါ်မှ အတန်ကြာလေ့လာပြီးနောက် ကျွန်တော်တို့ ပြန်ဆင်းခဲ့ကြသည်။ သဲသောင်ပြင်ကို ဖြတ်လျှောက်ပြီး မော်တော်ကားဆီသို့ ပြန်လာခဲ့ရာ ငါးကင်နှင့် ပုစွန်ကင်ရောင်းသော လူငယ်တစ်ဦးထံမှ ဝယ်ယူရန် ဈေးမေးကြည့်ရာ အတော်အတန်ကြီးသော ငါးမုံ့တစ်ကောင်ကိုငွေကျပ်တစ်ထောင်၊ ပုစွန်ငါးကောင်ကင်ထားသည့် တစ်ကင်ကို ငွေကျပ်တစ်ထောင်ဆိုသဖြင့် ဈေးချိုရာ ဝယ်ယူခဲ့သည်။ စားကြည့်ရာ လတ်ဆတ်၍လားမသိ၊ အရသာ ထူးခြားလေသည်။

ကျွန်တော်တို့ ကဗျာဝကမ်းခြေတွင် နေချင်သေးသော်လည်း မွန်းတည့်နေပြီဖြစ်ရာ ရေးမြို့သို့ ပြန်ခဲ့သည်။ အပြန်ခရီးတွင် သဘာဝအတိုင်းလှပနေသော ကဗျာဝကမ်းခြေမြင်ကွင်းက အချိန်အတန်ကြာသည်အထိ အတွေးထဲက ထွက်မည်မဟုတ်မှန်း ကြိုတင်ခံစားနေမိတော့သည်။ ။

# မြန်မာ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အနာဂတ်

**မောင်ပါဝါ**

*ဇန်နဝါရီ ၁၅ ရက်မှအဆက်*

မိုးရာသီရေလှောင်ကန်များ၏ ရေပိုလွှဲများမှဆည်ရေများ လျှံကျ စီးဆင်းချိန်တွင် ရေအားလျှပ်စစ်စက်ရုံများ၏ စက်တပ်ဆင်အင်အားကို အပြည့်အဝအသုံးချ မောင်းနှင်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှု ဦးစားပေးရန်လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤသို့လုပ်ဆောင်ရာတွင် BOT နှင့် JV/BOT စာချုပ်များပါ "Take or Pay" စနစ်ကြောင့်၊ ဝန်ကြီးဌာနစက်ရုံများ၏ စက်တချို့အား (Off-peak hours) ရပ်နားစေပြီး၊ BOT နှင့် JV/B စက်ရုံများကို ဦးစားပေးရခြင်းကြောင့် ဖြစ်ပါသည်။ ပြည်သူများက ဝေဖန်မှတ်ချက်ပြုကြသကဲ့သို့ ရေအားလျှပ်စစ်စီမံကိန်းများသည် မိုးရာသီတွင်သာ မှီခိုအားထားရနိုင်သဖြင့် အကျိုးရှိမှုနည်းပါးသည်ဟူသော ယူဆချက်ကို မေးခွန်းထုတ်ရန်ပင်ဖြစ်ပါသည်။ မိုးရာသီရေလှောင်တမံများမှ ရေများလျှံကျစီးဆင်းချိန်တွင် ထုတ်လုပ်နိုင်ဓာတ်အား အပြည့်အဝသယ်ပို့ဖြန့်ဖြူးနိုင်ခြင်း မရှိသည်မှာ "Take or Pay" စနစ်အပြင် ဓာတ်အားဖြန့်ဖြူးမှုကွန်ရက် (Distribution Network) ၏ လက်ရှိအမြင့်ဆုံး 230 kV Lines များဖြင့် နိုင်နင်းမှုမရှိသည့်အပြင် ထုတ်လုပ်ဓာတ်အား အပြည့်အဝကို လက်ခံသယ်ပို့ပေးနိုင်သော 500 kV Lines များ မရှိခြင်းကြောင့် အဓိကအချက် တစ်ချက်ဖြစ်ပါသည်။ (ဥပမာ- လာအို၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့တွင် 500 kV Lines များ တည်ဆောက်ထားပါသည်။) ဤကဲ့သို့ ဓာတ်အားထုတ်လုပ်နိုင်စွမ်းရှိသည့် နိုင်ငံပိုင်ရေအားစက်ရုံများမှစက်များရပ်နားပေးရခြင်း၊ ဓာတ်အားစနစ်မှထွက်ခွာပေးရခြင်းများသည် အဆိုပါစက်ရုံများ၏ ဝန်ကြီးဌာနဝင်ငွေ၊ အဓိကနိုင်ငံ့ဝင်ငွေရှာဖွေပေးမှုများကို ဆုံးရှုံးနစ်နာစေပါသည်။ ယင်းကဲ့သို့ မပေါ်ပေါက်စေရေးအတွက် ရေလှောင်ကန်များမှ မိုးရာသီသိုလှောင်ရေ မြင့်မားနေချိန်တွင် ဓာတ်ငွေ့တာဘိုင်စက်ရုံများ၊ နိုင်ငံပိုင်ရေအား စက်ရုံများ၊ တိုင်းရင်းသားပိုင် BOT စက်ရုံများ၊ နိုင်ငံခြား ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု အကျိုးတူ JV/BOT ရေအား စက်ရုံများ လည်ပတ်ဓာတ်အားထုတ်လုပ်သယ်ပို့ဖြန့်ဖြူးမှု (Generation- Transmission-Distribution) တွင် ထိရောက်အကျိုးအရှိဆုံး အစီအမံများကို လက်တွေ့ကျင့်သုံးနိုင်ရေး ချမှတ်လုပ်ဆောင်ရန်လိုအပ်ပါသည်။

**လာအိုနိုင်ငံ (Lao PDR) ၏ ရေအားလျှပ်စစ်ကဏ္ဍ နမူနာ**

အနီးစပ်ဆုံး ရေအားလျှပ်စစ်နှင့် ဆက်စပ်ပြီး အိမ်နီးချင်းကုန်းတွင်းပိတ် လာအိုနိုင်ငံ၏ လျှပ်စစ်ကဏ္ဍကို ဥပမာပေး၍ ဆက်လက်ဆွေးနွေးသွားပါမည်။ ၂၀၁၁-၂၀၁၂ ခုနှစ် မြန်မာနိုင်ငံ၏ စုစုပေါင်း လျှပ်စစ်တပ်ဆင်စက်အင်အား (၃၄၉၅) မဂ္ဂါဝပ်ရှိနေချိန်တွင် အိမ်နီးချင်း အာဆီယံနိုင်ငံဖြစ်သည့် လူဦးရေ ၆ ဒသမ ၈ သန်းခန့်ရှိ လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ (Laos PDR) ၏ စုစုပေါင်း လျှပ်စစ်စက် တပ်ဆင်အင်အားမှာ ၇၄၂ မဂ္ဂါဝပ်သာရှိခဲ့ပါသည်။ ယနေ့ မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ကဏ္ဍမှ ၃၂၂၀ မဂ္ဂါဝပ် အပါအဝင် စုစုပေါင်းတပ်ဆင်စက် အင်အား (၅၂၅၅) မဂ္ဂါဝပ် ရှိနေချိန်တွင် လာအိုနိုင်ငံသည် ရေအားလျှပ်စစ်ကဏ္ဍမှ (၅၅၇၅) မဂ္ဂါဝပ်အထိ ပင်ရရှိနေပြီဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် မည်မျှ နောက်ကျကျန်ရစ်နေသည်ကို တွေ့ရှိနိုင်ပါသည်။ ကုန်းတွင်းပိတ်လာအိုနိုင်ငံတွင် ဆောင်ရွက်ပြီး စီမံကိန်း (၃၀) ခုမှ ၂၀၁၀ ပြည့်နှစ်တွင် စတင်လျှပ်စစ်ထုတ်လုပ်ခဲ့သော Nam Theun -2 (NT-2) ၏ စက်တပ်ဆင်အင်အား ၁၀၇၀ မဂ္ဂါဝပ် အပါအဝင် (၅ယ၅၇၅)မဂ္ဂါဝပ်၊ တည်ဆောက်ဆဲစီမံကိန်း ၆၄ ခုမှ ၁၄၃၅၄ မဂ္ဂါဝပ်နှင့် တည်ဆောက်မည့်စီမံကိန်း (၇) ခုမှ ၈၆၈ မဂ္ဂါဝပ် ထပ်မံတိုးတက်ရရှိလျှင် ၂၀၂၀ ခုနှစ်ကုန်ခန့်တွင် စုစုပေါင်း စက်တပ်ဆင်အင်အား (၂၀၇၉၇)မဂ္ဂါဝပ်ရရှိမည် ဖြစ်ပါသည်။ လာအိုနိုင်ငံသည် မြန်မာနိုင်ငံ၏ ကျင့်သုံး JV/ BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ကာလ (Concession Period) ကို ၃၅ နှစ်၊ ၄၀ နှစ်၊ ၄၅ နှစ်၊ ၅၀ နှစ်စသည် ခွင့်ပြုပေးသည့် အခြေခံမူများနှင့် မတူဘဲ BOOT (Build, Own, Operate, Transfer) စနစ်ဖြင့် လုပ်ကိုင်ခွင့်ကာလ ၂၅ နှစ်ကို အပြီးအပြတ် ခွင့်ပြုထားသည့် စနစ်ဖြစ်ပါသည်။ ပင်မရင်းနှီးမြှုပ်နှံမှုများတွင် EGAT (Thai)၊ EDL (Lao) နှင့် GOL (လာအိုအစိုးရ) တို့ဖြင့် ဖွဲ့စည်း၍ စီမံကိန်း အကောင် အထည်ဖော်ခဲ့ပါသည်။ ၎င်းနောက် NT-2 Power Co. ကို EDFI (ပြင်သစ်)၊ ECCO (ထိုင်း) နှင့် LHSE (လာအို) တို့က ရှယ်ယာ အချိုးကျထည့်ဝင်လျက် ကုမ္ပဏီဖွဲ့စည်းဆောင်ရွက်ခဲ့ကြပါသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ လက်ရှိဈေးကွက်အား ဆက်လက်ထိန်းထားလျက် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို လျှပ်စစ်ကဏ္ဍမှ အရှိန်မြှင့် လုပ်ဆောင်လျက်ရှိသည်မှာ အားကျဖွယ်ရာရှိကြောင်း တွေ့ရှိရပါသည်။ BOT စနစ်၊ JV/BOT စနစ်၊ BOOT စနစ်များနှင့် ဆက်စပ်ပြီး အသေးစိတ်ကို ရှင်းလင်းခြင်းမပြုတော့ပါ။

**မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်အရင်းအမြစ်များ**

၁၉၉၅ ခုနှစ် ကမ္ဘာ့ဘဏ်၏ ဆန်းစစ်ချက်အရ မြန်မာနိုင်ငံ ရေအားလျှပ်စစ်အရင်းအမြစ်များမှ လျှပ်စစ်ထုတ်ယူရရှိနိုင်သည့် ခန့်မှန်းပမာဏမှာ ၁၀၈၀၀၀ မဂ္ဂါဝပ်နှင့် ဖြစ်မြောက်နိုင်စွမ်းရှိသောနေရာ ၂၆၇ ခုမှ ၃၈၃၄၆ မဂ္ဂါဝပ်ခန့် ထုတ်ယူနိုင်ကြောင်း သိရှိရပါသည်။ လက်ရှိထုတ်ယူပြီးသော ပမာဏမှာ ၃၂၂၀ မဂ္ဂါဝပ်သာဖြစ်၍ ထုတ်ယူနိုင်စွမ်း၏ ၈ ဒသမ ၄ ရာခိုင်နှုန်းသာ ရှိသေးကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများနှင့် မြစ်လက်တက်/ ချောင်းကြီးများမှ ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် နေရာများစွာရှိရာ ၎င်းတို့အနက် ရေအားအရင်းအမြစ်ပေါကြွယ်ဝပြီး ယနေ့အထိ တမံကြီးများတည်ဆောက်လျက် ရေအားလျှပ်စစ် ထုတ်ယူအသုံးပြုခြင်းမရှိသေးသည့် သံလွင်မြစ်တစ်စင်းတည်းကိုသာ နမူနာယူ၍ ဆွေးနွေးဖော်ပြလိုပါသည်။

**သံလွင်မြစ် (Thanlwin River)**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်းများအနက် အထူးသဖြင့် သံလွင်မြစ်ကို ဆန်းစစ်ကြည့်ရန် လိုအပ်မည်ဖြစ်ပါသည်။ သံလွင်မြစ်သည် စုစုပေါင်းအလျား ၁၇၄၉ မိုင်ရှိရာ တရုတ်နိုင်ငံအတွင်း နျူဂျန်းမြစ် အမည်ဖြင့် ၇၅၈ မိုင်နှင့် မြန်မာနိုင်ငံအတွင်း သံလွင်မြစ် အမည်ဖြင့် ၉၉၁ မိုင်ရှိပါသည်။ စုစုပေါင်းရေဆင်းဧရိယာ ၁၂၃၅၅၀ စတုရန်းမိုင်ရှိရာ တရုတ်နိုင်ငံဘက်တွင် ၅၃ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံဘက်တွင် ၄၂ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံဘက်တွင် ၅ ရာခိုင်နှုန်း အသီးသီးပါဝင် ကြပါသည်။ သံလွင်မြစ်သည် မတ်စောက်သော တောင်တန်းတောင်ကြောများကို ဖြတ်သန်းစီးဆင်းသဖြင့် ရေစီးကြမ်းခြင်း၊ ရေကျများ (Rapids/Drops) များစွာ ဖြစ်ပေါ်လျက်ရှိခြင်းတို့ကြောင့် ၎င်း၏ ပင်လယ်မြစ်ဝမှအထက်ဘက် ရွှေဂွန်းမြို့အထိ ရေလမ်း ၄၉ မိုင်ခန့်သာ လှေသင်္ဘောငယ်များ သွားလာနိုင်ကြပါသည်။ သံလွင်မြစ်စတင်ဝင်ရောက် စီးဆင်းသည့် တရုတ်-မြန်မာနိုင်ငံ နယ်ခြားမှ မြစ်ဝအထိ (From Myanmar boundary to its mouth) နှစ်စဉ်ပျမ်းမျှ စီးဆင်းရေ ခန့်မှန်းပမာဏမှာ (၂၀၉ သန်းဧကပေ) ၂၅၇,၉၁၈ သန်း ကုဗမီတာ) (ECAFE, Bangkok, UN) ရှိပါသည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ဘက်ခြမ်းတွင် ရေအားလျှပ်စစ်တမံကြီး (Hydropower Dams) (၁၃) ခုကို တည်ဆောက်ရန်လျာထားသည့်အနက် လက်ရှိအချိန်တွင် ဇယား (၉) ဖြင့် ဖော်ပြပါ တမံကြီး (၄) ခုကို ဆောင်ရွက်ဆဲဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ အဆိုပါတမံကြီး (၁၃) ခုမှ စုစုပေါင်း စက်တပ်ဆင်အင်အား ၂၁၃၂၀ မဂ္ဂါဝပ်ရှိမည်ဖြစ်ပါသည်။

**ဇယား (၉)**

**တရုတ်နိုင်ငံ နျူဂျန်းမြစ် (သံလွင်) ပေါ်တွင် ဆောင်ရွက်ဆဲ စီမံကိန်းများ**

| စဉ် | စီမံကိန်း | တမံအမြင့် (ပေ) | စက်တပ်ဆင်အင်အား (မဂ္ဂါဝပ်) | နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား(သန်းကီလိုဝပ်နာရီ) |
|---|---|---|---|---|
| ၁။ | Songta | ၁,၀၀၇ | ၄,၂၀၀ | ၁၇,၈၇၀ |
| ၂။ | Maji | ၉၈၄ | ၄,၂၀၀ | ၁၈,၉၇၀ |
| ၃။ | Yabiluo | ၄၃၆ | ၁,၈၀၀ | ၉,၀၆၀ |
| ၄။ | Liuku | ၁၁၆ | ၁၈၀ | ၇၆၀ |
| | စုစုပေါင်း | - | ၁၀,၃၈၀ | ၄၆,၆၆၀ |

ရှေ့ပိုင်းတွင် ရှင်းလင်းဖော်ပြခဲ့သည့် ပြုပြင်သတ်မှတ် အနှစ် (၂၀) အမျိုးသားစီမံကိန်းတွင် ပါဝင်သည့် ရေအားလျှပ်စစ်စီမံကိန်း (၄၄) ခုအနက် နိုင်ငံခြား ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့်အစီအစဉ် (JV/BOT) ဖြင့် ဦးစားပေးဆောင်ရွက်မည့် သံလွင်မြစ်ပေါ်ရှိ ရေအားလျှပ်စစ် စီမံကိန်း(၆)ခုကို ဇယား (၁၀) ပါအတိုင်းဖြစ်ကြောင်း သိရှိရပါသည်။

**ဇယား (၁၀)**

**သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများ**


| စဉ် | စီမံကိန်း | တမံအမြင့် (ပေ) | စက်တပ်ဆင်အင်အား (မဂ္ဂါဝပ်) | နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား(သန်းကီလိုဝပ်နာရီ) |
|---|---|---|---|---|
| ၁။ | အထက်သံလွင် (ကွမ်းလုံ) | ၃၃၈ | ၁,၄၀၀ | ၇,၁၄၂ |
| ၂။ | နောင်ဖ | ၂၇၉ | ၁,၀၀၀ | ၅,၂၉၀ |
| ၃။ | မန်တောင်း | ၃၅၈ | ၂၂၅ | ၉၉၂ |
| ၄။ | အထက်သံလွင် (မိုင်းတုံ) | ၇၉၁ | ၇,၀၀၀ | ၃၄,၇၁၇ |
| ၅။ | ရွာသစ် | ၅၄၈ | ၄,၅၀၀ | ၂၅,၅၁၉ |
| ၆။ | ဟတ်ကြီး | ၃၈၆ | ၁,၃၆၀ | ၇,၃၂၅ |
| | စုစုပေါင်း | - | ၁၅,၄၈၅ | ၈၀,၉၈၅ |

**နှစ် (၂၀) လျှပ်စစ်မဟာစီမံချက်**


မြန်မာနိုင်ငံအမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (National Energy Management Committee) (NEMC) အတွက် အာရှဖွံ့ဖြိုးရေးဘဏ်အကူအညီဖြင့် IES နိုင်ငံခြား အတိုင်ပင်ခံအဖွဲ့နှင့် MMiC ကုမ္ပဏီ(မြန်မာ)တို့၏ အချိန် ၁၈ လကြာအချက်အလက် စုဆောင်းရယူလေ့လာ ပြုစုတင်ပြခဲ့သည့် Myanmar Energy Master Plan (MEMP) တွင် အမျိုးသားစီမံကိန်း ပထမကာလတို ၅ နှစ်ကုန်ဆုံးမည့် (၂၀၁၅-၂၀၁၆)၊ ဒုတိယကာလတို ၅ နှစ်ကုန်ဆုံးမည့် (၂၀၂၀-၂၀၂၁)၊ တတိယနှင့် စတုတ္ထကာလတို ၅ နှစ် ကုန်ဆုံးမည့် (၂၀၃၀-၂၀၃၁) တို့တွင် မျှော်မှန်းတွက်ချက်ထားသည့် ရောစပ်စွမ်းအင်ရရှိနိုင်မှု (Energy Mix) ပုံစံအမျိုးမျိုးကို ဖော်ပြထားကြောင်းတွေ့ရှိရပါသည်။ ခြုံငုံ၍သာ လက်ရှိပြည်ထောင်စု အစိုးရ၏ သက်တမ်းကာလ (၂၀၂၀-၂၀၂၁) ခုနှစ်အထိ ပုံစံတွဲနှင့် (၂၀၃၀-၂၀၃၁) ခုနှစ်အထိ ပုံစံတွဲများကို ပုံ (၁၂) နှင့် ပုံ (၁၃) တို့ဖြင့် ဖော်ပြလိုပါသည်။

ပုံ (၁၂)

**ကာလတို(၅)နှစ်စီမံကိန်းများ ကုန်ဆုံးချိန်မျှော်မှန်းနိုင်သည့် ရောစပ်လျှပ်စစ်စက်တပ်ဆင်အင်အား**




ပုံ (၁၃)




သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ဦးစားပေးလျာထားသည့် ဖော်ပြပါစီမံကိန်းများ၏ ပျမ်းမျှကန်ရေပြည့် ရေအနက်ဆုံး (Maximum Water Depth) မှာ ၃၀၀ ပေမှ ပေ ၃၅၀ အတွင်း ရှိမည်ဖြစ်ပါသည်။ ပေ ၃၀၀၀ မှ ပေ ၃၅၀၀ အတွင်းမြင့်မားမတ်စောက်သော ရှမ်းကုန်းပြင်မြင့် တောင်တန်းတောင်ကုန်းများအကြားတွင် စီမံကိန်းအလိုက် ကန်ရေပြည့် သိုလှောင်ရေသည် မြစ်ကြောင်းဝဲယာကျယ်ပြန့်စွာ ဖုံးလွှမ်းခြင်းမရှိဘဲ မြစ်ကြောင်း သိုလှောင်ရေ (River Channel Storage) ပုံစံဖြစ်နေ၍ လူနေအိမ်ရာများ၊ သစ်တောကြီးများစသည် ထိခိုက်ပျက်စီးဆုံးရှုံးမှု အလွန်နည်းပါးသည်ကို တွေ့ရှိရပါမည်။ ဖော်ပြပါစီမံကိန်း ၆ ခု၏ ကန်ရေပြည့် ရေဖုံးလွှမ်းဧရိယာ (Water Spread Area) စုစုပေါင်းမှာ ၃၉၃ စတုရန်းမိုင်ခန့်သာရှိပြီး ၎င်းစီမံကိန်း (၆) ခု၏ ရေဆင်းဧရိယာ (Catchment Area) စုစုပေါင်း ၄၅၃၂၆၅ စတုရန်းမိုင်၏ ၀ ဒသမ ၀၈၆ ရာခိုင်နှုန်းမျှသာရှိ၍ ရေလှောင်တမံကြီးများ တည်ဆောက်မှုကြောင့် အဖိုးတန် သစ်တောများပြုန်းတီးမှု အလွန်နည်းပါးကြောင်းသုံးသပ်နိုင်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများမှာ မဆင်မခြင် သစ်ခုတ်လှဲထုတ်ယူခြင်း၊ သတ္တုသယံဇာတများ စည်းကမ်းမဲ့ထုတ်ယူခြင်း၊ သစ်တောဧရိယာများအတွင်း တောင်ယာများ ချဲ့ထွင်လုပ်ကိုင် ကြခြင်းစသည်တို့ကြောင့် ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ စုစုပေါင်း ယင်းစီမံကိန်းများ၏ သိုလှောင်ရေပမာဏမှာ ၄၁ ဒသမ ၈ သန်းဧကပေ ဖြစ်ရာ၊ သံလွင်မြစ်၏ မြန်မာနိုင်ငံအတွင်း နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ၂၀၉ သန်းဧကပေ၏ ၂၀ ရာခိုင်နှုန်းမျှသာရှိသဖြင့် မူလစီးဆင်းရေ ပမာဏကို ထိခိုက်နိုင်မှုမရှိကြောင်းလည်း တွေ့ရှိရပါသည်။ အဆိုပါ စီမံကိန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါက စုစုပေါင်း စက်တပ်ဆင်အင်အား ၁၅၄၈၅ မဂ္ဂါဝပ်ရှိမည်ဖြစ်ပါသည်။ တစ်ဆက်တည်း တင်ပြလိုသည်မှာ မြန်မာနိုင်ငံသည် အပြည်ပြည်တမံကြီးများ ဆိုင်ရာကော်မရှင် (International Commission on Large Dams - ICOLD) ၏ ၉၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် Myanmar National Committee on Large Dams (MNCOLD) ပါဝင်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ဥပဒေကိုပါ ပြဋ္ဌာန်းကျင့်သုံးလျက်ရှိပါသည်။ ICOLD အသိအမှတ်ပြု မြန်မာနိုင်ငံရှိ တမံကြီး ၁၉၃ ခု၏ စုစုပေါင်း ရေဆင်းဧရိယာ (Catchment Area) မှာ ၆၀၇၈၅ စတုရန်းမိုင် နှင့် စုစုပေါင်း ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ (Water Spread Area @FTL) မှာ ၁၀၆၃ စတုရန်းမိုင်အသီးသီးရှိကြပါသည်။ရေလှောင်တမံကြီးများ တည်ဆောက်မှုကြောင့် သစ်တောဧရိယာ ပြုန်းတီးမှု အခြေအနေမှာ (၁)း ၅၇ ဒသမ ၁၈ သို့မဟုတ် ၁ ဒသမ ၇၂ ရာခိုင်နှုန်း ၉၈ ဒသမ ၂၈ ရာခိုင်နှုန်းရှိသဖြင့် ဆုံးရှုံးနစ်နာသည့် ပြောဆိုဖော်ပြချက်များမှာ ခိုင်လုံမှု အားနည်းကြောင်း သုံးသပ်လိုပါသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

# ဆည်တော်ကြီးရေလှောင်တမံဆည်ရေဖြင့် မတ္တရာ၊ ပုသိမ်ကြီး၊ အမရပူရမြို့နယ်များ၌ နွေစပါးစိုက်ပျိုးမည်

**တင်လှိုင် (မိတ္ထီလာ)**

တောင်သူလယ်သမားများ စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းဦးစီးဌာန ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက မြန်မာတစ်နိုင်ငံလုံးတွင် ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများနှင့် ရေပေးဝေလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်မတ္တရာမြို့နယ်အတွင်းရှိ ဆည်တော်ကြီးရေလှောင်တမံလည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဆည်တော်ကြီး ရေလှောင်တမံမှာ ချောင်းမကြီးချောင်းကို ပိတ်၍ ဆည်ဖို့ထားသော ရေလှောင်တမံဖြစ်သည်။ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ချောင်းမကြီးချောင်းပေါ်တွင် ရေလွှဲဆည်တစ်ခုတည်ဆောက်ပြီး ရွှေလောင်းတူးမြောင်းမှတစ်ဆင့် ရေပေးသွင်း၍ သီးနှံများစိုက်ပျိုးခဲ့သည်။ ၁၉၀၁ ခုနှစ် အင်္ဂလိပ်ခေတ်က ဆည်တော်ကြီးရေလွှဲဆည်နှင့် မန္တလေးတူးမြောင်းကို တည်ဆောက်ပြီး စိုက်ပျိုးမြေဧက ၉၅၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးခဲ့သည်။ ထိုဆည်မှာ ရေလွှဲဆည်ဖြစ်၍ ချောင်းတွင်းရေစီးရေလာပေါ်တွင် အမှီပြုပြီး ရေပေးဝေရသောကြောင့်ရေစီးရေလာနည်းပါးသော နွေရာသီတွင် စိုက်ပျိုးရေလုံလောက်စွာ မပေးနိုင်ခဲ့ပေ။ ထို့ကြောင့် ချောင်းအတွင်းရေစီးရေလာကို တမံပိတ်ဆို့ကာ သိုလှောင်ထိန်းသိမ်းပြီး ရာသီမရွေး စိုက်ပျိုးရေ အလုံအလောက်ပေးဝေနိုင်ရန်အတွက် ၁၉၇၆ ခုနှစ်က ဆည်တော်ကြီး ရေလှောင်တမံကို တည်ဆောက်ခဲ့သည်။

ဆည်တော်ကြီး ရေလှောင်တမံမှာ ချောင်းမကြီးရေစီးရေလာကို သိုလှောင်ထိန်းသိမ်းကာ လက်ရှိဆည်တော်ကြီးရေလွှဲဆည်မှ မန္တလေးတူးမြောင်းရေသောက် ဧရိယာဧက ၉၅၀၀၀ အပြင် ရေနံသာတူးမြောင်းရေသောက်ဧရိယာဧက ၁၈၀၀၀ နှင့် ရေစုပ်စက်ဧရိယာဧက ၁၄၀၀၀ တို့ကို တိုးချဲ့ဖော်ထုတ်ပြီး စုစုပေါင်းရေသောက်ဧရိယာ ဧက ၁၂၇၀၀၀ ကို စိုက်ပျိုးရေ



ပေးဝေနေသည်။

ဆည်တော်ကြီး ရေလှောင်တမံမှ မန္တလေးတူးမြောင်းမကြီးက တစ်ဆင့် ရေစုပ်စက်များဖြင့် (Pump Station-1) ရှိဆည်ရေသောက်ဧရိယာဧက ၂၅၀ ကို နွေနှမ်းစိုက်ပျိုးရန်အတွက်လည်းကောင်း၊ (Pump Station-2) မှ ဆည်ရေသောက် ဧရိယာဧက ၆၀၀ ရှိ နွေနှမ်းစိုက်ပျိုးရန်အတွက် ရေပေးဝေသွား မည်ဖြစ်သည်။

၂၀၁၆-၂၀၁၇ ခုနှစ် နွေစပါးစိုက်ပျိုးရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဆည်တော်ကြီး ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရန်အတွက် မတ္တရာမြို့နယ်မှ ၄၂၂၂၅ ဧက၊ ပုသိမ်ကြီးမြို့နယ်မှ ၁၉၅၃၃ ဧက၊ အမရပူရမြို့နယ်မှ ၇၅၄၂ ဧက စုစုပေါင်းနွေစပါးဧက ၆၉၃၀၀ စိုက်ပျိုးကြမည်ဖြစ်သည်။ နွေစပါးအပြင် အခြားသီးနှံ ၂၁၁၇ ဧကကိုလည်း စိုက်ပျိုးသွားမည် ဖြစ်သည်။

နွေစပါးစိုက်ပျိုးရန်အတွက် ဆည်တော်ကြီး ရေလှောင်တမံအတွင်းရှိ မန္တလေးတူးမြောင်း၊ ဆိပ်သာတူးမြောင်း၊ ပီဒကပ်တူးမြောင်း၊ လိက္ကောင်းတူးမြောင်း၊ အလယ်ဘုံတူးမြောင်း၊ ထန်းပင်ကုန်းတူးမြောင်း၊ ကဘဲ့မြောင်း၊ လွန်တောင်းမြောင်း၊ နန္ဒာမြောင်း၊ ကရမက်မြောင်း၊ ရွှေတချောင်းမြောင်း၊ ရှမ်းမြောင်း၊ ကုလားမြောင်း၊ နဲ့ဌတ္တိုရေမြောင်း၊ ရေနံသာတူးမြောင်း၊ လက်တံတူးမြောင်း ခုနစ်မြောင်း၊ ကျောက်သံပတ်မြောင်း၊ ပုသိမ်ကြီးတူးမြောင်း၊ ရန်ကင်းတောင်တူးမြောင်း၊ ရေကြည်မြောင်း၊ ဝါခင်းကုန်းမြောင်း၊ ကျောက်မီးမြောင်း၊ တံတိုင်းရှည်မြောင်း၊ တမုတ်ဆိုးမြောင်း၊ ကင်းဘတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရေးအတွက် သဲနုန်းများတူးဖော်ခြင်း၊ မြောင်းများ ပြုပြင်ခြင်း၊ ချောင်းနားချောင်းဖျားအထိ ရေရောက်ရန်ဆောင်ရွက်နေကြသည်။ နွေစပါးစိုက်ပျိုးရန်အတွက် ယခုအခါမြောင်းတိုင်းတွင် မြောင်းခေါင်းများခန့်ထားပြီး ဆည်ရေမရောက်ပါကတိုင်ကြားရန် ဖုန်းနံပါတ်များဖြင့် ဗီနိုင်းများ ချိတ်ဆွဲထားသည်။ တောင်သူလယ်သမားများကလည်း မိမိတို့လယ်မြေများတွင် ရေများရောက်ရှိစေရန် လယ်ကြားမြောင်းများကို မိမိတို့အသိစိတ်ဓာတ်ဖြင့် ပြုပြင်ပေးကာ ရေများရရှိ၍ ပိုမိုအကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။

ဆည်တော်ကြီး ရေလှောင်တမံတည်ဆောက်ပြီးစက မိုးရာသီတွင် ရေဝင်များသည့်အတွက် မတ္တရာမြို့နယ် တံငါရွာနှင့် ကျောက်စရစ်တောင်ကျေးရွာကြားရှိ မိုးကုတ်ကားလမ်းမှာ ရေကျော်ကာ ကားလမ်းများ အဆက်အသွယ်ပြတ်တောက်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်မှစ၍ ဆည်မြောင်းဌာန၊ ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မိုးကုတ်ကားလမ်း ရေမကျော်စေရန်အတွက် ဆည်တော်ကြီး ရေကိုကြိုတင်စုပ်ထုတ်ပေးခဲ့သဖြင့် မိုးတွင်းကာလမိုးကုတ် ကားလမ်းရေကျော်မှု အန္တရာယ်မှ ကင်းဝေးသွားခဲ့သည်မှာ ယနေ့အထိဖြစ်သည်။ ယခုအခါ နွေစပါးစိုက်ပျိုးရန်အတွက် ဆည်တော်ကြီးရေလှောင်တမံတွင် ဆည်ရေများအလုံအလောက် သိုလှောင်ထားပြီးဖြစ်ကြောင်း သိရသည်။

## သွားလာရေးအဆင်ပြေစေရန် စမ်းကလေးယာယီဘေလီသံပေါင်တံတား တပ်ဆင်လျက်ရှိ



**အောင်လံ ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်၌ အောင်လံ-သမ္ဘုလ ကားလမ်းပေါ် စမ်းကလေးကျေးရွာအနီးရှိ ကွန်ကရစ်တံတားမှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက် က မိုးရွာသွန်းမှုများ ပြားခြင်းကြောင့် ရေတိုက်စားကာ ပြိုကျပျက်စီးခဲ့သဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကွန်ကရစ်တံတား တည်ဆောက်ရန်အတွက် ခရိုင်၊ တိုင်း၊ ရုံးချုပ်တို့သို့ တင်ပြထားပြီးဖြစ်သည်။

ခွင့်ပြုချက်မကျသေးမီ ကာလတွင် လက်ရှိအခြေအနေအရ ကားနှင့် ဆိုင်ကယ်များမှာ ရှောင်ကွင်းလမ်းမှသွားနေကြရပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲနေမှုအား ဖြေရှင်းပေးရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် တံတားအထူးအဖွဲ့(၃)မှ တာဝန်ယူကာ ယာယီ ဘေလီသံပေါင်တံတားအား ဇန်နဝါရီ ၁၈ ရက်မှစတင်၍ တပ်ဆင်လျက်ရှိကြောင်း တံတားအထူးအဖွဲ့တာဝန်ရှိသူ၏ ပြောပြချက်အရ သိရသည်။ ယင်းတံတား ပြီးမြောက်ပါက အောင်လံ-ကျောက်ပန်းတောင်း၊ သမ္ဘုလ၊ ရွှေပန်းတော လမ်းပေါ်၌ အသုံးပြု သွားလာနေကြသော ကျေးရွာပေါင်း ၈၁ ရွာမှ လုပ်သားပြည်သူများ မိုးရာသီကာလတွင် အခက်အခဲမရှိဘဲ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

## မှူခင်းအသိပညာပေးယာဉ် ဇီးကုန်းမြို့သို့ ရောက်ရှိ

**ဇီးကုန်း ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၏ စီစဉ်မှုဖြင့် တိုင်းဒေသကြီးအတွင်းလှည့်လည်၍ မှုခင်းအသိပညာပေးပြခန်းယာဉ်မှာ ဇန်နဝါရီ ၈ ရက်က ဇီးကုန်းမြို့သို့ ရောက်ရှိလာခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး၊ ကြက်ခြေနီဒုတိယတပ်ရင်းမှူးတို့ လိုက်ပါကာ ဇီးကုန်းမြို့မ စည်ပင်သာယာဈေးကြီး အထကဇီးကုန်းနှင့် နွားတဲကုန်းအုပ်စု ပန်းတင်လေးရွာဘုန်းတော်ကြီးကျောင်းတို့၌ မှုခင်းကျဆင်းရေးနှင့် လောင်းကစားမှုများ တားဆီးနှိမ်နင်းရေးတို့အတွက် အသိပညာပေးဟောပြောခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

တိုင်းအတွင်း၌ မှုခင်းလျှော့နည်းကျဆင်းရေး အတွက် ရဲစခန်းနယ်မြေအလိုက် မှုခင်းကင်းမဲ့ရက်သတ္တပတ် မှုခင်းကင်းမဲ့လမှသည် မှုခင်းကင်းစင်ဇုန်ဖြစ်လာသည်အထိ ဆောင်ရွက်ရာ၌ ပြည်သူများ ပါဝင်ပူးပေါင်းကြ ရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

### ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၉ တွင် ပါရှိသည့် "ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးပေးမည့် အစီအစဉ် အကြောင်းရှင်းလင်းဟောပြော" ခေါင်းစဉ်တွင် **"ကာကွယ်ဆေးထိုးပေး"**အစား **"ကာကွယ်ဆေးတိုက်ကျွေး"**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်းအဖွဲ့)**

## မော်ဟန်ရွာ လေးတန်ချောင်း ကွန်ကရစ်တံတား ရေထိန်းနံရံတည်ဆောက်

**မိုးညှင်း ဇန်နဝါရီ ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ မော်ဟန် လေးတန်ချောင်းကူး RC ကွန်ကရစ်တံတား စတုတ္ထအကြိမ် ရေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၈ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ခုနှစ် ပြည်သူ့လွှတ်တော်ဘတ်ဂျက် ရန်ပုံငွေမှ ငွေကျပ်သိန်း ၅၀ နှင့် ဒေသခံများ လှူဒါန်းထည့်ဝင် ငွေကျပ် ၁၀ သိန်းတို့ဖြင့် အရှည်ပေ ၇၀ အမြင့် ၁၅ ပေရှိသည့် RC ကွန်ကရစ် ရေထိန်းနံရံကို တည်ဆောက်ခြင်းဖြစ်သည်။

အဆိုပါ လေးတန်ချောင်း RC ကွန်ကရစ် ရေထိန်းနံရံကို လေးတန်ချောင်း၏ အနောက်ဘက်ကမ်း မော်ဟန်ကျေးရွာ၏ အရှေ့ဘက်ခြမ်းအပိုင်းတွင် တည်ဆောက်လျက်ရှိပြီး ရေတိုက်စားမှု အန္တရာယ်ကင်းရှင်းစေရန်နှင့် တံတားရေရှည်ခိုင်ခံ့စေရန်အတွက် နံရံအား အမြင့်လေးပေ၊ အရှည် ပေ ၇၀ ရှိသောအလွှာသုံးလွှာကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းနှင့်အဖွဲ့က ဆောက်လုပ်ပြီးစီးခဲ့သည်။

ယခုအခါ စတုတ္ထအကြိမ် အမြင့်သုံးပေ၊ အရှည် ပေ ၇၀ ကို အပြီးသတ်တည်ဆောက်ပြီးစီးပါက စုစုပေါင်း အမြင့် ၁၅ ပေ အရှည်ပေ ၇၀ ရှိသော RC ကွန်ကရစ် ရေထိန်းနံရံကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ဆက်လက်၍ ယင်းချောင်းကူးတံတားတစ်ဖက်တစ်ချက်စီမှကျန်ရှိသော ရေထိန်းနံရံနေရာသုံးခုကို မြို့နယ်စည်ပင်သာယာနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**




## မြန်မာ့မီးရထားဝန်ထမ်းများ ဝန်ဆောင်မှုတိုးတက်လာစေရေး ဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၂၁**

မြန်မာ့မီးရထားနှင့် Japan International Consultants for Transportation Co., Ltd.(JIC) တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ့မီးရထားဝန်ထမ်းများ ဝန်ဆောင်မှု အရည်အသွေးတိုးတက်လာစေရန် ရည်ရွယ်ပြုလုပ်သော အလုပ်ရုံ ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ မန္တလေးဘူတာကြီး နားနေခန်း(၂)၌ ပြုလုပ်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (အထက် မြန်မာပြည်) ဦးမျိုးဝင်းက အမှာစကားပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲကို ရထားစီးခရီးသွားပြည်သူများ စိတ်ကျေနပ်မှုရရှိစေရန် သွားလာမှုအဆင်ပြေချောမွေ့စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး သင်တန်းသား ၄၇ ဦး တက်ရောက်ခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ဘားအံအကျဉ်းထောင်တွင် အကျဉ်းသားအိပ်ဆောင် (၁၄၈' × ၆၀'× ၂၅') (၂)ထပ်(၁)လုံး ဆောက်လုပ်ရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီ လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာများကို ၂၂-၁-၂၀၁၇ ရက်မှစတင်၍ အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံးတွင် ဝယ်ယူနိုင်ပြီး ၆-၂-၂၀၁၇ရက် နောက်ဆုံးထား၍ ကုမ္ပဏီ Profile နှင့်အတူ တင်သွင်းသွားရန် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၉-၄၉၂၆၈၁၉၇
၀၉-၇၉၁၉၁၂၆၅၁
၀၉-၅၆၆၁၇၁၈
၀၉-၄၃၁၅၉၈၇၂

ကရင်ပြည်နယ် ဦးစီးမှူးရုံး
အကျဉ်းဦးစီးဌာန

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

(အကျိုးဆောင်မလိုပါ)

Mini Condo ရှစ်ထပ်ခွဲတိုက်သစ်
တိုက်ခန်းကျယ်၊ ၂၈ ပေခွဲ × ၅၄ ပေ
အခန်းဖွဲ့ပြင်ဆင်ပြီး၊ ပ-ဒု-တ-စ အထပ်များ
ဓာတ်လှေကား၊ အရန်မီးစက်၊ ထရန်စဖော်မာ
သံသုမာလမ်းမအနီး၊ မြင်သာ/တောင်ဥက္ကလာပ
၀၉ ၇၇၂ ၇၀၀ ၅၅၂
(နှစ်ဦးအထူးဈေးနှုန်း/အရစ်ကျငွေချေမှု)

## အဆောက်အဦ အငှားချမည်

လှိုင်သာယာမြို့နယ်၊ ရန်ကုန် - ပုသိမ်လမ်းမကြီး နှင့် ရန်ကုန် - ညောင်တုန်းလမ်းမကြီးအား ဖြတ်သန်းသွားသော လူစည်ကားရာ လမ်းမကြီးပေါ်ရှိ
☞ မျက်နှာစာ ပေ(100) ☞ ဧရိယာဝတ္ထုရန်း ပေ(12,000)ခန့်ကျယ်ဝန်းသော
☞ (၃) ထပ် အဆောက်အဦအသစ်အား ပိုင်ရှင်မှ အငှားချမည်။
- ရေ+မီး: Transformer
- တစ်လလျှင် USD(6,500)

[အကျိုးဆောင်ပေးနိုင်ပါသည်။]

ဆက်သွယ်ရန် - 09 49709415 (ရုံးချိန်အတွင်း)

## Special Promotion

Save Money
or
Only Pay 20%

HYUNDAI NEW THINKING. NEW POSSIBILITIES.

1st ~ 31st January, 2017

Happy Chinese New Year 2017 Year of the Rooster



| H-100 | GRAND i10 | LF SONATA |
|---|---|---|
| Saving up to 1,400 $ + FREE GIFT ROOF & SEATS | Saving up to 2,000 $ | Saving up to 3,100 $ |
| or | or | or |
| Only Pay $ 4668 First | Only Pay $ 4799 First | Only Pay $ 9809 First |

Hyundai Showroom ကို လာရောက်လည်ပတ်ရင်း...Hyundai 2017 Calendar (or) Hyundai Keychain များကို ရယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

INTERNATIONAL KLM Co.,Ltd. **Take this chance now !** Visit Hyundai Showroom or call us — 3 YEARS WARRANTY 100,000 KM

Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom: (01) 522 723, 09 42 100 2051 Service Center : (01) 522 724
Mandalay : No.10, 40th Street, Between 78th & 79th Street, Maha Aung Myay Township, Mandalay, Myanmar.
Showroom : 09 253151970, 09 4539 55560 Service Center : 09 4500 60009 (Mandalay Star)

www.hyundaimotor.com.mm
info@hyundaimotor.com.mm
www.facebook.com/hyundaimm

All information and illustrations are based on data avilable at the time of publication and subject to change without notice.

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၇ခုနှစ် ဇန်နဝါရီလ(၂၁) ရက်နေ့မှစ၍ ဖွင့်လှစ်သည့်

**" PRO 1 Home Center " ၏ (East Dagon Branch)**

ဖွင့်ပွဲအခမ်းအနားအတွက်
အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း.....

**ဦးနေမျိုးနိုင်-ဒေါ်အေးအေးလတ်**
**ချမ်းသာရွှေမြေကုမ္ပဏီလီမိတက်**

## ခရုသင်းသမင်ဖြူ

လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ

ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊

သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။

နယ်မှ ဆေးဆိုင်ရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။

အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကန်ရွှေရပ်ကွက်၊ ၉၃ လမ်း၊ အမှတ် ၁၀၇၊ ၅-လွှာနေ ဦးသိန်းလွင် (၁၂/ကတတ(နိုင်)၀၀၈၂၃၀)နှင့် ဒေါ်သိန်းသိန်းညွန့် (၁၂/မဂဒ(နိုင်)၀၂၃၇၇၃) တို့၏သားဖြစ်သူ မောင်အောင်ကောင်းမြတ်(ခ)ဝေယံ (၁၂/မဂဒ(နိုင်)၁၀၉၆၄၈) သည် မိဘ၏ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ကာ ၎င်းဆန္ဒအရ နေအိမ်မှထွက်သွားပါသဖြင့် ၎င်းအား ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသိန်းလွင်-ဒေါ်သိန်းသိန်းညွန့်


## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁၈)၊ မြေကွက်အမှတ် ၁၉၅/က၊ ပေ(၂၀×၆၀)ငယ် စာရင်းအမည်ပေါက် ဦးကျော်လင်းနိုင် ၁၂/လသယ(နိုင်)၀၇၆၉၈၉(ဘ)ဦးသံချောင်း မြေကွက်အားဝယ်ယူထားသူ ဦးကျော်ဦး ၈/ရနခ(နိုင်)၀၉၂၇၉၆မှ မြေချစလစ်ပြားမူရင်းငယ်စာရင်းအမည်ပေါက်ပါ ဦးကျော်လင်းနိုင် ၁၂/လသယ(နိုင်)၀၇၆၉၈၉နှင့် ဦးကျော်လေးနိုင် တို့သည် တစ်ဦးတည်းဖြစ်ကြောင်း ၁-၁-၂၀၁၇ရက်ထုတ် ကြေးမုံသတင်းစာပါ အမည်မှန်ကြောင်းကြော်ငြာစာမိတ္တူ၊ ကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံစာ၊ အရောင်းအဝယ်စာချုပ်စာတမ်းများတင်ပြ၍ မြေပိုင်ဆိုင်မှုအတွက် မြေပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာရုံးခွဲ(၁၀)သို့ သက်ဆိုင်ရာ(မူရင်း)စာရွက်စာတမ်း၊ အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၁၀)၊မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**လှိုင်သာယာမြို့နယ်**

## Learners' Choice

၂၀၁၇ စာမေးပွဲလမ်းညွှန် အငှမတန်း



ကြို တင် လေ့ ကျင့် ပြင် ဆင် နိုင် ရန်

**ဘာသာစုံမေးခွန်း(၅)စုံနှင့် စံပြအဖြေများ**

(အချိန်ကိုက်၊ အမှတ်ကိုက်၊ စံကိုက်အဖြေ)

ဖြန့်ချိရေး ခေတ်သစ်စာပေ

အမှတ်-၂၃၅၊ ၂၉-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၅၄၃၉၈၊ ၃၈၃၇၅၅၊ ၃၈၄၆၅၇၊ ၃၇၁၉၀၅

ထွက်ပြီ

အမြို့မြို့ အနယ်နယ်ရှိ ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး

## ဦးကျော်ငွေ (အသက် ၆၅)နှစ်

မိုးကုတ်မြို့ ဈေးသစ်ရပ်နေ ကိုဖုန်းမြင့်စိုး-မသူဇာကျော်၊ ရန်ကုန်မြို့နေ ကိုမောင်မောင်စိုး-မအိအိလင်း၊ ကိုမောင်မောင်လွင်-မဂျူးသက်ချယ်၊ ကိုမောင်မောင်ကျော်တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မခင်ဖုန်းပွင့်၊ မစံမဒ္ဒီ၊ မအိမ့်ချမ်းမြေ့မောင်၊ မယသဝတီမောင်၊ မောင်သာခန့်ထည်တို့၏ အဘိုး၊ မိုးကုတ်မြို့ အောင်မြေသုခရပ်နေ ဒေါ်တင်အောင်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၁-၂၀၁၇ ရက် (စနေနေ့) ည ၈း၅၁ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှဝင်း(ခ)ဒေါ်ရီရီမြင့်(ခ)ဒေါ်ရှိစီ

အသက်(၇၃)နှစ်

ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်းသွယ်(၃)၊ အမှတ် (၂၀-R)နေ ဦးသန်းငွေ (ဌာနမှူး၊ အင်ဂျင်နီယာဌာန၊ အဆောက်အအုံ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်နွယ်နီထွန်းတို့၏မိခင်၊ ဒေါက်တာစုမြတ်နိုးနွယ်၏အဘွား ဒေါ်လှလှဝင်း(ခ)ဒေါ်ရီရီမြင့်(ခ)ဒေါ်ရှိစီသည် ၁၉-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာဒေါ်ငွေငွေကြည်(Chairman)**
**ဦးကောင်းမြတ်(CEO)**
**ပင်လုံဆေးရုံမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းသိန်းထွန်း(ခ)ဒေါ်ကြည်ကြည်သိန်း

အသက်(၇၂)နှစ်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သဲတောကြီးနေ (ဦးထွန်း-ဒေါ်ဒေါင်း)တို့၏သမီး၊ (ဦးစံရာ)-ဒေါ်ခင်နု၊ (ဦးစံကျော်-ဒေါ်ကြည်)၊ (ဦးစံပျော်)- ဒေါ်မြသန်း၊ ရဲမှူးကြီးမော်လွင်ထွန်း(ငြိမ်း)-ဒေါ်ခင်မိမိ၊ (ဗိုလ်မှူးကြီးထွန်းလွင်-ဒေါ်ကြည်ကြည်ထွေး)၊ (ဦးသန်းလှိုင်-ဒေါ်ကြည်ကြည်အေး)တို့၏ညီမ၊ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အမက(၁၀)၊ ကျောင်းလမ်း၊ အမှတ် ၃၁/B နေ ဦးဟန်ထွန်း(မန်နေဂျာ၊ ငြိမ်း)၏ ချစ်လှစွာသောဇနီးသည် ၂၀-၁-၂၀၁၇ရက် နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် မင်္ဂလာဒုံ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်၌ တရားတော်နာပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒုရဲမှူးကျော်စိန်ဝင်း(ခ)ကျော်ကြီး (မြောက်ဦး)

ရဲ-၅၆၆၆၊ အပတ်စဉ်(၂၆/၉၆)

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့၊ နေပြည်တော်

အသက်(၅၅)နှစ်

မြောက်ဦးမြို့၊ ဝါဈေးရပ်ကွက်နေ (ဦးမောင်မိုးစိန်-ဒေါ်ဦးဝေ)တို့၏သား၊ (ဦးသာထွန်းဦး-ဒေါ်စောဝေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သပြေရဲရိပ်သာ၊ တိုက်-F ၊ အခန်း ၃၈နေ ဒေါ်ခိုင်ဖဲ၏ချစ်လှစွာသောခင်ပွန်း၊ ဦးသာဖဲ-(ဒေါ်မညွန့်ရီ)၊ ဦးစစ်သာအောင်-ဒေါ်မညွန့်စိန်၊ ဦးအေးကျော်စိန်-ဒေါ်အုံးစံ၊ (ဦးအောင်ကျော်ဝင်း)-ဒေါ်စောမြ၊ ဦးအောင်ကျော်ငြိမ်း၊ ဒေါ်အေးခင်ညွန့်-ဦးကျော်ကျော်ဦး၊(ဒေါ်မသိန်းနွယ်-ဦးလှထွီး)တို့၏ညီ/မောင်၊ ဦးကျော်စိန်မောင်-ဒေါ်တင်တင်ရွှေ၊ ဒေါ်သာနှောင်းအေး-ဒေါက်တာကိုကိုမော်တို့၏အစ်ကို၊ မခိုင်ဖူးပွင့်ကျော်(ပနစ်၊ အင်္ဂလိပ်စာ၊ ဒဂုံတက္ကသိုလ်)၊ မောင်ခန့်နိုင်ထွန်း(G-7 အထက-၂၊ မရမ်းကုန်း)တို့၏ချစ်လှစွာသောဖခင်သည် ၂၁-၁-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဆေးရုံကြီး၌သရဏဂုံတင်ပြီး မွန်းလွဲ ၁း၃၀နာရီတွင် (ခုတင်-၁၀၀၀) ဆေးရုံကြီးအအေးတိုက်မှ ကားများထွက်ခွာပြီး ဥတ္တရသီရိမြို့နယ် ကွေ့ကြီးသုသာန်တွင် ညနေ ၃နာရီ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ရဲ-၅၆၆၆ ဒုရဲမှူးကျော်စိန်ဝင်း

အသက်(၅၅)နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲ-၅၆၆၆ ဒုရဲမှူးကျော်စိန်ဝင်းသည် ၂၁-၁-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့်တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဗိုလ်ကြီးဝင်းထွန်း (ငြိမ်း)

**DSTA 4th Batch**

အင်ဂျင်နီယာမှူး၊ ရေကြောင်းတက္ကသိုလ်

**Managing Driector (Hexagon Co.,Ltd.)**

အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် ၁၀၈နေ ဦးလေးစိန်-ဒေါ်ဖွားစိန်တို့၏သား၊ ဒေါ်ခင်စန္ဒာကျော်၏ခင်ပွန်း၊ မောင်အိမ်နေထွန်း၏ဖခင်သည် ၂၁-၁-၂၀၁၇ရက်(စနေနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၁-၂၀၁၇ရက် (စနေနေ့)နံနက် ၇နာရီမှ နံနက် ၁၁း၃၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်မို (ကျုံပျော်-အင်းရဲ)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ငြိမ်းအိမ်ရာ၊ တိုက် ၉/၁၊ အခန်း ၁၁နေ (ဦးမောင်မြ-ဒေါ်ငွေခင်)တို့၏သမီး၊ (ဦးတင်အေး)၏ဇနီး၊ ဦးလှချို-ဒေါ်တင်အောင်၊ (ဒေါ်မြဝင်း)၊ ဒေါ်လှငွေ ဦးဝင်းသန်း ဒေါ်ခင်ခင်ဝင်း (စက်မှု-၁)၊ (ဦးအေးနိုင်)၊ ဒေါ်ခင်သီတာအောင်(သာသနာရေး)တို့၏မိခင်၊ ဒေါ်မေဇင်ဦး(YESC ၊ လှိုင်)၊ ဦးဇော်ဦးဟန်-ဒေါ်ချိုဇင်ဖြိုး၊ ကိုဖြိုးပိုင်ဦး (Sedona)တို့၏အဘွား၊ မဟန်သီဦး၊ မောင်ဖြိုးစည်သူဟန်တို့၏ဘွားဘွားကြီးသည် ၂၁-၁-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှရွှေ(ခ)ဦးပေါ်ဦး

ပေါ်ဦးတည်းခိုခန်း

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော် ပြည်သာယာ၊ အမှတ် ၉၊ ဆေးရုံလမ်းနေ (ဦးလူသန့်-ဒေါ်ငွေချယ်)တို့၏သား၊ ဒေါ်မြမြအေး၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ကျော်မိုး)၊ (ဦးမျိုးနိုင်)-ဒေါ်ငွေငွေကျော်တို့၏ချစ်လှစွာသောဖခင်၊ မရွှန်းလဲ့နိုင်၊ မောင်အောင်ပြည့်ဖြိုးတို့၏အဘိုးသည် ၂၁-၁-၂၀၁၇ ရက် နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်အေး အသက်(၆၆)နှစ်

အထပြဆရာမ(ငြိမ်း)၊ အထက(၁)ဖြူး၊ ကညွတ်ကွင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက် ၅၊ အခန်း ၃၀၅နေ (ဦးမော်တင်)၏ဇနီး၊ ဦးဇေယျာအောင်(Chief Officer, C.S.L Shipping)-ဒေါ်မီမီတင်အောင်၊ ဒေါ်နေရီအေး(Electricom Pte Ltd)၊ ဒေါ်သီဂီအေး (M.S.F Holland)တို့၏မိခင်၊ မဟန်နွေရည်မွန်၏အဘွားသည် ၂၁-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးသီဟအေးငြိမ်း (ငြိမ်း)

**MSc DSA (43 Intake)**

အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)တိုးချဲ့၊ တော်ဝင်လမ်းနှင့် အင်ကြင်းမြိုင်လမ်းထောင့်၊ အမှတ် ၂၇နေ ဦးအေးငွေ (ကောင်းဆုဝေဆောက်လုပ်ရေး)-ဒေါ်အိငြိမ်းတို့၏သား၊ မန္တလေးမြို့နေ ဦးထင်ကျော်-(ဒေါ်နုနုငွေး)တို့၏သားသမက်၊ ကိုအေးမင်းဝင်း-မစုသွယ်အေးငြိမ်း၊ ကိုအေးငြိမ်းကိုကို-မဆုရတနာတို့၏အစ်ကို၊ မငြိမ်းငြိမ်းစုကျော်၏ခင်ပွန်း၊ မောင်ဘုန်းမြတ်အေးငြိမ်း၏ဖခင်သည် ၂၀-၁-၂၀၁၇ရက်(သောကြာနေ့)ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

**Rev. Bro. Anselm, Balthazer, F.S.C**

**(ဒေလာဆာဂိုဏ်း) (St. Paul)**

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း၊ စိန့်မေရီဘုရားကျောင်းဝင်း၊ အမှတ် ၃၇၂နေ (ယခင် မော်လမြိုင်မြို့၊ အမှတ် ၁၂၊ ရတနာလမ်း၊တည်းကုန်းရပ်ကွက်) နေ (ဦးဘိုးဖေ-ဒေါ်ဘေဘီ)တို့၏သား၊ Cyril Balthazar ၏ညီ၊ Andrew Balthazar ဦးမြင့်အောင်၊ Stanley Balthazar, (Josie Baltazar-Australia) Maud Balthazar, Stephen Balthazar ဦးချစ်ဖေတို့၏အစ်ကို၊ တူ/တူမ ၂၁ယောက်၊ မြေး ၁၆ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည်၂၁-၁-၂၀၁၇ရက်(စနေနေ့)နံနက် ၈း၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် စိန့်မေရီသီဒြယ်ဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(စိန့်မေရီကသီဒြယ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမနှင့်တူ/တူမများ

## ဦးဝင်း

ဆိုင်မန်နေဂျာ၊ ဆိုင်အမှတ်(၁၅)

မြန်မာ့ရေနံ

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁ လမ်း၊ အမှတ် ၉၆၊ ခြောက်လွှာနေ(ဒေါ်ခင်မေထွေး)၏ ချစ်လှစွာသောခင်ပွန်း၊ Sumeet Kahli - ဒေါ်သန်းသန်းဝင်း၊ ဦးဖြိုးသီဟ-ဒေါ်သဲဖြူတို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၁-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၁၀း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်လတ် (ဦးဖိုးသု)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးကိုကိုကြီး - ဒေါ်အမာ)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန် အပိုင်း(၁)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၂၊ အခန်း ၇ (C,D)နေ (ဦးစောလှမောင်)-ဒေါ်သန်းရွှေတို့၏သားသမက်၊ ဒေါ်အေးအေးမြင့်၏ချစ်လှစွာ သောခင်ပွန်း၊ ဒေါ်ဥမ္မာခင်၊ ဦးအောင်စိုးမိုး - ဒေါ်သီတာအောင်၊ မောင်ရဲမင်းထွဋ်-မညီညီ၊ မဇွန်ဝင်းဝါစိုးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၀-၁-၂၀၁၇ရက်(သောကြာနေ့) နံနက် ၈း၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## မုဟမ္မဒ်ဟာနစ်(ခ) ဦးဆန်နီ (မြန်အောင်)

(စိန်ကုန်သည်)

အသက်(၅၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ ဆေးရုံတဲကြီးကုန်းလမ်း၊ အမှတ် ၄၃နေ(ဦးတင့်ဆွေ)-ဒေါ်ညိုတို့၏သား၊ မဒေဇီ၊ မချိုချိုမာ(ရန်ကုန်)တို့၏အစ်ကို၊ မအေးသစ္စာ၏ခင်ပွန်း၊ မသံစဉ်ဦး၏ချစ်လှစွာသောဖခင်သည်၂၀-၁-၂၀၁၇ရက် နံနက် ၆း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဂျုမှအာဆွလားတ်အပြီး ရေဝေးကဗရ်စတာန်သုသာန်သို့ ပို့ဆောင်ဒဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ပျဉ်းမနားမြို့နယ်၊ ပန်းခင်းကွက်သစ်ရပ်ကွက်

စူဠာမဏိ ရန်အောင်မြင်ကျောင်းတိုက်

ပဓာနနာယကဆရာတော်

## ဘဒ္ဒန္တအာဒိစ္စဝံသ

သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ပန်းခင်းကွက်သစ်ရပ်ကွက်၊ စူဠာမဏိရန်အောင်မြင်ကျောင်းတိုက်၊ ဦးစီးပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တအာဒိစ္စဝံသသည် (၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၉ရက်) ၂၁-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၅း၂၀နာရီတွင် စူဠာမဏိရန်အောင်မြင်ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ
နေပြည်တော်

## ဦးမောင်ချမ်း

အသက်(၉၀)

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နေ (ဦးစိန်ဝင်း-ဒေါ်ကျင်ရွှေ)တို့၏သား၊ (ဦးမြင့်အောင်-ဒေါ်အေးကျင်)တို့၏ညီ၊ ဦးခင်မြင့်-ဒေါ်ကျင်အေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၂၃နေ (ဒေါ်စန်းစန်းမြင့်)၏ ခင်ပွန်း၊ ဦးသန်းဦး (အုပ်ချုပ်ရေးမှူး၊ တာမွေစည်ပင်ရုံး)-ဒေါ်သန္တာခိုင် (ပန်းဘဲတန်းစည်ပင်ရုံး)၊ ဦးတင်မောင်ဝင်း-ဒေါ်ကြူဒေါ်မာလာ(ယာ-အုံ)တို့၏ဖခင်၊ မောင်ဖြိုးမင်းပိုင်(Raffle Shipping Co.,)၏အဘိုးသည် ၂၀-၁-၂၀၁၇ရက်(သောကြာနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစောမောင်

(စစ်တွေ/မောင်တော)

(လဝကဦးစီး၊ ငြိမ်း)

အသက်(၈၆)နှစ်

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဦးဥတ္တမလမ်းနေ (ဦးစံထွန်းဦး-ဒေါ်မစောဦး)တို့၏သား၊ မောင်တောမြို့ (၁)ရပ်ကွက်၊ ဒက်ရွာနေ (ဦးမောင်မောင် - ဒေါ်ဂရူမေ)တို့၏သားသမက်၊ ဒေါ်စောခင်၏ခင်ပွန်း၊ (ဦးကျော်ဝင်း)၊ ဦးထွန်းဝင်း(တပ်မတော်-လေ၊ ငြိမ်း)၊ ဒေါ်လှလှမေ(မူအုပ်၊ ငြိမ်း)၊ ဦးလှဝင်း (စက်မှု-၁၊ ငြိမ်း)၊ ဒေါ်မတင်လှ(ခ) ဘူနီ(မူပြ၊ ငြိမ်း)တို့၏အစ်ကို၊ ဦးဦးခင်မောင်၊ ဦးထွန်းလှိုင်-ဒေါ်ခင်အေးမူ၊ ဦးလှမြင့်-ဒေါ်သန်းနွယ်၊ ဒေါ်တင်တင်ဝင်း(ထ-၂၊မောင်တော)၊ ဒေါ်ခင်စောလှ (လဝက၊ စစ်တွေ)၊ ဒေါ်ခင်စောဝေ၊ ဒေါ်ခင်စောထွေး(ခ)မသဲအူ (ဆသရ၊ စစ်တွေ)တို့ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုး၊ မြစ်တစ်ယောက်၏အဖိုးသည် ၂၀-၁-၂၀၁၇ရက်(သောကြာနေ့)ညနေ ၄း၄၅နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိုတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးစိန်လွင်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

တိုင်းဥပဒေရုံး၊ မကွေးတိုင်းဒေသကြီး

အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ(ဦးအုန်းလွင်-ဒေါ်ညွန့်စိန်)တို့၏သား၊ အင်းစိန်မြို့နယ်၊ ရွာမ အရှေ့ရပ်ကွက်၊တကောင်းလမ်း၊အမှတ် ၆၉၀နေ (ဒေါ်အေးအေးမူ)၏ခင်ပွန်း၊ ကိုကျော်သက်ခိုင်(Myanmar Jardine Schindler Ltd)၏ဖခင်၊(ဦးဘစော)-ဒေါ်ခင်ခင်ဦးတို့၏မောင်၊ (ဦးထင်အောင်လွင်)၏ညီ၊ ဦးအေးကျော်-ဒေါ်တင်ချိုလွင်၊ ဦးဝင်းလွင်၊ ဦးသူရိန်-ဒေါ်အေးအေးလွင်တို့၏အစ်ကိုသည် ၂၂-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ၁၀မိုင်၊ စော်ဘွားကြီးကုန်း၊ လေဆိပ်ရိပ်သာလမ်း၊ အမှတ် ၈ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (လေဆိပ်ရိပ်သာလမ်း၊ အမှတ် ၈ နေအိမ်မှကားများနံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၈ လေဆိပ်ရိပ်သာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဉာဏအာဒိစ္စဝံသ

သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

နေပြည်တော်၊ ပျဉ်းမနားမြို့နေ ခမည်းတော် ဦးသွယ်-မယ်တော် ဒေါ်နွဲ့တို့၏သား၊ ပျဉ်းမနားမြို့၊ စူဠာမဏိရန်အောင်မြင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ဘဒ္ဒန္တဉာဏအာဒိစ္စဝံသသည် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၉ရက်) ၂၁-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၅း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်(၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်)၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် စံကျောင်းတိုက်သို့ပင့်ဆောင်၍ အန္တိမ ဈာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေလာဆာ(လ်)ဘရာသ(ရ်)ကြီး

**Anslem Balthazar**

သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၇)ဝါ

စိန့်မေရီကယ်သီဒရယ်၊ဒေလာဆာလ်ဘရာသာ(ရ်)စိန်ပေါ(လ်) Community နေ ဒေလာဆာ(လ်)ဘရာသ(ရ်)ကြီး Anslem Balthazar သည် ၂၁-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၈း၁၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ဈာပနမစ္ဆားတရားတော်ကို ၂၃-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် စိန့်မေရီကယ်ဒီဒရယ်၌ကျင်းပမည်ဖြစ်ပြီး မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## M.VEMAA RAO(ခ)ဦးရွှေဘ

**B.Com. Calaultta, Astnologer**

ကုန်သွယ်ရေးမန်နေဂျာ(ငြိမ်း)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ဆိပ်ကမ်းသာလမ်း၊အမှတ် ၁၃၄/၁၃၆ နေ ဒေါ်ညွန့်ရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးသက်လွင်-ဒေါ်ဟန်ထွန်း၊ MR. BRAIN -ဒေါ်ခင်သီတာ၊ဦးကျော်ဖုန်း-ဒေါ်အေးအေးအောင်၊ သုမ္မမဏိဇောတရေ ဦးသန်းငွေ(ခ)JACK -ဒေါ်မူမူသိန်းတို့၏ဖခင်၊ မဆိုနီယာ၊ မောင်ကျော်မင်းအောင်၊ မောင်ကျော်ဝင်းငွေ၊ မောင်ဘုန်းမင်းအောင်၊ မောင်ခန့်ဘုန်းအောင်၊ မောင်ခန့်ဟိန်းနိုင်တို့၏အဘိုးသည် ၂၁-၁-၂၀၁၇ရက်(စနေနေ့)နံနက် ၁၀း၂၈ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက်၁၁း ၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်ကြည်(ခ)ဦးဟုတ်ကြည် (မန္တလေး)

**1973-79 (Mech.)**

အသက်(၆၁)နှစ်

မန္တလေးမြို့နေ (ဦးအုံကြီး-ဒေါ်သန်းသန်းငွေး)တို့၏ချစ်လှစွာသောသား၊ အမေရိကန်နိုင်ငံ(New York)မြို့နေ ဦးသိန်းထွန်း(ခ)ဦးဘန်ဟိန်း- ဒေါ်ကြည်ကြည်တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I City, H-47နေ ဒေါ်ဇင်မာထွန်း(ခ)ဇင်ဇင်ဦး၏ချစ်လှစွာသောခင်ပွန်း၊ အမေရိကန်နိုင်ငံ (New York)မြို့နေ မောင်ဝင့်ခန့်ခိုင်(ခ)Kelvin ၊ မောင်စွမ်းထက်အောင်(ခ)Kenny တို့၏ချစ်လှစွာသောဖခင်သည် ၁၉-၁-၂၀၁၇ရက် ဟောင်ကောင်နိုင်ငံ ဒေသစံတော်ချိန် ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၇ရက်တွင် ဟောင်ကောင်နိုင်ငံ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၁-၂၀၁၇ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဇွဲစုံသာသနာရာမကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်အေးသက်

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သုံးခွမြို့နယ်၊ မင်းရွာနေ (ဦးဘိုကြီး-ဒေါ်စောလှ)၊ လယ်ဝေးမြို့နယ်၊ ကြို့ပင်ကြီးကျေးရွာနေ (ဦးမြင့်-ဒေါ်ဖုန်း)တို့၏မြေး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း ၈လမ်း၊ အေးရိပ်ငြိမ်၊ အမှတ် ၃၅၈နေ (ဦးတင်မောင်-ဒေါ်တင်တင်)တို့၏သမီး၊ ဦးမြင့်ရွှေသက်-ဒေါ်ညိုတို့၏ညီမ၊ ဒေါ်ခင်ခင်အေးသက်၏အစ်မ၊ မသရဖီသက်၏ အဒေါ်သည် ၂၀-၁-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၇ရက် (သောကြာနေ့)နံနက်တွင် နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း ၈လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရှုလွှမ်

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၄ လမ်း၊ အမှတ် ၉၈နေ(ဦးကြီးစွန်)၏ဇနီး၊ (ဦးတန်အိမ်ဟုတ်-ဒေါ်ရှော့ဝါ)၊ (ဦးကျော်ရှိန်)-ဒေါ်တင်တင်နွယ်၊ (ဦးညွန့်တင်-ဒေါ်ရှော့ခွန်)၊ (ဦးမောင်မောင်)-ဒေါ်စိုးစိုး၊ဦးသိန်းထွန်း-ဒေါ်ကြူကြူ၊ ဦးစိန်ဟုတ်-ဒေါ်လှကြည်(USA)၊ ဒေါ်မြင့်မြင့်၊ ဒေါ်လှလှရီ၊ ဒေါ်နီနီ၊ ဦးကျော်ငွေးတို့၏မိခင်၊ မြေး ၂၀၊ မြစ် ၁၁ယောက်တို့၏အဘွားသည် ၂၁-၁-၂၀၁၇ရက် (စနေနေ့)မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီ ရန်ကုန်မြို့၌ သတင်းစာရှင်းလင်းပွဲပြုလုပ်



**ရန်ကုန် ဇန်နဝါရီ ၂၁**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီသည် ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မစ္စ ရန်ဟီလီက ၎င်း၏ခရီးစဉ်အတွင်း နေပြည်တော်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ရေးရာကော်မတီများအပါအဝင် တာဝန်ရှိသူ အဆင့်ဆင့်နှင့် တွေ့ဆုံခဲ့ကြောင်း။

ထို့အပြင် ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့အတွင်းရှိ အရပ်ဘက် လူမှုရေး အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ IDP စခန်းများသို့ သွားရောက်လေ့လာခြင်း၊ မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ရှိ

*စာမျက်နှာ ၅ ကော်လံ ၁* ❁

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂)တွင် ရှမ်းယူနိုက်တက် နိုင်ပွဲဆက်

**ရန်ကုန် ဇန်နဝါရီ ၂၁**

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်းနှင့်ပုသိမ်ကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက် နိုင်ပွဲဆက်ခဲ့ပြီး ရောဝတီနှင့် မကွေး သရေကျခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရှမ်းယူနိုက်တက် အသင်းက GFA အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အကောင်းဆုံးပုံစံ မရသေးသော်လည်း နှစ်ပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့သည်။ ပထမပိုင်းတွင် ဂိုးစပေးခဲ့ရသောကြောင့် အမှတ်ပြည့်ရရန် ရှမ်းယူနိုက်တက်အသင်း ရုန်းကန်ခဲ့ရသော်လည်း ဒုတိယပိုင်းသွင်းဂိုးများကြောင့် နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။ တန်းတက် GFA အသင်းသည် နှစ်ပွဲဆက်ရှုံးခဲ့သော်လည်း အသင်းကြီးများကို အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦး အပါအဝင် ပြည်တွင်းကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး GFA အသင်းမှာလည်း လူစုံအသုံးပြုခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် လူစုံ ပါဝင်လာသော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရသည်။ GFA အသင်းသည် တန်ပြန်တိုက်စစ်ဖြင့် အဓိကကစားခဲ့ပြီး ရရှိခဲ့သည့် ဂိုးမှာလည်း တန်ပြန်တိုက်စစ်မှတစ်ဆင့် သွင်းယူခဲ့သည်။

*စာမျက်နှာ ၁၄ ကော်လံ ၅* ❍



ရှမ်းယူနိုက်တက် တိုက်စစ်မှူး ခရစ္စတိုဖာ GFA နောက်တန်းသို့ ထိုးဖောက်နေစဉ်



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်

စာမျက်နှာ » ၃

**ယနေ့ မာတိကာ**

အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ(အကြို) လူထုတွေ့ဆုံ
စာမျက်နှာ » ၄

ဒေါ်နယ်ထရန့် ကျမ်းကျိန်ပွဲပြီးနောက် ဆန္ဒပြသူ ၉၅ ဦးအား ဖမ်းဆီး



စာမျက်နှာ » ၁၀



ဆန်းဒေးကာတွန်း၊ စာမျက်နှာ» ၁၆-၁၇

